မြတ်ဗုဒ္ဓ၏အဆုံးအမတရား

တစ်ခဲနက်ဖြစ်သော ကျောက်တောင်သည် အရပ်လေးမျက်နှာမှ လာသောလေကြောင့် မတုန်မလှုပ်သကဲ့သို့ ပညာရှိတို့သည် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့်မတုန်လှုပ်ကုန်။

ဓမ္မပဒ

# မြဝတီ နေ့စဉ်

တိုင်းပြည်၏စတုတ္ထမဏ္ဍိုင်ကို ဖော်ဆောင်ပေးသည် မြဝတီ

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၆၆)

၁၃၈၈ ခုနှစ်၊ ပဌမဝါဆိုလဆန်း ၉ ရက်
၂၀၂၆ ခုနှစ်၊ ဇွန် ၂၃ ရက်၊ အင်္ဂါနေ့


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ဘင်းမ်စတက်အတွင်းရေးမှူးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံ

**ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများအချင်းချင်း၊ ပြည်သူများအချင်းချင်းဆက်ဆံရေးနှင့် ကူးလူးဆက်ဆံမှုများ ကောင်းမွန်အောင်မြှင့်တင်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး**



နေပြည်တော် ဇွန် ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ဘင်းမ်စတက်အတွင်းရေးမှူးချုပ် H.E. Mr. Indra Mani Pandey ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ၏ ဧည့်ဆောင်တော်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့်တာဝန်ရှိသူတို့တက်ရောက်ကြပြီး ဘင်းမ်စတက်အတွင်းရေးမှူးချုပ်နှင့်အတူ တာဝန်ရှိသူတို့ တက်ရောက်ကြသည်။ **စာမျက်နှာ ၅ ကော်လံ ၁**☆

ရင်းရင်းနှီးနှီးနှုတ်ဆက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဘင်းမ်စတက်အတွင်းရေးမှူးချုပ် H.E. Mr. Indra Mani Pandey အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

## နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် Phoenix သတင်းဌာန၏ တွေ့ဆုံမေးမြန်းမှုအား လက်ခံဖြေကြား



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်၏ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်ရောက်ရှိနေစဉ်အတွင်း Phoenix သတင်းဌာန၊ Phoenix TV မှ Ms. Liu Meixi ၏ တွေ့ဆုံမေးမြန်းမှုများကို ဇွန်လ ၁၉ ရက်က လက်ခံဖြေကြားခဲ့သည်။ ထိုသို့ Phoenix သတင်းဌာန၏ မေးမြန်းမှုအပေါ် နိုင်ငံတော်သမ္မတက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်များကို ဖော်ပြအပ်ပါသည်–

**တွေ့ဆုံမေးမြန်းသူ။ ပထမဆုံးအနေနဲ့ သမ္မတကြီးကို အခုလိုသာယာလှပတဲ့ ဟန်ကျိုးမှာ ကျွန်မမေးမြန်းခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်မအနေနဲ့ နိုင်ငံတကာမီဒီယာတွေမှာ သမ္မတကြီးပြောဆိုခဲ့တဲ့ မိန့်ခွန်းတွေ၊ ပြောဆိုမှုတွေ၊ ဖြေကြားမှုတွေကိုလေ့လာတွေ့ရှိရပါတယ်။ ပထမဆုံးမေးချင်တဲ့ မေးခွန်းလေးကတော့ ဒီမီဒီယာတွေမှာ ပြောဆိုမှုတွေနဲ့ပတ်သက်ပြီး သမ္မတကြီးက တိုင်းပြည်အပေါ် စေတနာထားသူ၊ တိုင်းပြည်အတွက် လက်ရှိကာလမှာရော၊ နောင်အနာဂတ်မှာပါ တိုင်းပြည်ကောင်းအောင် အဓိကဦးစားပေးပြီး စေတနာထား ဆောင်ရွက်ချင်တဲ့ နိုင်ငံရေးပညာရှင်တစ်ဦးဖြစ်ပါတယ်။ ဒီမှတ်ချက်ပေးမှုနဲ့ပတ်သက်ပြီး သမ္မတကြီး အနေနဲ့ ဘယ်လိုမြင်ပါသလဲရှင့်။** **စာမျက်နှာ ၁၁ ကော်လံ ၁** ❐

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် Phoenix သတင်းဌာန၏ တွေ့ဆုံမေးမြန်းမှုအား လက်ခံဖြေကြားစဉ်။

## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဇွန် ၂၃ ရက်)

# ရာသီသဘာဝကောင်းမွန်ရေး သစ်ပင်စိုက်ပျိုးပေး

တပ်မတော်သည် မိမိနိုင်ငံနှင့်မိမိပြည်သူတို့၏ အကျိုးစီးပွားကို အစဉ်အလေးအနက်ထားဆောင်ရွက်လျက်ရှိသည်။ ပြည်သူလူထု၏ လူမှုစီးပွားမြင့်မားတိုးတက်ရေးအတွက် အစဉ်ရှေးရှုဆောင်ရွက်လျက်ရှိရာတွင် သစ်ပင်စိုက်ပျိုးပွဲများကျင်းပခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ မြန်မာနိုင်ငံအပါအဝင် နိုင်ငံအားလုံးသည် ရာသီဥတုပြောင်းလဲမှုဒဏ်ကို ဆိုးရွားစွာခံစားနေကြရသည်။ ရာသီဥတုဖောက်ပြန်မှုများကြောင့် လူသားတို့၏လူနေမှုဘဝများမှာ မိုးရာသီတွင် ပြင်းထန်သောမိုးရွာသွန်းခြင်းနှင့်ကြုံတွေ့ရခြင်း၊ နွေရာသီတွင် ပြင်းထန်သောအပူချိန်ကိုခံစားရခြင်း၊ ဆောင်းရာသီတွင် အေးမြရမည့်အစား အအေးဓာတ်များလျော့နည်းလာခြင်း စသည်တို့ကြုံတွေ့နေရသည်။ ရာသီဥတုဖောက်ပြန်မှုကို ကာကွယ်ရန်အတွက် လိုအပ်ချက်မှာ သဘာဝပတ်ဝန်းကျင်ကို သာယာအောင်ထိန်းသိမ်းပြုပြင်စောင့်ရှောက်ပေးခြင်းသည်လည်း နည်းလမ်းတစ်ခုအဖြစ်ပါဝင်လျက်ရှိသည်။

ထို့ကြောင့် တပ်မတော်အနေဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ သစ်ပင်စိုက်ပျိုးပွဲတော်များကို မိုးရာသီ၌ နှစ်စဉ်ကျင်းပလျက်ရှိသည်။ သစ်ပင်စိုက်ပျိုးမည့်နေ့တွင် တိုင်းစစ်ဌာနချုပ်နယ်မြေများရှိ တပ်ရင်း/တပ်ဖွဲ့များသည်လည်း အားလုံးတစ်ပြိုင်တည်းစုပေါင်းသစ်ပင်စိုက်ပျိုးကြသည်။ တပ်မတော်သည် စည်းကမ်းစနစ်ကျစ်လျစ်ခိုင်မာစွာဖွဲ့စည်းထားသည့်အတွက် ရည်မှန်းချက်လုပ်ငန်းမှန်သမျှ အောင်မြင်ပြီးမြောက်အောင်လုပ်ဆောင်ကြရသည်။ သစ်ပင်စိုက်ပျိုးရာတွင်လည်း တစ်ပင်စိုက် တစ်ပင်ရှင်သန်အောင်စိုက်ပျိုးကြရသည်။

မြန်မာနိုင်ငံအတွင်းသို့ အနောက်တောင်မုတ်သုံလေသည် ဇွန်လ ၄ ရက်မှစတင်၍ တစ်နိုင်ငံလုံးကို လွှမ်းခြုံထားပြီးဖြစ်သည်။ မိုးဦးကာလဖြစ်သည့်အတွက် အနောက်တောင်မုတ်သုံလေအားကောင်းသည်။ သစ်ပင်စတင်စိုက်ပျိုးရန် အချိန်ကောင်း အခါကောင်းဖြစ်သည်။ သစ်ပင်မစိုက်ပျိုးမီ စိုက်ပျိုးမည့်မြေနေရာကို စနစ်တကျမြေပြုပြင်ကြရသည်။ မြေအစိုဓာတ်လုံလောက်စွာရရှိမှ သစ်ပင်ရှင်သန်ဖြစ်ထွန်းမည်ဖြစ်၍ မြေအစိုဓာတ်ရရှိအောင်ဆောင်ရွက်ကြရသည်။ စိုက်ပျိုးရာတွင်လည်း စိုက်ပျိုးနည်းစနစ်မှန်ကန်မှုတို့ဖြင့် စုပေါင်းညီညာပျော်ပျော်ရွှင်ရွှင်သစ်ပင်စိုက်ပျိုးကြရမည်ဖြစ်သည်။

သစ်ပင်စိုက်ပျိုးခြင်းမှာ ထာဝရကုသိုလ်ရရှိမှုတွင်ပါဝင်သည့်အတွက် ကုသိုလ်လည်းရ ပျော်စရာလည်းကောင်းသည့် စည်းလုံးညီညွတ်မှုဖြစ်သည်။ မိမိတို့စိုက်ပျိုးထားသော သစ်ပင်၊ ပန်းမန်ရှင်သန်မှုကိုကြည့်၍ ကြည်နူးခြင်းဖြစ်ကြသည်မှာ ဓမ္မတာဖြစ်သည်။ **သစ်ပင်နည်းလာတို့ကမ္ဘာ လွန်စွာပူအေးဥတုဘေး** ဆိုသည့်အတိုင်း အပူအအေးမျှတ၍ ရာသီဥတုကောင်းမွန်စေရန် သစ်ပင်များကို စိုက်ပျိုးကြရခြင်းဖြစ်သည်။ မိမိတို့ပြုလုပ်သောကုသိုလ်ကောင်းမှုသည် မိမိတို့ကိုယ်တိုင်အကျိုးခံစားချင်မှခံစားရမည်ဖြစ်သော်လည်း ဤသစ်ပင်များရှင်သန်သည့်အခါ နောင်လာမည့်မျိုးဆက်သစ်များအတွက် အေးမြသောအရိပ်နားခိုဖွယ်ရာဖြစ်လာပေမည်။ သစ်ပင်ဟုဆိုရာတွင် စားပင်၊ သီးပင်၊ လေကာပင်ဟူ၍ အမျိုးမျိုးရှိပေရာ အားလုံးသည် လူသားတို့အတွက်ကောင်းကျိုးကိုပေးခြင်းဖြစ်၍ ကြည်နူးဖွယ်ကောင်းလှသည်။

ရှေးကမိဘဘိုးဘွားတို့ သစ်ပင်များစိုက်ပျိုးခဲ့၍ ယခုလက်ရှိသားသမီးများခံစား၊ စံစားကြရသည်။ ထို့အတူ ယခုသားသမီးတို့က စိုက်ပျိုးသောသစ်ပင်များမှာ နောင်လာမည့်မြေးမြစ်တို့ခံစားကြရမည်ဖြစ်သည်။ ဤသို့အားဖြင့် တပ်မတော်သားတို့သည် ရာသီဥတုကောင်းမွန်မျှတရေးအတွက် သစ်ပင်များကို ပြုစုပျိုးထောင်စိုက်ပျိုးကြသည်မှာ ကောင်းမွန်သောဆောင်ရွက်ချက်ဖြစ်သည်။ သစ်ပင်သစ်တောများသည် ရာသီဥတုပြောင်းလဲမှုအား ထိန်းညှိခြင်း၊ လေထုအတွင်းမှ ကာဗွန်စုပ်ယူသိုလှောင်ခြင်း၊ ရေ၊ လေသန့်စင်ခြင်း၊ မြေတိုက်စားမှုမြေပြိုမှုများမှ ကာကွယ်ခြင်း၊ လေမုန်တိုင်းတိုက်ခတ်ခြင်း၊ ရေကြီးခြင်း၊ မြေပြိုခြင်းအပါအဝင် သဘာဝဘေးအန္တရာယ်များမှကာကွယ်ပေးခြင်း စသည့်ငွေကြေးဖြင့်တန်ဖိုးမဖြတ်နိုင်သော ပတ်ဝန်းကျင်ထိန်းညှိမှုဆိုင်ရာဝန်ဆောင်မှုများကိုလည်း ပံ့ပိုးပေးသည်။ ထို့ပြင် ဒီရေတောများသည်လည်း လေပြင်းမုန်တိုင်းများနှင့်ဆူနာမီရေလှိုင်းများ၏ အန္တရာယ်မှလျော့ကျစေရန် ကာကွယ်ပေးခြင်း၊ မြေပေါ်နှင့် မြေအောက်ရေချိုအရင်းအမြစ်များအတွင်း ရေငန်ဝင်ရောက်ခြင်းနှင့် ကမ်းခြေဒေသနှင့် မြစ်ဝကျွန်းပေါ်ဒေသရှိ မြစ်ချောင်းကမ်းပါးများရေတိုက်စားပြီး မြေပြိုမှုအန္တရာယ်တို့မှလည်း ကာကွယ်ပေးခြင်းကို ဝန်ဆောင်မှုပေးလျက်ရှိသည်။

နိုင်ငံတော်အနေဖြင့် ချမှတ်ထားသည့်မူဝါဒနှင့်အညီ သစ်တောပြုန်းတီးမှုလျော့ကျစေရေးနှင့် သစ်တောဖုံးလွှမ်းမှုကို နိုင်ငံ့ဧရိယာ၏ ၅၀ ရာခိုင်နှုန်းပြည့်မီစေရေးအတွက် ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများကို နိုင်ငံ့ဧရိယာ၏ ၂၆ ဒသမ ၁၁ ရာခိုင်နှုန်းနှင့် ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရန်အတွက် သဘာဝနယ်မြေ ၆၂ ခု၊ နိုင်ငံ့ဧရိယာ၏ ၆ ဒသမ ၅၉ ရာခိုင်နှုန်းထိ တိုးမြှင့်တည်ထောင်ဖွဲ့စည်းနိုင်ခဲ့ပြီဖြစ်ကြောင်း သိရှိရသည်။ ယခုနှစ် ၂၀၂၆ ခုနှစ်မှာလည်း တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် နိုင်ငံပိုင်သစ်တောစိုက်ခင်းများအပါအဝင် ဧကပေါင်း သုံးသောင်းကျော်၌ အပင်ပေါင်း ၂၁ သန်းကျော် စိုက်ပျိုးသွားမည်ဖြစ်ပေရာ ဤရည်မှန်းချက်ပြည့်မီရေးအတွက် တပ်မတော်သားတို့သည်လည်း ပါဝင်ဆောင်ရွက်နေကြပြီဖြစ်သည်။

အနှစ်ချုပ်ဆိုရသော် တပ်မတော်သည် နိုင်ငံတော်ကချမှတ်ထားသော **“နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့”** ဟူသည့်မူဝါဒနှင့်အညီ သစ်ပင်များစိုက်ပျိုးခြင်းကိုလည်း တက်တက်ကြွကြွပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း။ ။

# ဥပဒေအသိပညာပြန့်ပွားရေးဆရာဖြစ်သင်တန်းဖွင့်လှစ်

သာယာဝတီ ဇွန် ၂၂

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဥပဒေအသိပညာပြန့်ပွားရေးဆရာဖြစ်သင်တန်းဖွင့်ပွဲကို ဇွန်လ ၂၂ ရက်တွင် ကျင်းပသည်။

သင်တန်းတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ၊ လောင်းကစားဥပဒေ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေ၊ ပြည်သူ့စစ်မှုထမ်းဥပဒေ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ စသည့်ဥပဒေဆိုင်ရာဘာသာရပ်များကို သင်ကြားပို့ချပေးမည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ သာယာဝတီမြို့နယ်မှ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ၆၉ ဦး တက်ရောက်ကြကာ သင်တန်းကာလမှာ ဇွန်လ ၂၂ ရက်မှ ၂၆ ရက်ထိဖြစ်ကြောင်း သိရသည်။

**သန့်ဇော် (ပြန်/ဆက်)**

# ငဖဲမြို့နယ်၌ လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကျင်းပ

ငဖဲ ဇွန် ၂၂

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ပြည်သူ့စာကြည့်တိုက်ခန်းမ၌ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနနှင့်ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ဇွန်လ ၂၁ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ငဖဲမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယုယုသိန်းက ကျောင်းသား၊ ကျောင်းသူများအသိပညာဗဟုသုတတိုးပွားစေရန်နှင့်စာဖတ်ရှိန်မြှင့်တင်ရန် အသိပညာပေးဟောပြောပွဲနှင့် ပြပွဲများကျင်းပရခြင်းဖြစ်ကြောင်း ဆွေးနွေးပြောကြားပြီး ဒုတိယဦးစီးမှူး ဒေါ်ဥမ္မာကျော်က လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်၊ မူးယစ်ဆေးဝါးသုံးစွဲရခြင်း အကြောင်းရင်းများ၊ ကျောင်းသားလူငယ်များ သိရှိလိုက်နာသင့်သည့်အချက်များနှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းဖြင့် ရရှိလာမည့် ဆိုးကျိုးများကို အသိပညာပေးပြောကြားသည်။

ဆက်လက်၍ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ လူမှုဝန်ထမ်း-၃ ဒေါ်နှင်းနွယ်အောင်က မြန်မာအမျိုးသမီးများနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာထိန်းသိမ်းစောင့်ရှောက်ရေး၊ အမျိုးသမီးများအကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ငဖဲမြို့နယ် ပြည်သူ့စာကြည့်တိုက်တွင် ပြသထားရှိသော မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်နှင့် မှတ်တမ်းဓာတ်ပုံများ၊ လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေးဆိုင်ရာအသိပညာပေးနံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြကြောင်း သိရသည်။

**မယု(ငဖဲ)**

# နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ဆေးကုသမှုဆောင်ရွက်

စစ်ကိုင်း ဇွန် ၂၂

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ မြန်မာ့စီးပွားရေးဘဏ်၌ ပင်စင်လာရောက်ထုတ်ယူသည့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းလုပ်ငန်းကို ဇွန်လ ၂၂ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပင်စင်လာရောက်ထုတ်ယူသည့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ခရိုင်ပြည်သူ့ဆေးရုံကြီးမှ ဆရာ၊ ဆရာမများက သွေးပေါင်ချိန်တိုင်းခြင်း၊ ဆီးချို သွေးချိုစစ်ဆေးပေးခြင်း၊ လိုအပ်သည့်ဆေးဝါးများပံ့ပိုးပေးခြင်းတို့ ဆောင်ရွက်ပေးသည်။ ဆက်လက်၍ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတာဝန်ရှိသူများက အာဟာရဆန်ပြုတ်များတိုက်ကျွေးခြင်းနှင့် ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးဆီများဈေးနှုန်းချိုသာစွာ ရောင်းချပေးခြင်းတို့ဆောင်ရွက်ပေးရာ စစ်ကိုင်းခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စိုးစိုးအိနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကာ လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

**နေလင်းအောင်(ပြန်/ဆက်)**

## သဇင်(FM)အသံလွှင့်အစီအစဉ်

၂၃-၆-၂၀၂၆(အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၀၈:၀၀ | နှလုံးသားဝယ် ဘုရားတည် |
| ၂။ | ၁၁:၅၀ | လှပကျန်းမာ |
| ၃။ | ၁၄:၅၀ | Speech On Air |
| ၄။ | ၁၆:၀၀ | တပ်မတော်စာတိုက်ခန်း |
| ၅။ | ၁၇:၀၀ | ထင်ရှားကျော်ကြား ပုဂ္ဂိုလ်များ |
| ၆။ | ၂၁:၂၀ | Memory Box |

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၆၇-၇၃၉၉၈၊ ဖက်စ် ၀၆၇-၇၃၉၉၉/၀၆၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၆၇-၇၄၀၀၆၊ ၀၆၇-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၆၇-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၆၇-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ရုပ်မြင်သံကြားနှင့်အသံလွှင့်လုပ်ငန်းများကြီးကြပ်မှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ




**နေပြည်တော် ဇွန် ၂၂**

ပြန်ကြားရေးဝန်ကြီးဌာန ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများကြီးကြပ်မှုအဖွဲ့ (Broadcasting Governming Body – BGB) ညှိနှိုင်းအစည်းအဝေး (၁/၂၀၂၆) ကို ယနေ့ မွန်းလွဲပိုင်းတွင် ဝန်ကြီးရုံးစုဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းက ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများကြီးကြပ်မှုအဖွဲ့ကို ၂၀၁၃ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပါကြောင်း၊ ရုပ်သံလွှင့်လုပ်ငန်းဆောင်ရွက်ခွင့်ရရှိကြပြီးဖြစ်သည့် ပုဂ္ဂလိကကုမ္ပဏီများအနေဖြင့် အွန်လိုင်းမီဒီယာကိုလည်း တစ်ပါတည်းခွင့်ပြုမိန့်ရရှိထားခြင်းဖြစ်ရာ မူရင်းရုပ်သံထုတ်လွှင့်မှုအပြင် အွန်လိုင်းမီဒီယာကိုလည်း တည်ဆဲဥပဒေပါအချက်များ၊ စာချုပ်ပါအချက်များ၊ အခါအားလျော်စွာထုတ်ပြန်သည့် ညွှန်ကြားချက်များ ၊ ကျင့်ဝတ်များနှင့်အညီ လိုက်နာဆောင်ရွက်ကြစေလိုပါကြောင်း ၊ ခွင့်ပြုချက်မရှိဘဲထုတ်လွှင့်နေကြသည့် အွန်လိုင်းမီဒီယာလုပ်ငန်းများကိုလည်း မှတ်ပုံတင်ပြီး စိစစ်ဆောင်ရွက်နိုင်ရေး၊ လိုအပ်သောညွှန်ကြားချက်များ ထပ်မံထုတ်ပြန်နိုင်ရေးဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲတင့်က ရုပ်သံထုတ်လွှင့်မှုများ အမှားအယွင်းကင်းစေရေးနှင့်ပတ်သက်၍လည်းကောင်း၊ အဖွဲ့ဒုတိယဥက္ကဋ္ဌ အမြဲတမ်းအတွင်းဝန်နှင့်မြန်မာ့အသံနှင့်ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ်တို့က ရုပ်သံထုတ်လွှင့်နေမှုများနှင့်ပတ်သက်၍ လည်းကောင်း ၊ တာဝန်ရှိသူများက စက်မှုပိုင်း၊ ရုပ်မြင်ပိုင်း၊ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဆိုင်ရာများနှင့်ပတ်သက်၍လည်းကောင်း ဆွေးနွေးပြောကြားကြသည်။

ထို့နောက် တက်ရောက်လာကြသော ရုပ်သံလွှင့်ကုမ္ပဏီများနှင့် FM ရေဒီယိုများမှ တာဝန်ရှိသူများက ဆွေးနွေးတင်ပြကြပြီး ကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်းသိရသည်။ **မြဝတီ**

# ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေး



**နေပြည်တော် ဇွန် ၂၂**

ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်သည့်အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ဆောက်လုပ်ရေးဝန်ကြီးဌာန စုဝေးခန်းမ၌ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်း၊ ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ CPU အဖွဲ့ဝင်များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌတို့က အဖွင့်အမှာစကားပြောကြားကြပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ တာဝန်ရှိသူများက အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာများနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဆိုင်ရာများကို ရှင်းလင်းဆွေးနွေးကြရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးတိုးရီသည် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) များနှင့်တွေ့ဆုံပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ၏လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့်အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များ၊ သုံးသပ်တင်ပြချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြဝတီ**

## ၂၂-၆-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** (၆,၉၅၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# အသုံးချစာရင်းရေး၊ စာရင်းကိုင်သင်တန်းဖွင့်



**နေပြည်တော် ဇွန် ၂၂**

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျေးရွာသစ်လှူပ်ရှားမှု စီမံကိန်းကျေးရွာများမှ ကျေးရွာခေါင်းဆောင်များအတွက်ဖွင့်လှစ်သည့် “အသုံးချစာရင်းရေး၊ စာရင်းကိုင်သင်တန်းအမှတ်စဉ် (၁/၂၀၂၆)” သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့်ဒုတိယဝန်ကြီးများ၊ ဌာနမှတာဝန်ရှိသူများသည် ကျေးရွာသစ်လှုပ်ရှားမှုစံပြကျေးရွာ ၂၇ ရွာမှ ကျေးရွာသစ်လှုပ်ရှားမှုကော်မတီခေါင်းဆောင် သင်တန်းသား၊ သင်တန်းသူများက သက်ဆိုင်ရာဒေသအသီးသီး၏စိုက်ပျိုးမွေးမြူရေးရေလိုအပ်ချက်များနှင့်ပတ်သက်သည့် တင်ပြမှုများအပေါ် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကျေးရွာသစ်လှုပ်ရှားမှု စံပြကျေးရွာစီမံကိန်းကို ၂၀၁၅ခုနှစ်မှစတင်၍ ကာလရှည်စဉ်ဆက်မပြတ် ကြိုးပမ်းအကောင်အထည်ဖော်ခဲ့ရာ ယနေ့အထိ စုစုပေါင်းကျေးရွာ ၂၅၀ တွင် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါစီမံကိန်းအား ငွေကြေးအရင်းအနှီးဖြင့် မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် စွမ်းအားမြှင့်မျိုးဖိုများဖြန့်ဖြူးခြင်းစီမံကိန်းမှ ထောက်ပံ့ငွေများအပါအဝင် ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေများ ၊ ငွေကြေးအဝင်အထွက်များနှင့် ပိုင်ဆိုင်ပစ္စည်းကိရိယာများအား စနစ်တကျ မှတ်တမ်းတင်စာရင်းသွင်းပြုစုနိုင်ကြစေရန် ရည်ရွယ်ဖွင့်လှစ်သည့် ယခုသင်တန်းသို့ ကျေးရွာသစ်လှုပ်ရှားမှုစံပြကျေးရွာ ၂၇ ရွာမှ ကျေးရွာသစ်လှုပ်ရှားမှုကော်မတီခေါင်းဆောင် ၈၄ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

**မြဝတီ**

# အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းဖွင့်လှစ်

**နေပြည်တော် ဇွန် ၂၂**

အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၈၄) သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)ရှိ ရတနာခန်းမ၌ကျင်းပသည်။

ဖွင့်ပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးထွန်းထွန်းဝင်းက နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရန်အတွက် ထူးချွန်ထက်မြက်ပြီး အသိဉာဏ်ပညာပြည့်ဝရေးနှင့် အတွေးအခေါ်မှန်ကန်သည့် အသိပညာရှင်၊ အတတ်ပညာရှင် လူ့စွမ်းအားအရင်းအမြစ် အမြောက်အမြားလိုအပ်ကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့် တာဝန်ယူကြရသည့် လုပ်ငန်းကဏ္ဍအလိုက်၊ အဆင့်အလိုက် လုပ်ငန်းများကို စဉ်ဆက်မပြတ် မှန်မှန်ကန်ကန်လုပ်ဆောင်ပြီး နိုင်ငံ့အကျိုးရှေးရှု၍ ပြည်သူလူထုကို အလုပ်အကျွေးပြုနေသည့် စည်းကမ်း၊ စနစ်တကျရှိသော နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းဖြစ်လာစေရန် ယခုသင်တန်းကို ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းသို့ ပညာရေးဝန်ကြီးဌာနမှ သင်တန်းသား ၉၃ ဦး၊ သင်တန်းသူ ၃၈၁ ဦး စုစုပေါင်း ၄၇၄ ဦး တက်ရောက်ကြပြီး သင်တန်းကို ရက်သတ္တငါးပတ်ကြာဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**မြဝတီ**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် ဇွန် ၂၂**

ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန်အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

# ကမ္ဘဖလ

တင့်တယ်

**ယမန်နေ့မှအဆက်**

**စက်သူဌေးသား**

ကျွန်ုပ် ကြိုးစင်ကိုတက်၍ သေရမည့်ရက် နီးကပ်သည်ထက် နီးကပ်လာသောကြောင့် ကျွန်ုပ်၏ဖြစ်စဉ်မှတ်တမ်းကို တရကြမ်းရေးသားရသည်တွင် အဆက်စပ်ကင်းသော ကိုယ်ရေးအဖြစ်အပျက်ကို ချန်လှပ်သင့်သမျှ ချန်လှပ်ထားခဲ့ရခြင်းအားဖြင့် ကျွန်ုပ်နှင့် အသန့်တို့လင်မယားဆက်ဆံရပုံတို့ကို ရှေ့ပိုင်းတွင် ဖော်ပြသင့်သလောက် မဖော်ပြနိုင်ခဲ့ပေ။ ရှေ့ပိုင်း၌ ရေးခဲ့သောအဖြစ်အပျက် လက်စားချေမှုတို့နှင့်လည်း တစ်ဘာသာစီဖြစ်နေသောကြောင့် ရှုပ်ထွေးကုန်မည်စိုး၍ မရေးခဲ့။ ယခုဤကဏ္ဍသို့ရောက်မှပင် ကျွန်ုပ်နှင့် အသန့်၏ခင်ပွန်း ဦးစိန်မောင်တို့ ဆက်ဆံခဲ့ရပုံများကို သီးခြားရေးရပေဦးတော့မည်။

ယခင်က ရေးသားခဲ့ပြီးသည့်အတိုင်းပင် လွန်ခဲ့သော ၁၉၄၇ ခုနှစ်လောက် အချိန်က အသန့်နှင့်ကျွန်ုပ်တို့ ပြန်၍ဆုံစည်းရုံမှုသာမက ဦးဒေါ်န၊ အမိနှင့် မောင်ညိမ်းအောင်တို့တစ်တွေ ရန်ကုန်သို့ ခေတ္တလာခဲ့ကြစဉ်၌ပင် ကျွန်ုပ်တို့နှင့် အသန့်တို့မှာ အတော်ပင်အဆက်အဆံများခဲ့ပေသည်။ အကြောင်းမူကား ဦးစိန်မောင်၏အပေါ်တွင် ကျွန်ုပ်၏ကြွေးများပတ်၍နေသည်ကတစ်ကြောင်းဖြစ်၏။ ဆန်အိတ်သွင်းသောလုပ်ငန်းကို စာချုပ်အတိုင်း ဦးစိန်မောင် မဖြည့်ဆည်းနိုင်လျှင် ခနောင်တိုသို့ လိုက်ကာနားပူရ၏။ ရန်ကုန်၌ ကျွန်ုပ်၏လုပ်ငန်း ဖရိုဖရဲဖြစ်သည်ကိုကား မခံနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် အစိုးရထံ ဆန်သွင်းမည့် စာချုပ်ပျက်ရသည်ထက် ဦးလေး ဦးဒေါ်နက ကျွန်ုပ်အား အလုပ်ကိုမနိုင်နင်းဟု အထင်ခံရမည်ကို ပို၍စိုးရိမ်ပေသည်။ ထို့ပြင် အသန့်တို့လင်မယားနှင့် ပို၍ရင်းနှီးခဲ့ခြင်းမှာကား မောင်ညိမ်းအောင်တို့တစ်စု ရန်ကုန်သို့ တက်လာကြရာတွင် မောင်ညိမ်းအောင်၏ဇနီး အရေးပိုင်သမီးမှာ အသန့်၏ခင်ပွန်း ဦးစိန်မောင်နှင့် ဆွေနီးမျိုးစပ်တော်၍နေသည်ဖြစ်ပေရာ အသန့်တို့ကလည်း ခနောင်တိုမှ ရန်ကုန်ရှိ မောင်ညိမ်းအောင်တို့ထံသို့ ညဥ့်အိပ်ညဥ့်နေလာ၍လည်ပတ်တတ်ကြ၏။ မောင်ညိမ်းအောင်တို့ကလည်း အသန့်တို့ရှိရာ ခနောင်တိုသို့ နှစ်ခေါက်၊ သုံးခေါက်မျှ သွားရောက်လည်ပတ်ခဲ့ကြပေသည်။ ဤသို့ ခနောင်တိုနှင့် ရန်ကုန် အစုန်၊ အဆန် ကူးသန်းဆက်ဆံနေခဲ့ကြရာ၌ ကျွန်ုပ်မှာလည်း တစ်ခါတစ်ခါတွင် အမိကို မျက်ခြည်ပြတ်မခံလိုသောစိတ်ဖြင့် ခနောင်တိုသို့ လိုက်ပါသွားလေ့ရှိခဲ့၏။ အမိကို တန်းတန်းစွဲလိုက်၍နေသည့်အရေးသာမက ကျွန်ုပ်တို့၏ ငွေပင်ငွေရင်းများကို မြှုပ်နှံထားသော ဦးစိန်မောင်၏ စက်နှစ်လုံးကို ကြည့်ရန်လည်းကောင်း၊ ဦးစိန်မောင်စာချုပ်နှင့် အာမခံကာ ဆန်သွင်းဖို့ယူထားသောကိစ္စကို လောဆော်ပေးရန်လည်းကောင်း တစ်ချက်ခုတ်နှစ်ချက်ပြတ်သဘောဖြင့် သွားရောက်ခဲ့ပေသည်။

ဦးစိန်မောင်၊ အသန့်တို့နှင့် ဤကဲ့သို့ ဆက်ဆံခဲ့ရာ၌ လက်ဦးအကြိမ် ဦးစိန်မောင်နှင့် ကျွန်ုပ်ကို အသန့်က ချာချီလမ်းအသိအိမ်တွင် မိတ်ဆက်

**"အသန့်ခမျာမှာလည်း ကြာလေကြာလေ သနားစရာ ဖြစ်၍လာ၏။ ကျွန်ုပ် ရန်ကုန်သို့ရောက်၍ တွေ့ဆုံကြခါစ အခါတွင်မူ ခင်ပွန်းသည် ဂုဏ်ပုပ်မည်စိုးသောကြောင့် ဟန်လုပ်ကာနေခဲ့ရှာသော်လည်း ကျွန်ုပ်နှင့်စီးပွားရေး၌ ထွေးရောယှက်တင် ဆက်ဆံသည်အထိ ရင်းရင်းနှီးနှီး ရှိလာခဲ့သောအခါတွင်ကား ဦးစိန်မောင်ဆိုးသမျှပေသမျှ တို့ကို တိုင်စရာ တန်းစရာရှိလျှင် အသန့်မှာ ကျွန်ုပ်ကိုသာ လျှင် ပုဏ္ဏားတိုင်ထား၍ တိုင်တန်းလေ့ရှိ၏။ သို့သော် ဦးစိန်မောင်မှာ ကျွန်ုပ်မှုမက သိကြားဆင်း၍ ဆုံးမစေကာမူ ရနိုင်မည်လည်းမဟုတ် . . . "**

ပေးစဉ်အခါကပင် ဦးစိန်မောင်မှာ ယစ်ထုပ်ကြီးတစ်ဦးဖြစ်နေသည်ကို တွေ့လျှင်တွေ့ချင်းသိရသောကြောင့် ကျွန်ုပ်၏အတွင်းစိတ်၌ မနှစ်မြို့လှပေ။ ဦးစိန်မောင်ကလည်း အသန့်နှင့်ကျွန်ုပ်တို့ ငယ်စဉ်အခါက တစ်အိမ်တည်းအတူတူ ကြီးပြင်းလာခဲ့ကြရပြီးလျှင် အသန့်မင်္ဂလာဆောင်ခါမှသာ ကွဲကွာခဲ့ကြရသည့်အဖြစ်ကို အမြစ်ကလှန်၍ သိရသောအခါ၌ ကျွန်ုပ်အား များစွာနှစ်လိုသည့် ဟန်အမူအရာမရှိပေ။ သို့သော် ... နှစ်ဦးစလုံးမှာ အသက် ၄၀ အရွယ်သို့ ချဉ်းကပ်နေကြပြီဖြစ်သောကြောင့် တစ်ဦး၏အတွင်းစိတ်ကို တစ်ဦးမသိရအောင် လုံလုံလဲလဲဖုံးဖိနိုင်ကြလျက် ဟန်မပျက်ဆက်ဆံနိုင်ခဲ့ကြပေသည်။

ထိုသို့ဆက်ဆံရာတွင် ဦးစိန်မောင်သည် ကျွန်ုပ်အား မြင်းလောင်းရန်၊ အနီထောင်လောင်းရန် ငွေလိုသောအခါ၌ ငွေကို လွယ်လွယ်ဆွဲ၍ရသော ဘဏ်တစ်ခုအဖြစ်ဖြင့် အသုံးချလို၍ မိတ်ဆွေသဏ္ဌာန်ဖြင့် ဆက်ဆံပေရာ ကျွန်ုပ်ကလည်း ဦးစိန်မောင်၏ ဆန်စက်များကို လက်ကိုင်ရလျှင် ကျွန်ုပ်တို့ ပြုစုပျိုးထောင်စဖြစ်သော ဆန်စပါးလုပ်ငန်း၌ များစွာအကျိုးရှိမည်ဟူသော ရူပက္ခန္ဓာလမ်းစဉ်အတိုင်း ရည်မှန်းချက်ထား၍ အခွင့်အလမ်းကိုကြည့်ကာ မိတ်ဟန်ပြု၍ ဆက်ဆံခဲ့ခြင်းဖြစ်၏။ ကျွန်ုပ်၏ အဦးအဖျား မေတ္တာစိတ်ယိုဖိတ်မိခဲ့သော အသန့် စိတ်ချမ်းသာပါစေ ဟူသောသဘောဖြင့် ပစ္စည်းပျက်စပြုသော ဦးစိန်မောင်ကို ငွေရေးကြေးရေး၌ ကူညီခဲ့ခြင်းလည်းဖြစ်၏။ သို့သော် ကျွန်ုပ်ကိုင်၍နေရသော ငွေလုံးကြေးလုံးမှာ အရင်းစစ်လိုက်ပါက ကျွန်ုပ်ကိုယ်ပိုင်မဟုတ်သေး။ ဦးလေး ဦးဒေါ်န၏ ငွေများသာလျှင် ဖြစ်လေသေးရာ ကျွန်ုပ်မှာ ဘာပင်ပြောပြော မင်းဘဏ္ဍာ ကိုယ့်ဟာမှတ်လို့ တပြုံးပြုံးမလုပ်ဝံ့ဘဲ ဦးဒေါ်နထံသို့ ပဲပိုင်ကမကျန် ခုနှစ်ရက်တစ်ပတ် အမြဲစာရင်းတင်နေရသော ဘဝ၌သာ ရှိသေး၏။ ထို့ကြောင့် မပိုင်ဝက်မွေး ချက်လက်မှတ်စာရွက်၌ လက်မှတ်လေးဘာလေး ထိုးနိုင်ရုံမျှ အခြေဖြစ်သောကြောင့် ကျွန်ုပ်မှာ အသန့်အပေါ်၌ ကျေးဇူးတုံ့ပြန် ပေးဆပ်လိုလျက်နှင့်ပင် မပေးဆပ်သာဘဲ ရှိရပေသည်။

အသန့်ခမျာမှာလည်း ကြာလေကြာလေ သနားစရာဖြစ်၍လာ၏။ ကျွန်ုပ် ရန်ကုန်သို့ရောက်၍ တွေ့ဆုံကြခါစအခါတွင်မူ ခင်ပွန်းသည် ဂုဏ်ပုပ်မည်စိုးသောကြောင့် ဟန်လုပ်ကာနေခဲ့ရှာသော်လည်း ကျွန်ုပ်နှင့်စီးပွားရေး၌ ထွေးရောယှက်တင် ဆက်ဆံသည်အထိ ရင်းရင်းနှီးနှီး ရှိလာခဲ့သောအခါတွင်ကား ဦးစိန်မောင်ဆိုးသမျှပေသမျှတို့ကို တိုင်စရာတန်းစရာရှိလျှင် အသန့်မှာ ကျွန်ုပ်ကိုသာလျှင် ပုဏ္ဏားတိုင်ထား၍ တိုင်တန်းလေ့ရှိ၏။ သို့သော် ဦးစိန်မောင်မှာ ကျွန်ုပ်မှုမက သိကြားဆင်း၍ ဆုံးမစေကာမူ ရနိုင်မည်လည်းမဟုတ်။ ကျွန်ုပ်ထက်ပင် အသက်ကြီးသေးသောကြောင့် ပြောဆိုရမည်ကလည်း ခက်ခဲသဖြင့် အသန့်လာ၍ တိုင်တန်းလျှင် အသန့်ကို စိတ်ကျေချမ်းအောင် ချော့ရမော့ရလျက် ဦးစိန်မောင်နှင့် တွေ့ပြန်သောအခါတွင်ကား သတိပေးစကားတို့ကို သတိပေးရာမရောက်အောင် တစ်နည်းတစ်ဖုံ လှည့်ပတ်ပြောဆိုရပေသည်။

ဤသို့ ဆက်ဆံကာနေခဲ့ရာတွင် ဦးစိန်မောင်သည် အရက်မူးကာ အသန့်အား ရိုက်နှက်ကန်သဖြင့် အသန့်သည် ရန်ကုန် ချာချီလမ်းရှိ မိတ်ဆွေများထံသို့ အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့်ပင် ဆင်းလာခဲ့ဖူး၏။ သို့သော် အရက်မူးပြေသောအခါတွင် ဦးစိန်မောင် ခနောင်တိုမှ လိုက်လာ၍ မရှက်မကြောက် ဒူးထောက်တောင်းပန်ကာ ပြန်၍ခေါ်သဖြင့် အသန့်ခမျာလည်း ဆယ့်ငါးနှစ်တာပေါင်းသင်းလာခဲ့သော လင်မယားဖြစ်သည့်အလျောက် တစ်ကြောင်းမထောက် တစ်ကြောင်းထောက်၍ ခနောင်တိုသို့ ပြန်လည်လိုက်ပါသွားခဲ့၏။ ဤအဖြစ်အပျက်များကို ဖြစ်ပျက်ပြီးနောက် ချာချီလမ်းမှ အသန့်၏ မိတ်ဆွေများ ပြောပြသဖြင့် သိရပေသည်။

ထိုမျှရေးလျှင် ကျွန်ုပ်၏ ၁၉၄၈ ခုနှစ် မေလ အခြေအနေကို သိလောက်ပေပြီ။ အမိတို့ထံမှ စာမှန်မှန်ရ၏။ ကျွန်ုပ်ကလည်း ဦးဒေါ်နထံ လုပ်ငန်းကို အစီရင်ခံသည့်စာနှင့်အတူ အမိထံသို့ စာရေးတတ်သည်။ မှန်မှန်ကားမရေးပေ။ အေးလွန်းအားကြီးလျှင် အထင်တစ်မျိုးပေါက်မည် စိုးသောကြောင့်ဖြစ်၏။ ကျွန်ုပ်ကား ဆယ်သိန်းတန်စည်းစိမ်ကြီးကိုလည်း နီးသည်ထက်နီးနေပြီဖြစ်၍ အပြင်းအထန်မက်မောနေ၏။ အမိကိုလည်း အံ့ပုန်းချစ်ဖြင့် ပူးတစ်ခါ ခွာတစ်လှည့် ဆက်ဆံနေရခြင်းကြောင့် အနီးသို့ကပ်၍ ချစ်ကြည့်မိ၏။ အဝေးမှရော်ရမ်းကာ အမှန်းနှင့်လည်း ချစ်မိ၏။ နှစ်ကာလရှည်လျားစွာ အချစ်ကို မျိုသိပ်ထားခဲ့သည်မှာကား တစ်ခါတစ်ရံ၌ "ဟယ် .... ဘယ်လိုရှိရှိ ဇွတ်အတင်းချစ်ပြီး ဇွတ်ခိုးပြေးမှပဲထင်ပါရဲ့ ..."ဟု အကြံရိုင်းရိုင်းကြံမိ၏။ သို့သော် လက်စားချေရေးကြီးကတစ်ဖက်ဖြစ်နေသဖြင့် အခြေအနေမှာ အထူးသိမ်မွေ့သော အခြေအနေဖြစ်ပေရာ ဇွတ်မလုပ်ဝံ့ပေ။ ဇွတ် တစ်ခုခုလုပ်လိုက်ပါက ခဲလေသမျှ အလဟဿဖြစ်ရမည်ကို ကျွန်ုပ်မြင်၏။ ဦးဒေါ်နကများ ကျွန်ုပ်ကို အမိအား စောင့်ရှောက်ရစ်ပါဟု အပ်ခဲ့လေမလား ထင်သောအခါ ထင်မိ၏။ သို့ရာတွင် မောင်နှမဝမ်းကွဲဟူသော သံကန့်လန့်ကာကြီး ရှေ့ကဆီး၍နေပြန်ပေရာ ဦးဒေါ်နကိုယ်တိုင်ကမူ မည်သို့မျှ အမိနှင့် ကျွန်ုပ်ကို သဘောတူလိမ့်မည်မဟုတ်သည်ကို နားလည်ထားရပေ၏။

**ဆက်လက်ဖော်ပြပါမည်။**

## ကြံခင်းမြို့နယ်၌ ကဗျာရွတ် ပုံပြောနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများကျင်းပ



ကြံခင်း ဇွန် ၂၂

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာမူလတန်းကျောင်းတို့ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ကဗျာရွတ်၊ ပုံပြောနှင့်ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ဇွန်လ ၂၂ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မိုးမြင့်က ပြိုင်ပွဲများကျင်းပရသည့် ရည်ရွယ်ချက်ကိုပြောကြားပြီး ကဗျာရွတ်၊ ပုံပြောနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများကို ကျင်းပရာ ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ထို့နောက် ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြသူများကို တာဝန်ရှိသူများက အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် အသိပညာပေးနံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**

## ညောင်တုန်းမြို့နယ်၌ ငရုတ်သီးစိမ်းများ အရောင်းအဝယ်ကောင်းမွန်နေ

ညောင်တုန်း ဇွန် ၂၂

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ ဒေသထွက်ငရုတ်သီးစိမ်းများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။


ညောင်တုန်းမြို့နယ်၌ ယခုနှစ် ဇွန်လတတိယပတ်မှစ၍ လက်ရှိအချိန်ထိ ငရုတ်သီးစိမ်းများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသတွင် ငရုတ်သီးစိမ်းများပေါ်ချိန်ဖြစ်သဖြင့် ဝယ်လိုအားကောင်းနေခြင်းဖြစ်ကြောင်း သိရသည်။

''ငရုတ်သီးစိမ်းတွေ အရောင်းအဝယ်ကောင်းနေပါတယ်။ ညောင်တုန်းမြို့နယ်မှာ တောင်သူတွေက ငရုတ်သီးစိမ်းအမျိုးအစားနှစ်မျိုးကိုစိုက်ပျိုးပါတယ်။ လက်ရှိ တောင်သူတွေစိုက်ပျိုးထားတဲ့ ငရုတ်သီးစိမ်းတွေပေါ်နေတဲ့အချိန်ဖြစ်ပါတယ်။ အခုလိုငရုတ်သီးစိမ်းတွေပေါ်တဲ့အချိန် အရောင်းအဝယ်ကောင်းမွန်နေတော့ စိုက်တဲ့တောင်သူတွေနဲ့ လယ်ယာလုပ်သားတွေလည်း အဆင်ပြေပါတယ်''ဟုညောင်တုန်းမြို့နယ်မှ ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူဒေါ်ဇာဇာကပြောသည်။

ညောင်တုန်းမြို့နယ်မှ တောင်သူများစိုက်ပျိုးထုတ်လုပ်သည့် ငရုတ်သီးစိမ်းများသည် အရည်အသွေးကောင်းမွန်ပြီး ပိုးမွှားရောဂါကင်းရှင်းကြောင်း သိရသည်။

**သုတကျော်**

# မြန်မာနိုင်ငံအနေဖြင့် လာမည့်နှစ်တွင် ဘင်းမ်စတက်အတွင်းရေးမှူးချုပ်တာဝန်လွှဲပြောင်းရယူ ထမ်းဆောင်ရမည်ဖြစ်ပြီး ဘင်းမ်စတက်အတွင်းရေးမှူးချုပ်တာဝန်ထမ်းဆောင်ချိန်၌ အကောင်းဆုံးဖြစ်အောင်ဆောင်ရွက်သွားမည့်အခြေအနေများ ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေး



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ဘင်းမ်စတက်အတွင်းရေးမှူးချုပ် H.E. Mr. Indra Mani Pandey ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

**❖ ဘင်းမ်စတက်အဖွဲ့ကြီးသည် အဖွဲ့ဝင်နိုင်ငံအချင်းချင်း နိုင်ငံရေးအရဝင်ရောက်စွက်ဖက်မှုမရှိဘဲ ပူးပေါင်းဆောင်ရွက်မှုများကောင်းမွန်သည့်အဖွဲ့ကြီးဖြစ် . . .**

**❖ မိမိတို့အနေဖြင့် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတစ်ခုဖြစ်စေရေး အကောင်းဆုံးဖြစ်အောင်ဆောင်ရွက်ခဲ့ . . .**

★ **ရှေ့ဖုံးမှအဆက်**

ဦးစွာ နိုင်ငံတော်သမ္မတက အဆွေတော်နှင့် ယခုကဲ့သို့တွေ့ဆုံရသည့်အတွက် ဝမ်းမြောက်ကြောင်းနှင့် မြန်မာနိုင်ငံမှ ကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဘင်းမ်စတက်အဖွဲ့တွင် မူလအဖွဲ့ဝင်နိုင်ငံတစ်ခုအဖြစ် ပါဝင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဘင်းမ်စတက်အဖွဲ့ကြီးကို စတင်ဖွဲ့စည်းခဲ့သည်မှာ လာမည့်နှစ်တွင် နှစ် ၃၀ ပြည့်မြောက်တော့မည်ဖြစ်ပြီး အဖွဲ့ကြီးကို ရည်ရွယ်ချက်ကောင်းများဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်ကာ အောင်မြင်မှုမှတ်တမ်းများလည်း များစွာရရှိခဲ့ပြီးဖြစ်ကြောင်း၊ ဘင်းမ်စတက်အဖွဲ့ကြီးသည် အဖွဲ့ဝင်နိုင်ငံအချင်းချင်း နိုင်ငံရေးအရ ဝင်ရောက်စွက်ဖက်မှုမရှိဘဲ ပူးပေါင်းဆောင်ရွက်မှုများ ကောင်းမွန်သည့်အဖွဲ့ကြီးဖြစ်ကြောင်း၊ မိမိအနေဖြင့် သမ္မတအဖြစ် ရွေးကောက်ခံရချိန်တွင် အဆွေတော်အနေဖြင့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့မှုအတွက်လည်း ကျေးဇူးတင်ရှိပါကြောင်းနှင့် မိမိတို့အနေဖြင့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတစ်ခု ဖြစ်စေရေး အကောင်းဆုံး ဖြစ်အောင်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဘင်းမ်စတက်အတွင်းရေးမှူးချုပ်က အဆွေတော်သမ္မတကြီးနှင့် ယခုကဲ့သို့တွေ့ဆုံရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ အဆွေတော်တို့နိုင်ငံတွင်လွတ်လပ်ပြီးတရားမျှတသည့်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်စွာကျင်းပနိုင်ခဲ့မှုနှင့် အဆွေတော်သမ္မတအဖြစ် ရွေးကောက်ခံရမှုအပေါ်တွင်လည်း မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ အဆွေတော်ဦးဆောင်သည့် အစိုးရအနေဖြင့် မြန်မာနိုင်ငံနှင့် ပြည်သူများ၏လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် များစွာဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ အဆွေတော်သမ္မတအဖြစ် တာဝန်ထမ်းဆောင်ချိန်မှစ၍ ပြည်ပနိုင်ငံများသို့ သွားရောက်ခဲ့သည်ကိုတွေ့ရှိရကြောင်း၊ ထိုသို့ပြည်ပခရီးစဉ်များသွားရောက်ခြင်းဖြင့် ဒေသတွင်းဆက်ဆံရေးကိုလည်း ပိုမိုတိုးတက်အားကောင်းလာစေမည်ဟု မိမိအနေဖြင့်ယုံကြည်ပါကြောင်း၊ ယခုအချိန်တွင် မြန်မာနိုင်ငံ၏ အနာဂတ်သည် ပွင့်လင်းလာပြီဖြစ်ပြီး ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများအတွင်း၌လည်း မြန်မာနိုင်ငံအနေဖြင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိကာ ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် နံပါတ် ၁ နေရာတွင်ရှိပါကြောင်း၊ ဘင်းမ်စတက်အဖွဲ့ကြီးအနေဖြင့် မကြာမီကာလအတွင်း ဦးဆောင်အစည်းအဝေးများနှင့် အခြားသောလှုပ်ရှားမှုများစွာကို ဆောင်ရွက်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဆွေးနွေးပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံအနေဖြင့် ဘင်းမ်စတက်အဖွဲ့အတွင်း အပြည့်အဝပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများတွင်ပါဝင်သည့် ကုန်းတွင်းပိတ်နိုင်ငံများဖြစ်သော နီပေါနိုင်ငံနှင့်ဘူတန်နိုင်ငံတို့၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်သင့်သည့်အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် လာမည့်နှစ်တွင် ဘင်းမ်စတက်အတွင်းရေးမှူးချုပ်တာဝန် လွှဲပြောင်းရယူထမ်းဆောင်ရမည်ဖြစ်ပြီး ဘင်းမ်စတက်အတွင်းရေးမှူးချုပ်တာဝန် ထမ်းဆောင်ချိန်၌ အကောင်းဆုံးဖြစ်အောင်ဆောင်ရွက်သွားမည့်အခြေအနေများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများအချင်းချင်း၊ ပြည်သူများအချင်းချင်းဆက်ဆံရေးနှင့် ကူးလူးဆက်ဆံမှုများကောင်းမွန်အောင် မြှင့်တင်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဘင်းမ်စတက်အတွင်းရေးမှူးချုပ်တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

မြဝတီ



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နှင့် ဘင်းမ်စတက် အတွင်းရေးမှူးချုပ် H.E. Mr. Indra Mani Pandey တို့ အမှတ်တရလက်ဆောင် ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

**❖ ယခုအချိန်တွင် မြန်မာနိုင်ငံ၏အနာဂတ်သည် ပွင့်လင်းလာပြီဖြစ်ပြီး ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ အတွင်း၌လည်း မြန်မာနိုင်ငံအနေဖြင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကာ ပူးပေါင်းဆောင်ရွက်မှု အနေဖြင့် နံပါတ် ၁ နေရာတွင်ရှိ၊ ဘင်းမ်စတက်အဖွဲ့ကြီး အနေဖြင့် မကြာမီကာလအတွင်း ဦးဆောင်အစည်းအဝေး များနှင့်အခြားသောလှုပ်ရှားမှုများစွာကို ဆောင်ရွက်သွား မည်ဖြစ်ပြီး မြန်မာနိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်မှုများ ကို ဆက်လက်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ် . . .**

# 2nd International Forum of the Union State "Great Heritage – Common Future"သို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ တက်ရောက်မိန့်ခွန်းပြောကြား

ဘရက်စ် ဇွန် ၂၂

2nd International Forum of the Union State "Great Heritage – Common Future"ဖိုရမ်သို့တက်ရောက်ရန် ဘယ်လာရုစ်နိုင်ငံ ဘရက်စ်မြို့၌ ရောက်ရှိနေသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ဦးဆောင်သော မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ဒေသစံတော်ချိန် ၁၂ နာရီတွင်ဘရက်စ်မြို့ Brest Regional Community and Cultural Center ၌ ကျင်းပသည့် 2nd International Forum of the Union State "Great Heritage – Common Future"ဖိုရမ်သို့ ဖိတ်ကြားထားသော နိုင်ငံ ၁၇ နိုင်ငံမှ လွှတ်တော်ဥက္ကဋ္ဌများ၊ အဆင့်မြင့်နိုင်ငံတကာကိုယ်စားလှယ်အဖွဲ့များနှင့်အတူ တက်ရောက်ကာ စုံညီအစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မိန့်ခွန်းတစ်ရပ်ပြောကြားသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သော မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် ယနေ့နံနက် ၃ နာရီတွင် ဖိုရမ်၏ အစိတ်အပိုင်းတစ်ခုဖြစ်သော ဘယ်လာရုစ်နိုင်ငံ ဘရက်စ်မြို့ရှိ ဘရက်စ်သူရဲကောင်းခံတပ် အထိမ်းအမှတ်ဝင်း ("Brest Hero Fortress" Memorial Complex) ၌ ကျင်းပသည့် ၁၉၄၁ ခုနှစ် ဇွန်လ ၂၂ ရက်တွင် ဒုတိယကမ္ဘာ(မဟာမျိုးချစ်)စစ်အတွင်းကျဆုံးခဲ့ရသူများနှင့် ဘယ်လာရုစ်ပြည်သူများအပေါ် လူမျိုးတုံးသတ်ဖြတ်မှုဆိုင်ရာ **"အမျိုးသားအောက်မေ့ဖွယ်နေ့"** (Day of National Remembrance of Victims of the Great Patriotic War and the Genocide of Belarusian People) အထိမ်းအမှတ် နိုင်ငံတကာ ဝတ်ပြုဆုတောင်းပွဲနှင့် စစ်ရေးပြအခမ်းအနားသို့ ဘယ်လာရုစ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် နာတာလီယာပတ်ကီဗစ် (Natalya Petkevich)၊ ရုရှားနိုင်ငံ ဒူးမားလွှတ်တော်ဥက္ကဋ္ဌ ဗီယာချက်စလပ် ဗိုလိုဒင် (Vyacheslav Volodin)၊ ဖိတ်ကြားထားသော ပြည်ပနိုင်ငံအသီးသီးမှ လွှတ်တော်ဥက္ကဋ္ဌများ၊ အဆင့်မြင့်နိုင်ငံတကာကိုယ်စားလှယ်အဖွဲ့များ၊ ဘာသာရေးခေါင်းဆောင်များ၊ ပြည်သူထောင်ပေါင်းများစွာတို့နှင့်အတူ တက်ရောက်ခဲ့ပြီး စစ်ပွဲအတွင်း ကျဆုံးခဲ့ရသည့်ရဲဘော်များနှင့် ပြည်သူများအားရည်စူး၍ ထာဝရမီးလျှံ (Eternal Flame)နှင့်အထိမ်းအမှတ် ကျောက်စာဂူများရှေ့၌ လွမ်းသူ့ပန်းခွေများချထားပြီး တက်ရောက်လာကြသူများနှင့်အတူ တစ်မိနစ်ငြိမ်သက်ကာ အလေးပြုခဲ့ကြသည်။ အဆိုပါ အခမ်းအနားသို့ နိုင်ငံပေါင်း ၁၇ နိုင်ငံမှ ကိုယ်စားလှယ်များအပါအဝင် လူဦးရေ ၁၅၀၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဖိုရမ်ကျင်းပရာ Brest Regional Community and Cultural Center ၌ ဒေသစံတော်ချိန် ယနေ့နံနက် ၉ နာရီ ၄၅ မိနစ်တွင် ဘယ်လာရုစ်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Igor SERGEYENKO နှင့် လည်းကောင်း၊ နံနက် ၁၀ နာရီခွဲတွင် ရုရှားနိုင်ငံ



ဒူးမားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Vyacheslav Volodin နှင့် လည်းကောင်း တွေ့ဆုံဆွေးနွေးရာ အဆိုပါတွေ့ဆုံပွဲတွင် နှစ်နိုင်ငံဥပဒေများကို လေးစားလိုက်နာပြီး လွှတ်တော်အချင်းချင်း ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

မြဝတီ

# ဘင်းမ်စတက်အတွင်းရေးမှူးချုပ် H.E. Mr. Indra Mani Pandey အား ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ လက်ခံတွေ့ဆုံ



နေပြည်တော် ဇွန် ၂၂


နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည်ဘင်းမ်စတက် အတွင်းရေးမှူးချုပ် H.E. Mr. Indra Mani Pandey အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဘင်းမ်စတက်လုပ်ငန်းစဉ်အောက်ရှိ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍများ အထူးသဖြင့် စိုက်ပျိုးရေးနှင့် စားရေရိက္ခာဖူလုံရေးကဏ္ဍ၊ ဒေသတွင်းလုံခြုံရေးနှင့် အကြမ်းဖက်မှု တိုက်ဖျက်ရေးကဏ္ဍနှင့် ဆက်သွယ်ချိတ်ဆက်ရေးကဏ္ဍတို့တွင် မြန်မာနိုင်ငံအနေဖြင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်နေမှု၊ ဘင်းမ်စတက်၏ပြင်ပ မိတ်ဖက်များနှင့်ဆက်ဆံရေးတွင် အဖွဲ့ကြီး၏အခြေခံမူများကို လေးစားလိုက်နာရေး၊ ၂၀၂၇ ခုနှစ် ဇွန်လ ၆ ရက်တွင် ကျရောက်မည့် ဘင်းမ်စတက်တည်ထောင်မှုနှစ်(၃၀)ပြည့်အတွက် အထိမ်းအမှတ်အခမ်းအနားများ ကျင်းပသွားရေးနှင့် မြန်မာနှင့်ဘင်းမ်စတက်အကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အတွင်းရေးမှူးချုပ်သည် ၂၀၂၄ ခုနှစ် ဇူလိုင်လတွင် စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများအစည်းအဝေး တက်ရောက်ရန်အတွက် မြန်မာနိုင်ငံသို့ ပထမအကြိမ် ခရီးစဉ်လာရောက်ခဲ့ဖူးပြီး ယခုခရီးစဉ်သည် ၎င်း၏ဒုတိယအကြိမ်ခရီးစဉ်ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်ဒေသတွင်း ကဏ္ဍပေါင်းစုံ၊ နည်းပညာနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (Bay of Bengal Initiative for Multi–Sectoral Technical and Economic Cooperation – BIMSTEC) ကို ၁၉၉၇ ခုနှစ်တွင် စတင်ဖွဲ့စည်းထူထောင်ခဲ့ပြီး ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ မြန်မာ၊ နီပေါ၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတို့ အဖွဲ့ဝင်အဖြစ်ပါဝင်ပြီး ဘင်းမ်စတက်ကို ဘင်္ဂလားပင်လယ်အော်ဒေသတွင်း နိုင်ငံများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေးအတွက် ရည်ရွယ်ဖွဲ့စည်းထားခြင်းဖြစ်သည်။ ဘင်းမ်စတက်၏ လက်ရှိပူးပေါင်းဆောင်ရွက်မှု ကဏ္ဍခုနစ်ခုရှိသည့်အနက် မြန်မာနိုင်ငံသည် "လယ်ယာစိုက်ပျိုးရေးနှင့်စားရေရိက္ခာဖူလုံရေးကဏ္ဍ" ၏ဦးဆောင်နိုင်ငံအဖြစ် တာဝန်ယူလျက်ရှိကြောင်း သိရသည်။

မြဝတီ




# အလေးမဒိုင်နှင့်နည်းပြမွမ်းမံသင်တန်းအမှတ်စဉ်(၁/၂၀၂၆) ဖွင့်ပွဲကျင်းပ

နေပြည်တော် ဇွန် ၂၂

အားကစားရေးရာ ဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် အလေးမဒိုင်နှင့် နည်းပြမွမ်းမံသင်တန်း အမှတ်စဉ်(၁/၂၀၂၆)ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း(Gold Camp)ရှိဘက်စုံသုံးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ ဒုတိယဝန်ကြီး ဦးညီညီနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်မှဥက္ကဋ္ဌ၊ သင်တန်းနည်းပြများနှင့်သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကအလေးမအားကစား အဆင့်အတန်း တိုးတက်မြင့်မားစေရန် ရည်ရွယ်၍ ယခုအလေးမဒိုင်နှင့်နည်းပြမွမ်းမံသင်တန်းအား ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း၊ သင်တန်းတွင် စာတွေ့လက်တွေ့ သင်ကြားပို့ချပေးမှုများကို စိတ်ဝင်စားစွာဖြင့် ထိထိမိမိသင်ယူလေ့လာသွားရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။


အဆိုပါ အလေးမဒိုင်နှင့်နည်းပြမွမ်းမံသင်တန်းအမှတ်စဉ်(၁/၂၀၂၆)တွင် သင်တန်းနည်းပြလေးဦးတို့က သင်တန်းသား၊ သင်တန်းသူ ၃၂ ဦးတို့ကို နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း(Gold Camp)ရှိဘက်စုံသုံးခန်းမ၌ ဇွန်လ ၂၂ ရက်မှ ၂၆ ရက်အထိ သင်တန်းကာလငါးရက်ကြာ ဖွင့်လှစ်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကျင်းပ

**နေပြည်တော် ဇွန် ၂၂**

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကျင်းပစဉ်။

အစည်းအဝေးတွင် အများပြည်သူ ဘတ်စ်လိုင်းကားပြေးဆွဲပေးနိုင်ရေး၊ တရားမဝင်မော်တော်ဆိုင်ကယ်များကို လိုင်စင်ပြန်လည်ပြုလုပ်ပေးနိုင်ရေး၊ ကမ်းထိန်းနံရံများဆောက်လုပ်ပေးနိုင်ရေး၊ ဆေးရုံအဆင့်တိုးမြှင့်ပေးနိုင်ရေးနှင့် ဆရာဝန်နှင့်သူနာပြုလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်းငါးခုမေးမြန်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ကျိုက်လတ်မဲဆန္ဒနယ်မှဒေါက်တာအောင်ကြီး၏ **နေပြည်တော်ကောင်စီနယ်မြေတွင် အများပြည်သူဈေးနှုန်းချိုသာစွာဖြင့် သွားလာနိုင်သည့် ဘတ်စ်လိုင်းကားများပြေးဆွဲပေးရန် အစီအစဉ်ရှိ မရှိမေးခွန်းနှင့်စပ်လျဉ်း၍** ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်က နေပြည်တော်တွင် လက်ရှိမော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ(မြို့တွင်း)၏ကြီးကြပ်မှုဖြင့် ရွှေသပြေ၊ ရွှေအောင်လံ၊ ရွှေပြည်သစ် ယာဉ်လိုင်းသုံးလိုင်းမှ Light Truck ယာဉ်များဖြင့် ပျဉ်းမနား-မြို့မဈေး၊ ပျဉ်းမနား-မြို့မဈေး-တောင်ညို၊ ပျဉ်းမနား-တပ်ကုန်း ခရီးစဉ်များသို့ နေ့စဉ်ပြေးဆွဲပေးလျက်ရှိပါကြောင်း၊ တော်ဝင်ယာဉ်အသင်းက လမ်းကြောင်းလေးခုကို Bus ကားများဖြင့်ပြေးဆွဲလျက်ရှိပါကြောင်းနှင့် "ရာဇာမင်း" ခရီးသည်ပို့ဆောင်ရေးယာဉ်အသင်းက EV Bus ကားများဖြင့် မြို့တွင်းယာဉ်လိုင်းပြေးဆွဲနိုင်ရေးဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

မင်းလှမဲဆန္ဒနယ်မှ ဦးရဲထွဋ်အောင်၏ **တစ်နိုင်ငံလုံးရှိလိုင်စင်မဲ့မော်တော်ဆိုင်ကယ်များအား အခွန်ငွေသတ်မှတ်ပေးသွင်းစေပြီး ဥပဒေနှင့်အညီ တရားဝင်လိုင်စင်ထုတ်ပေးရန် အစီအစဉ်ရှိ မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကိုသိရှိလိုခြင်းမေးခွန်းနှင့်**သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောဟေသားကြီး၏ **လိုင်စင်မဲ့ဆိုင်ကယ်များကို လိုင်စင်ပြန်လည်ပြုလုပ်ပေးနိုင်ခြင်း ရှိ မရှိ လုပ်ပေးနိုင်ပါက ဘယ်အချိန်ကာလတွင် စတင်ပြုလုပ်ပေးမည်နှင့်မလုပ်ပေးနိုင်ပါက အဘယ်ကြောင့် မလုပ်ပေးနိုင်ခြင်းကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးအောင်မြိုင်က မြန်မာနိုင်ငံအတွင်းရောက်ရှိနေသော တရားမဝင်မှတ်ပုံတင်မဲ့မော်တော်ဆိုင်ကယ်များသည် ဥပဒေနှင့်မညီသည့်အတွက် အထောက်အထားများ တင်ပြနိုင်ခြင်းမရှိပါသဖြင့် မှတ်ပုံတင်ဆောင်ရွက်ပေး၍မရပါကြောင်း ပြန်လည်ဖြေကြားသည်။

ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးလှဆွေ၏ **တပ်ကုန်းမြို့နယ်အတွင်းရှိ ကျေးရွာများ မိုးရာသီတွင် ကမ်းပါးများရေတိုက်စားမှုအန္တရာယ်မှ ကာကွယ်နိုင်ရေးအတွက် သစ်ဆိမ့်ပင်ကျေးရွာ ပေ ၈၅၀၊ ဖောင်းတောကျေးရွာ ပေ ၁၅၀၀၊ အနော်ရထာရပ်ကွက် တံတားအထက်ပေ၁၀၀၀-တံတားအောက် ပေ ၁၅၀၀၊ လက်ပံကုန်းကျေးရွာ ပေ ၇၀၀၊ ရှောက်ကုန်းကျေးရွာ ပေ ၉၀၀ တို့အား ကမ်းထိန်းနံရံများ ဆောင်ရွက်ပေးနိုင်ရေးအတွက် ရေတို၊ ရေရှည်အစီအမံများချမှတ်၍ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးအောင်မြိုင်က နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်အတွင်းရှိ အနော်ရထာရပ်ကွက် နဝင်းချောင်းကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ သစ်ဆိမ့်ပင်ကျေးရွာ ရေကြီးရေလျှံချောင်းပေါက်ထွက်မှုကာကွယ်ရေးလုပ်ငန်းများအတွက် ခန့်မှန်းကုန်ကျစရိတ် တင်ပြတောင်းခံခဲ့ရာ ရန်ပုံငွေလျာထားပါဝင်ခြင်းမရှိသည့်အတွက်နောင်လာမည့်ဘဏ္ဍာရေးနှစ်တွင် ဆက်လက်တင်ပြတောင်းခံသွားမည်ဖြစ်ပြီး ကျန်ရှိသည့် ကမ်းပြိုနေရာများဖြစ်သည့်ဖောင်းတောကျေးရွာ၊ လက်ပံကုန်းကျေးရွာ၊ ရှောက်ကုန်းကျေးရွာတို့ကိုလည်း ကွင်းဆင်းတိုင်းတာစစ်ဆေး၍ ဆောင်ရွက်သင့်သည့် အစီအမံများနှင့်အတူ ဘဏ္ဍာရန်ပုံငွေရရှိရေး ဆက်လက်တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းဆောင်ရွက်ချိန်တွင် နည်းပညာအကူအညီများဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

ခရမ်းမဲဆန္ဒနယ်မှ ဦးဝင်းဆွေ၏ **ခရမ်းမြို့နယ်တွင် မြို့နယ်ပြည်သူ့ဆေးရုံတစ်ခု၊ ကျိုက်ချောင်းတိုက်နယ်ဆေးရုံ၊ ကမာမတ်တိုက်နယ်ဆေးရုံနှင့် ပိန်းကန်တိုက်နယ်ဆေးရုံ သုံးရုံရှိပြီး ဆရာဝန် ၁၁ ဦးနှင့် သူနာပြု ၂၀ ဦး လိုအပ်လျက်ရှိပါသဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ခရမ်းမြို့နယ် ပြည်သူ့ဆေးရုံ၊ ကျိုက်ချောင်းတိုက်နယ်ဆေးရုံ၊ ကမာမတ်တိုက်နယ်ဆေးရုံနှင့် ပိန်းကန်တိုက်နယ်ဆေးရုံတို့တွင် ဆရာဝန်နှင့်သူနာပြုများ တာဝန်ထမ်းဆောင်လျက်ရှိပါကြောင်း၊ ထို့ပြင် တိုက်နယ်ဆေးရုံတိုင်းတွင် အနည်းဆုံးဆရာဝန်တစ်ဦးထားရှိနိုင်ရေး မူအရဆောင်ရွက်လျက်ရှိပါကြောင်း၊ ခရမ်းပြည်သူ့ဆေးရုံ၏ ဆေးရုံလုပ်ငန်းဆောင်ရွက်ချက်အပေါ်မူတည်ပြီး လက်ထောက်ဆရာဝန်များ ထပ်မံခန့်ထားနိုင်ရေးစိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ယခုလအတွင်း သစ်လွင်သူနာပြုများအား ခန့်ထားသည့်အချိန်တွင် သူနာပြုခြောက်ဦးအား ခွဲဝေခန့်ထားပေးမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တန့်ယန်းမဲဆန္ဒနယ်မှ ဦးစိုင်းဆန်စိန်၏ **တန့်ယန်းမြို့ ပြည်သူ့ဆေးရုံအား (၂၅) ခုတင်ဆံ့ဆေးရုံမှ ခုတင် (၅၀) ဆံ့ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ပေးနိုင်ခြင်းအစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ရှမ်းပြည်နယ်( မြောက်ပိုင်း) တန့်ယန်းမြို့တွင်( ၂၅) ခုတင်ဆံ့ မြို့နယ်ဆေးရုံတစ်ရုံ၊ ဝိန်းကောင်တိုက်နယ်ဆေးရုံ၊ မန်ပန်တိုက်နယ်ဆေးရုံ၊ မန်ကတ်တိုက်နယ်ဆေးရုံနှင့် မိုင်းကောင်တိုက်နယ်ဆေးရုံ စုစုပေါင်းဆေးရုံငါးရုံဖွင့်လှစ်ထားရှိပြီးဖြစ်ပြီး တန့်ယန်းမြို့ပြည်သူ့ဆေးရုံ၏ ခုတင်အသုံးပြုမှုရာခိုင်နှုန်းမှာ သတ်မှတ်ထားသောမူအရ ပြည့်မီရန်လိုအပ်လျက်ရှိသဖြင့် လတ်တလော ခုတင်(၅၀) ဆံ့ ဆေးရုံအဖြစ် တိုးမြှင့်ရန် အစီအစဉ်မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးခင်မောင်ထွန်း၏ **ဖောင်းပြင်မြို့ ခုတင်(၅၀)ဆံ့ ဆေးရုံတွင် မြို့နယ်ဆရာဝန်ကြီး တစ်ဦးသာရှိပြီး သွားဆရာဝန်နှင့်အတူ ဆေးပညာရှင်ဝန်ထမ်းများ လိုအပ်လျက်ရှိပါသဖြင့် တာဝန်ချခန့်ထားပေးမည်ဆိုပါက မည်သည့်အချိန်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ဖောင်းပြင်မြို့ ခုတင် (၅၀)ဆံ့ ဆေးရုံအတွက်သွားဆရာဝန်တစ်ဦးအား ယခုနှစ်အတွင်း တာဝန်ချထားပေးသွားမည်ဖြစ်ပြီး လုပ်ငန်းလိုအပ်ချက်နှင့်အညီ ကျန်သူနာပြုနှင့် ကျွမ်းကျင်ဝန်ထမ်းများအား တာဝန်ချထားပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

စဉ့်ကိုင်မဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင်၏ **စဉ့်ကိုင်မြို့နယ် ရွှေလုံ့ဗိုလ်(ကံအောက်)ကျေးရွာတွင် တိုက်နယ်ဆေးရုံတစ်ခုလိုအပ်လျက်ရှိပါသောကြောင့် တိုက်နယ်ဆေးရုံအဖြစ် ခွင့်ပြုဆောင်ရွက်ပေးနိုင်ခြင်းအစီအစဉ် ရှိ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက စဉ့်ကိုင်မြို့နယ် ရွှေလုံ့ဗိုလ်(ကံအောက်)ကျေးရွာသည် ရွာဘိုကျေးလက်ကျန်းမာရေးဌာနနှင့် နတ်ရေကန်ကျေးလက်ကျန်းမာရေးဌာနခွဲများမှစောင့်ရှောက်မှုပေးနေသောကျေးရွာတစ်ရွာဖြစ်ပြီး ယခု အဆိုပြုနေရာတွင် တိုက်နယ်ဆေးရုံ ဖွင့်လှစ်နိုင်ရေးအတွက် အခြေခံသတ်မှတ်ချက်များဖြစ်သော ကျေးလက်ကျန်းမာရေးဌာန ဖွင့်လှစ်ထားရှိပြီးသော ကျေးရွာဖြစ်ရမည်ဆိုသည့် အချက်နှင့် လမ်းပန်းဆက်သွယ်ရေးအရ မြို့နယ်ဆေးရုံများသို့ လာရောက်ရန်ခက်ခဲသောနယ်မြေဖြစ်ရမည်ဆိုသည့် လိုအပ်ချက်များရှိနေပါသဖြင့် လက်ရှိအချိန်တွင် ခွင့်ပြုဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကိုရပ်နားလိုက်ပြီး အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ဇွန်လ ၂၃ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

**မြဝတီ**

# ရပ်ရွာဒေသဖွံ့ဖြိုးတိုးတက်ရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပ

**မန္တလေး ဇွန် ၂၂**

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ကန်ကောက်ရပ်ကွက်ရှိ ဝါခင်းကုန်းဘုရားဓမ္မာရုံအတွင်း၌ ယနေ့နံနက်ပိုင်းတွင် ပြည်သူ့စကားဝိုင်း(Public Talk) အခမ်းအနားကို ကျင်းပသည်။

ရှေးဦးစွာ ချမ်းအေးသာစံမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက ပြည်သူ့စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့စကားဝိုင်းကိုကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုထွေး၊ မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုး၊ မြို့တော်စည်ပင်သာယာရေးကော်မတီအုပ်ချုပ်ရေးမှူး ဦးဇေယျာငြိမ်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာသီတာဝင်း၊ မြို့နယ်သမဝါယမဦးစီးဌာနဦးစီးအရာရှိ ဒေါ်အေးမာဌေးနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သက်စုထွန်းတို့က ရပ်ရွာဒေသဖွံ့ဖြိုးတိုးတက်ရေး ခေါင်းစဉ်ဖြင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး စကားဝိုင်းတက်ရောက်လာသောပြည်သူများက သိရှိလိုသည်များကိုမေးမြန်းကြကြောင်းသိရသည်။

(၄၀၂)

နိုင်ငံ့ဝန်ထမ်းများအား
မည်သည့်နည်းလမ်း
ဖြင့်မဆို
ခြိမ်းခြောက်ခြင်း၊
တာဝန်ထမ်းဆောင်မှုအား
နှောင့်ယှက်ခြင်းများ
ဆောင်ရွက်ပါက
တည်ဆဲဥပဒေများနှင့်အညီ
အရေးယူခံရနိုင်ပါသည်။

# တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့ကျင်းပ



တတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့ကျင်းပစဉ်။

**နေပြည်တော်  ဇွန် ၂၂**

တတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၀၆ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁) ဦးအောင်လှထွေး၏ **လက်ရှိဆောင်ရွက်နေသော အခွန်စနစ်အရ အခွန်ဘဏ္ဍာရရှိမှု၊ အခွန်ကောက်ခံမှုယန္တရားတွင် နည်းပညာနှင့် လူအင်အားလုံလောက်မှု ရှိ၊ မရှိ၊ နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်ငွေများရရှိမှု ရှိ၊ မရှိနှင့် နိုင်ငံတော် အခွန်ဘဏ္ဍာပိုမိုရရှိအောင် ဆောင်ရွက်မည့် အစီအစဉ်ရှိ၊ မရှိ  မေးခွန်းနှင့်စပ်လျဉ်း၍** ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က လက်ရှိဆောင်ရွက်နေသော အခွန်စနစ်အရ အခွန်ဘဏ္ဍာရရှိမှုနှင့် ရသင့်ရထိုက်သောအခွန်ငွေများရရှိရေးအတွက် ၂၀၁၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ မြန်မာနိုင်ငံ၏ အခွန်အကောက်စနစ်တွင် ပြည်ထောင်စုအဆင့်တွင် ကောက်ခံရရှိသည့် အခွန်အကောက်၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဆင့်တွင် ကောက်ခံရရှိသည့် အခွန်အကောက်နှင့် စည်ပင်သာယာရေးအဖွဲ့ အဆင့်တွင် ကောက်ခံရရှိသည့် အခွန်အကောက်ဟူ၍ အဆင့် သုံးဆင့်ဖွဲ့စည်းထားပါကြောင်း။

နှစ်အလိုက် အခွန်ကောက်ခံရရှိမှု အခြေအနေ နှိုင်းယှဉ်ချက်အရ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက ကောက်ခံရရှိသည့် အခွန်အကောက်ရငွေသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျပ်ဘီလီယံ ၄၉၁၂ ခန့် ရရှိရာမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျပ်ဘီလီယံ ၁၄၀၇၀ ကောက်ခံရရှိခဲ့သည့်အတွက်အခွန်အကောက်ရငွေသုံးဆခန့် တိုးတက်ရရှိခဲ့ပါကြောင်း၊ ပြည်ထောင်စု၏ အခွန်အကောက်ရငွေနှင့် ဂျီဒီပီအချိုးသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ၅ ဒသမ ၀၇ ရာခိုင်နှုန်းသာ ရှိရာမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ၈ ဒသမ ၅၅ ရာခိုင်နှုန်းထိ တိုးတက်လာခဲ့ပါကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် အခွန်ရငွေနှင့် ဂျီဒီပီ အချိုးကို ၉ ဒသမ ၅ ရာခိုင်နှုန်း ရရှိရေး ရည်မှန်းချက်ထား ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

နည်းပညာတိုးချဲ့ကျင့်သုံးနိုင်ရေးအတွက် ပြည်တွင်းအခွန်များဦးစီးဌာနနှင့်အကောက်ခွန်ဦးစီးဌာနတို့တွင် နည်းပညာဆိုင်ရာဌာနခွဲကို ဌာနခွဲတစ်ခုစီ သီးခြားထည့်သွင်းဖွဲ့စည်းထားရှိခြင်း၊ ပြည်တွင်းအခွန်များဦးစီးဌာနတွင်အခွန်ထမ်းမှတ်ပုံတင်ခြင်းစနစ် (e-Registration Management System)၊ အီလက်ထရောနစ် အခွန်ကြေညာလွှာတင်သွင်းမှုစနစ် (e-Filing Management System)၊ အီလက်ထရောနစ်ငွေပေးချေမှုစနစ်များဖြစ်သည့် m-Banking၊ e-Banking၊ i- Banking၊ Mobile Payment IRD's Tax Payment Hub၊ Mobile Payment တို့ဖြင့် အခွန်ငွေများပေးဆောင်နိုင်ရန် စီမံဆောင်ရွက်ထားခြင်း၊ အကောက်ခွန်ဦးစီးဌာနတွင် မြန်မာအလိုအလျောက်ကုန်ပစ္စည်းရှင်းလင်းရေးစနစ် (Myanmar Automated Cargo Clearance System-MACCS )ကို အသုံးပြုပြီး Internet Banking / Mobile Banking မှတစ်ဆင့် အကောက်ခွန်နှင့် အခြားအခွန်အခများ ပေးဆောင်နိုင်ရေးတို့ကို စီမံဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း။

အခွန်ဘဏ္ဍာပိုမိုရရှိစေရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်များရှိအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သက်ဆိုင်ရာမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီတို့မှ စီးပွားရေးလုပ်ငန်းစာရင်းများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် ကုမ္ပဏီစာရင်းများနှင့် တိုက်ဆိုင်စိစစ်ပြီး အခွန်ထမ်းသစ်များ ဖော်ထုတ်ခြင်း၊ မိုဘိုင်းဖုန်းဟန်းဆက်များကို နည်းပညာအသုံးပြု၍ မှတ်ပုံတင်စေသည့် စနစ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ မော်တော်ယာဉ်ဝယ်ယူခြင်းအပေါ် အခွန်ကိုစစ်ဆေးခြင်းလုပ်ငန်းစဉ်ဆိုင်ရာ အီလက်ထရောနစ်ဝန်ဆောင်မှုစနစ်ကို အကောင် အထည်ဖော်နိုင်ရန် ဆောင်ရွက်လျက်ရှိခြင်း၊ အခွန်ရငွေပိုမိုတိုးတက်ရေး၊ အခွန်စည်းကြပ်ရာတွင် မျှတမှုဖြစ်စေရေး၊ အခွန်မှုးများ၏ လုပ်ပိုင်ခွင့်ကို လျှော့ချကန့်သတ်ခြင်းဖြင့် အဂတိလိုက်စားမှုများကို တားဆီးကာကွယ်နိုင်ရေးတို့အတွက် အခွန်ထမ်းကိုယ်တိုင်စည်းကြပ်သည့်စနစ်ကို တိုးချဲ့ကျင့်သုံးဆောင်ရွက်ခြင်း၊ အခွန်ထမ်းများ၏ အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန်အတွက် အခွန်ဆိုင်ရာ ဝန်ဆောင်မှုရုံးများနှင့် အီလက်ထရောနစ် ဝန်ဆောင်မှု နည်းပညာဆိုင်ရာ အကူအညီပေးရေးစင်တာ ဖွင့်လှစ်ဆောင်ရွက်ခြင်း၊ အခွန်ပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လျက်ရှိပြီး အခွန်ပညာပေးရှင်းလင်းပွဲများဆောင်ရွက်လျက်ရှိပါကြောင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အခွန်ယဉ်ကျေးမှုပိုမိုခိုင်မာလာစေရေးနှင့် အခွန်ထမ်း ပြည်သူများအနေဖြင့် အခွန်တာဝန်ကို ကြည်သာပျော်ရွှင်စွာ ထမ်းဆောင်လာစေရေးတို့အတွက် ဝိုင်းဝန်းပူးပေါင်း၍ ကူညီဆောင်ရွက်ပေးစေလိုပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ် (၁) ဦးခင်မောင်ဝင်း ၏ **မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် အတွင်းရှိကျေးရွာများတွင်လူဦးရေများပြားလာသည့်အတွက်နေထိုင်မှုအဆင်ပြေစေရန် ရွာတိုးချဲ့မြေ ခွင့်ပြုပေးရန်အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက တိုးချဲ့လိုသော ကျေးရွာမြေသည် လယ်ယာမြေဖြစ်ပါက ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေနှင့် နည်းဥပဒေများအရလည်းကောင်း၊ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများဖြစ်ပါက ၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများဥပဒေ၊ နည်းဥပဒေများအရလည်းကောင်း၊ ဝန်ကြီးဌာနများမှ စီမံခန့်ခွဲလျက်ရှိသော မြေများဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုမိန့်များအရလည်းကောင်း ကျေးရွာမြေအဖြစ် အသုံးပြုခွင့်ရရှိရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ကျေးရွာမြေအဖြစ် အသုံးပြုခွင့်ရရှိပါက ၁၉၀၇ ခုနှစ် မြို့နှင့် ကျေးရွာမြေများ နည်းဥပဒေအပိုဒ် ၄၁၊ ၄၂၊ ၄၃ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ နေထိုင်ရန် အခက်အခဲရှိသော ကျေးရွာနေပြည်သူများအား ချထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ကျောက်ဆည်မြို့နယ်အတွင်းရှိကျေးရွာများတွင်လူဦးရေများပြားလာသည့်အတွက် နေထိုင်မှုအဆင်ပြေစေရေး ကျေးရွာမြေတိုးချဲ့ခွင့်ပြုပေးနိုင်ပါရန် သက်ဆိုင်ရာကျေးရွာများမှပြည်သူများက လျှောက်ထားလာပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၃) ဦးခင်မောင်တင့်၏ **တိုက်ကြီးမြို့နယ်အတွင်းရှိ မလေးရှားပိုင်ကျေးရွာအုပ်စု ပျဉ်းမချိုကျေးရွာ၊ မင်္ဂလာရပ်ကွက် နှင်းဆီမြိုင်ကျေးရွာ၊ ကင်းပတီးကျေးရွာအုပ်စု ရွှေညောင်ပင်ကျေးရွာနှင့် လိပ်လှေ့ကျေးရွာ၊ ဖလုံဘူတာကျေးရွာအုပ်စု အလယ်မြောင်ကျေးရွာနှင့် ကြို့ပင်ကျေးရွာ၊ ရေတွင်းကုန်းကျေးရွာအုပ်စု အေးမြသာယာကျေးရွာများအား သစ်တောရေိယာမြေမှပယ်ဖျက်ပြီး ကျေးရွာပိုင်မြေအဖြစ်ပြုလုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက မလေးရှားပိုင်ကျေးရွာအုပ်စု ပျဉ်းမချိုကျေးရွာသည် ၂၀၀၆ ခုနှစ်ခန့်မှစ၍ ၇၈ ဧကရှိသည့် ကျေးရွာအဖြစ်လည်းကောင်း၊ မင်္ဂလာရပ်ကွက် နှင်းဆီမြိုင်ကျေးရွာသည် ၁၉၉၀ ပြည့်နှစ်ခန့်မှစ၍ ၉၀ ဧကခန့်ရှိသည့် ကျေးရွာအဖြစ်လည်းကောင်းတည်ရှိကာ အဆိုပါကျေးရွာနှစ်ရွာသည် တောင်လှိုင်ရိုးမ သစ်တောကြိုးဝိုင်းမြေအတွင်း ပါဝင်နေပါကြောင်း၊ ကင်းပတီးကျေးရွာအုပ်စုအတွင်းရှိ ရွှေညောင်ပင်ကျေးရွာသည် ၂၀၁၂ ခုနှစ်ခန့်မှစ၍ ၅၁ ဧကရှိသည့် ကျေးရွာအဖြစ်တည်ရှိပြီး မာဂရီသစ်တောကြိုးဝိုင်းအတွင်း ပါဝင်နေပါကြောင်း။

ကင်းပတီးကျေးရွာအုပ်စုအတွင်းရှိ ယခင်လိပ်လှေ့ကျေးရွာ(ယခုမြိုင်ဟေဝန်ကျေးရွာ)သည် ၁၉၆၆ ခုနှစ်မှစ၍ ဧက ၃၀ ခန့်ရှိသည့် ကျေးရွာအဖြစ်တည်ရှိပြီး ဥက္ကံသစ်တောကြိုးဝိုင်းအတွင်း ပါဝင်နေပါကြောင်း၊ လိပ်လှေ့ကျေးရွာမြေနေရာသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် မြန်မာ့သစ်လုပ်ငန်းသို့ ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးအခြေပြု ခရီးသွားလုပ်ငန်း(မြိုင်ဟေဝန်ဆင်စခန်း)အဖြစ် ဆောင်ရွက်ရန်အတွက် ဆင်စခန်းနှင့် ဆင်စားကျက်မြေအဖြစ်ခွင့်ပြုထားသည့်မြေဧရိယာ ၃၃ ဧက အတွင်း ကျနေသည့်အတွက် သစ်တောကြိုးဝိုင်းမြေအဖြစ်မှ ပယ်ဖျက်ပေးနိုင်ခြင်းမရှိပါကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဖြေကြားထားပါကြောင်း။

ဖလုံဘူတာကျေးရွာအုပ်စု အလယ်မြောင်ကျေးရွာသည် ၁၉၆၁ ခုနှစ်ခန့်မှစ၍ ၁၆ ဧကခန့်ရှိသည့် ကျေးရွာအဖြစ်လည်းကောင်း၊ ကြို့ပင်ကျေးရွာသည် ၁၉၈၃ ခုနှစ်ခန့်မှစ၍ ဧက ၃၀ ခန့်ရှိသည့် ကျေးရွာအဖြစ်လည်းကောင်း၊ ရေတွင်းကုန်းကျေးရွာအုပ်စု အေးမြသာယာကျေးရွာသည် ၂၀၀၇ ခုနှစ်ခန့်မှစ၍ ၁၇ ဒသမ ၅၀ ဧကခန့်ရှိသည့်ကျေးရွာအဖြစ်လည်းကောင်း တည်ရှိကြပြီး အဆိုပါကျေးရွာသုံးရွာသည် မာဂရီသစ်တောကြိုးဝိုင်းအတွင်း ပါဝင်နေကြပါကြောင်း။

သစ်တောဧရိယာမြေမှ ပယ်ဖျက်၍ ကျေးရွာမြေအဖြစ် ဆောင်ရွက်လိုသည့် ကျေးရွာခုနစ်ရွာသည် ပြည်ထဲရေးဝန်ကြီးဌာနမှအမိန့်ကြော်ငြာစာထုတ်ပြန်ထားသည့် ကျေးရွာများစာရင်းတွင်မပါဝင်ပါကြောင်းနှင့် ယင်းကျေးရွာခုနစ်ရွာအနက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှသစ်တောကြိုးဝိုင်းမြေအဖြစ်ပယ်ဖျက်ပေးနိုင်ခြင်းမရှိသည့်ကင်းပတီးကျေးရွာအုပ်စု လိပ်လှေ့ကျေးရွာ(ယခုမြိုင်ဟေဝန်ကျေးရွာ)မှ လွဲ၍ ကျန်ခြောက်ရွာအား သစ်တောကြိုးဝိုင်းမြေမှ ကျေးရွာမြေအဖြစ် ဆောင်ရွက်နိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၄ နှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၁) ဦးရာမွေလရှုန်၏ ရှမ်းပြည်နယ် မိုင်းယောင်းမြို့နယ် မုန်းလိုက်ကျေးရွာအုပ်စု ရှေခင်ကျေးရွာ **ကြိုးတံတားအား သံကူကွန်ကရစ်တံတားအဖြစ် ဆောက်လုပ်ပေးနိုင်ခြင်းရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက လက်ရှိတံတားသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စတင်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ပစ္စည်းထောက်ပံ့ပေးပြီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇ သန်း၊ ကျေးရွာမှ ထည့်ဝင်ငွေကျပ် ၃၂ သန်းနှင့် ကျေးရွာလူထုလုပ်အားဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ ဒေသတွင်းလမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေးအတွက် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ လိုအပ်ပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

သို့ပါ၍ ကျေးလက်လမ်းဖွံ့ဖြိုးရေးမဟာဗျူဟာအပေါ် အခြေခံပြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့တို့ ပေါင်းစပ်၍ ကျေးရွာ၊ အိမ်ခြေ၊ လူဦးရေ၊ ကျေးလက်နေပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှု အကျိုးပြုနှုန်း၊ လက်ရှိလိုအပ်မှုတို့ကို ဦးစားပေးရွေးချယ်မှုအပေါ် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုသို့မဟုတ် ပြည်နယ်ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ လျာထားတင်ပြပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**စာမျက်နှာ ၉ သို့ ➡**

➡ စာမျက်နှာ ၈ မှအဆက်

မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၄) ဦးစိန်ရွှေမင်း၏ **မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ကိုင်းတောကြီးကျေးရွာရှိတောင်မန်း မြောင်းတောင် ၇ ဒသမ ၆ မိုင် (ပေတိုင်အမှတ် ၄၁၀၀၀)နှင့် ၈ မိုင် (ပေတိုင်အမှတ် ၄၂၀၀၀) ကြားရှိ ပေါင်းတံတားအထိ ၂ ဒသမ၂ မိုင် အရှည်ရှိသော ကုန်ထုတ်လမ်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးသိုက်စိုးက ကိုင်းတောကြီးကျေးရွာကုန်ထုတ်လမ်း၏ လက်ရှိလမ်းအကျယ်သည် ပျမ်းမျှ ၁၀ ပေ ခန့်သာရှိပြီး ကုန်ထုတ်လမ်းဖောက်လုပ်ရန် လမ်းနယ် အကျယ်ပေ ၃၀ ရှိရန် လိုအပ်ပါကြောင်း၊ လမ်းအကျယ်ပြည့်မီစေရန်အတွက် သက်ဆိုင်ရာတောင်သူများ၊ ကျေးရွာလမ်းကော်မတီများနှင့် မြေနေရာရရှိရေးကို လွှတ်တော်ကိုယ်စားလှယ်က စည်းရုံးဆောင်ရွက်ပေးရန်မေတ္တာရပ်ခံအပ်ပါကြောင်း။

မြေနေရာရရှိပါက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကြိုအင်ဂျင်နီယာလုပ်ငန်းများဖြစ်သည့် ကွင်းဆင်းတိုင်းတာခြင်း၊ လမ်းဒီဇိုင်းပုံထုတ်ခြင်းနှင့် အသေးစိတ်ခန့်မှန်းခြေတွက်ချက်ခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းစဉ်များဆောင်ရွက်ပြီးပါက လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့တို့နှင့် ပေါင်းစပ်၍ကျေးလက်နေပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုအကျိုးပြုနိုင်မှု၊ လက်ရှိလိုအပ်မှုတို့ကို ဦးစားပေးရွေးချယ်မှုတို့အရ အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု သို့မဟုတ် တိုင်းဒေသကြီးရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်အတိုင်း လျာထားပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီတွင် စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၃) ဒေါ်ကျော့ယဉ်ဝင်း **အစား** စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၇) ဦးသိန်းလှိုင်ကို အဖွဲ့ဝင်အဖြစ် အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်း လွှတ်တော်သို့တင်ပြပြီး အတည်ပြုချက်ရယူသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက သတ္တု၊ သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၊ ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာကော်မတီနှင့် ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီဖွဲ့စည်းရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ပေးအပ်ခံရသည့် ရှောဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၁) ဒေါ်ဇင်ပပဦးက သတ္တု၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက သတ္တု၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၀) ဦးလှသိန်းနှင့် အတွင်းရေးမှူးအဖြစ် ရှောဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၁) ဒေါ်ဇင်ပပဦးတို့အပါအဝင် အဖွဲ့ဝင် ၁၅ ဦး၏ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြပြီး လွှတ်တော်၏အတည်ပြုချက်ရယူရာ အတည်ပြုသဖြင့် သတ္တု၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ ဖွဲ့စည်းကြောင်းနှင့် ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်သက်တမ်းတို့ကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ တာဝန်ပေးအပ်ခံရသည့် တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၄) ဦးဇော်မင်းသန်းက ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် ကရင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၇) ဒေါက်တာစောနေလင်းအောင်နှင့်အတွင်းရေးမှူးအဖြစ် တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၄)ဦးဇော်မင်းသန်းတို့အပါအဝင် အဖွဲ့ဝင် ၁၅ ဦး၏ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြပြီး လွှတ်တော်၏အတည်ပြုချက်ရယူရာ အတည်ပြုသဖြင့် ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာကော်မတီ ဖွဲ့စည်းကြောင်းနှင့် ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် တာဝန်ပေးအပ်ခံရသည့် ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၁) ဦးဖြိုးဝေလင်းက ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးအောင်စိုးနှင့် အတွင်းရေးမှူးအဖြစ် ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၁) ဦးဖြိုးဝေလင်းတို့အပါအဝင် အဖွဲ့ဝင် ၁၅ ဦး၏ အမည်စာရင်းကို လွှတ်တော်သို့တင်ပြပြီး လွှတ်တော်၏ အတည်ပြုချက်ရယူရာ အတည်ပြုသဖြင့် ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ ဖွဲ့စည်းကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်သက်တမ်းတို့ကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက်တတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ဒသမနေ့ကို ဇွန်လ ၂၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

## သွန်းလိမ့်ရွှေမိုး

❍ အပွင့်လှ သစ်တစ်ပင်
ချစ်ခင်စွာ စိုက်ပျိုး။
သင့်အိမ်ရာ
ပွင့်ထိန်ဝါ အရိပ်ထိုးလို့
ထီးသို့ကာမိုး။

❍ အသီးရ သစ်တစ်ပင်
ချစ်ခင်စွာ စိုက်ပျိုး။
သင့်မြေယာ
တင့်ပေစွာ ဝေဖြိုးလို့
မိုးစက်ရေတိုး။

❍ အရိပ်ရ သစ်တစ်ပင်
ချစ်ခင်စွာ စိုက်ပျိုး။
သင့်ပြည်ရွာ
ဆင့်သီကာ အလှတိုးလို့
အေးမြတန်ဖိုး။

❍ တစ်ယောက်လက် သစ်တစ်ပင်
နှစ်စဉ်သာ စိုက်ပျိုး။
ပြောမပို
တောညိုညို့ နွေအယွန်းမှာ
သွန်းလိမ့်ရွှေမိုး။ ။

မောင်ရေမွှေး(ပေလေးပင်)

## အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၁၁၄)သင်တန်းဖွင့်လှစ်




**ရန်ကုန် ဇွန် ၂၂**

အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၁၁၄) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ရတနာသိင်္ခခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဗိုလ်ငွေး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်၊ အမြဲတမ်းအတွင်းဝန်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ တက္ကသိုလ်သင်ကြား၊ စီမံဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် သင်တန်းသား၊သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက သင်တန်းဖွင့်အမှာစကားပြောကြားပြီး အရာထမ်းလောင်း(အထူး)သင်တန်းအမှတ်စဉ်(၁၅)နှင့် အရာထမ်းငယ်သင်တန်းအမှတ်စဉ်(၁၃၆) သင်တန်းသား၊ သင်တန်းသူများ၏ သင်ခန်းစာပို့ချသင်ကြားနေမှု၊ အရာထမ်းအခြေခံသင်တန်းအမှတ်စဉ်(၂၂၆) နှင့်အလယ်အလတ်အဆင့် အရာထမ်းသင်တန်းအမှတ်စဉ်(၁၅) သင်တန်းသား၊ သင်တန်းသူတို့၏ လက်နက်မဲ့စစ်ရေးပြသင်ခန်းစာ လေ့ကျင့်သင်ကြားနေမှု၊ တက္ကသိုလ်၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်း၊ တက္ကသိုလ်ဆေးရုံနှင့် သင်တန်းသား၊ သင်တန်းသူများ၏စားရိပ်သာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ စံပယ်ဆောင်စားရိပ်သာ၌ အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၁၁၄)မှ သင်တန်းသူများနှင့် နေ့လယ်စာကို အတူတကွ သုံးဆောင်သည်။

ထို့နောက် တက္ကသိုလ်အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ တက္ကသိုလ်သင်ကြား၊ စီမံဌာနများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး လေ့ကျင့်သင်ကြားရေးနှင့် အုပ်ချုပ်မှုဆိုင်ရာတင်ပြချက်များ အပေါ်လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

## MWD Education, Knowledge & Sports Channel

၂၃-၆-၂၀၂၆ (အင်္ဂါနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၇:၀၀ | မှ | ၀၈:၁၇ | Grade–4 | မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ လူမှုရေး၊ သိပ္ပံ |
| ၂။ | ၀၈:၁၇ | မှ | ၀၈:၃၀ | Grade–6 | မြန်မာစာ |
| ၃။ | ၁၅:၃၀ | မှ | ၁၈:၂၅ | Grade–6 | မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ(၁)၊ သင်္ချာ(၂) |
| ၄။ | ၁၈:၂၅ | မှ | ၂၀:၂၀ | Grade–6 | ပထဝီဝင်၊ သမိုင်း၊ သိပ္ပံ |

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၃˚c | / | ၃၁˚c |
| ရန်ကုန် | ၂၄˚c | / | ၃၄˚c |
| မန္တလေး | ၂၆˚c | / | ၃၄˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကျင်းပ



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦး ဒိုင်းဆုရရှိသော အသင်းအား ဒိုင်းဆုနှင့်ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် ဇွန် ၂၂

အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ ပြည်ထောင်စုအားကစားကွင်းရှိ အားကစားခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦးနှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ဖိတ်ကြားထားသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ဗိုလ်လုပွဲ ပွဲစဉ်များ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက်ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများနှင့် ဒိုင်းဆုရရှိသောအသင်းတို့အား တိုင်းမှူးနှင့်တာဝန်ရှိသူများက ဒိုင်းဆုနှင့်ဂုဏ်ပြုဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်တပ်နယ်များအလိုက် ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ဇွန်လ ၁၇ ရက်မှ ယနေ့အထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ဒိုင်းဆုရရှိသောအသင်းအား ဒိုင်းဆုနှင့်ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် ဇွန် ၂၂

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲ ပွဲစဉ်ဖြစ်သည့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ စခန်းရုံးအသင်းနှင့် မြိတ်တပ်နယ်အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ဒိုင်အဖွဲ့ဝင်များ၊ တစ်ဦးချင်းအကောင်းဆုံးအားကစားသမားဆုရရှိကြသူများ၊ ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသောအသင်းများနှင့် ဒိုင်းဆုရရှိသောအသင်းတို့အား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့်ဂုဏ်ပြုဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်များမှ ပြိုင်ပွဲဝင်အသင်း ၈ သင်းဖြင့် ဇွန်လ ၈ ရက်မှ ယနေ့အထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

နေပြည်တော် ဇွန် ၂၂

အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ ပြည့်ဇာနည်အားကစားခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ဗိုလ်လုပွဲ ပွဲစဉ် ယှဉ်ပြိုင်ကစားမှုများကိုကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်အကောင်းဆုံးဆုရရှိကြသူများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဒိုင်းဆုရရှိသော အသင်းတို့အား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့်ဂုဏ်ပြုဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုး ဒိုင်းဆုရရှိသော အသင်းအား ဒိုင်းဆုနှင့်ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်စဉ်။

အဆိုပါ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်များမှ ပြိုင်ပွဲဝင်အသင်း ၈ သင်းဖြင့် ဇွန်လ ၁၉ ရက်မှ ယနေ့အထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

## မှတ်သား ဖွယ်ရာ မိုးရေချိန်များ

၂၂-၆-၂၀၂၆

| | | | |
|---|---|---|---|
| စစ်တွေ | ၃ | ဒသမ | ၆၇ လက်မ |
| မာန်အောင် | ၂ | ဒသမ | ၅၂ လက်မ |
| ရွှေကျင် | ၂ | ဒသမ | ၄၀ လက်မ |
| ကျောက်ဖြူ | ၂ | ဒသမ | ၂၆ လက်မ |
| ငါးသိုင်းချောင်း | ၁ | ဒသမ | ၉၇ လက်မ |
| လှည်းကူး | ၁ | ဒသမ | ၉၃ လက်မ |
| မဒေါက် | ၁ | ဒသမ | ၈၉ လက်မ |

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် ဇွန် ၂၂

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲဆုပေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဗထူးတပ်မြို့ရှိ နယ်မြေခံ သင်တန်းကျောင်း စက်ပစ်ကွင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် ဆုပေးပွဲကိုဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများနှင့် ဒိုင်းဆုရရှိသောအသင်းတို့အား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့်ဂုဏ်ပြုဆုများ အသီးသီးချီးမြှင့်ပေးအပ်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲအား တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အမျိုးသားအသင်း ၈ သင်းနှင့် အမျိုးသမီးအသင်း ၈ သင်းတို့ဖြင့် ဇွန်လ ၁၅ ရက်မှ ယနေ့အထိ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး ဒိုင်းဆုရရှိသော အသင်းအား ဒိုင်းဆုနှင့်ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်စဉ်။

**❒ ရှေ့ဖုံးမှအဆက်**

**နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်။** ခေါင်းဆောင်တစ်ယောက်၊ ဘယ်ခေါင်းဆောင်ပဲဖြစ်ဖြစ်၊ ဘယ် Level မှာပဲဖြစ်ဖြစ် ခေါင်းဆောင်ဆိုတာတော့ သူတာဝန်ယူရတဲ့ လုပ်ငန်းအပေါ်မှာ၊ ဌာနအပေါ်မှာ ဘယ်လိုကောင်းအောင်လုပ်မလဲဆိုတဲ့ စိတ်ရှိရင် အဲဒီလုပ်ငန်းတို့၊ ဌာနတို့က အမြဲတမ်းတိုးတက်ပါတယ်။ ဒါက ကောင်းအောင်လုပ်မယ်ဆိုတဲ့စိတ်၊ ကောင်းတဲ့စိတ် မွေးတာပါ။ ကျွန်တော်လည်း ဒီလိုပါပဲ၊ အရင်က ကျွန်တော်တာဝန်ယူခဲ့တဲ့ ဌာနမှာဆိုရင် ကျွန်တော် ဘယ်လိုကောင်းအောင်လုပ်မယ်ဆိုတဲ့ စိတ်နဲ့ပဲလုပ်ခဲ့ပါတယ်။ အောက်ခြေ Level ကနေ စပြီးတော့ အဆင့်မြင့်တာဝန်ထမ်းဆောင်တဲ့အထိ ဒီလိုပဲလုပ်တယ်။

အခု နိုင်ငံတော်တာဝန်ယူတဲ့အခါမှာလည်း နိုင်ငံတော်ကိုဘယ်လိုကောင်းအောင်လုပ်မလဲဆိုတဲ့ စိတ်နဲ့လုပ်ပါတယ်၊ စိတ်ကူးဆိုတာရှိတယ်၊ ဒီလိုလုပ်ရင်ဘယ်လိုဖြစ်နိုင်မလဲဆိုတာရှိကြတယ်။ ဒါကိုရအောင် အကောင်အထည်ဖော်ရတယ်။ အဲဒီမှာ ခိုင်မာတဲ့စိတ်ရှိဖို့လိုတယ်။ သူများပြောရင် ဟုတ်နိုးနိုး ဒီလိုလုပ်နေလို့တော့ မရဘူး။ ကိုယ်ဘာလုပ်ချင်တာလဲ၊ လုပ်ချင်တာက မှန်ဖို့လည်းလိုတယ်။ မမှန်ရင် ဒီဟာက အကျိုးရှိမှာမဟုတ်ဘူး။ ပြဿနာတွေရှိလာလိမ့်မယ်၊ ဖြစ်ပျက်နေတဲ့ ကမ္ဘာတွေမှာ ကြည့်လိုက်ရင် ဒီအတိုင်းပဲ ကျွန်တော်တွေ့တယ်။ ဒီလိုစိတ်ရင်းနဲ့ လုပ်တယ်လို့ ကျွန်တော်ပြောချင်တာပါ။

**တွေ့ဆုံမေးမြန်းသူ။ မေးခွန်းနဲ့ပတ်သက်ပြီး သမ္မတကြီး အခုဖြေခဲ့တာကို အားရကျေနပ်မိပါတယ်။ ကျွန်မအနေနဲ့ ၂၀၂၃ ခုနှစ်က မြန်မာနိုင်ငံကို ရောက်ခဲ့ဖူးပါတယ်။ မြန်မာနိုင်ငံဟာဆိုရင် သဘာဝအရင်းအမြစ်တွေနဲ့ပြည့်စုံပြီး နယ်ပယ်ပေါင်းစုံမှာတိုးတက်နိုင်တဲ့ အလားအလာတွေ အများကြီးရှိနေပါတယ်။ ဒီအလားအလာတွေအထဲမှာမှ ၂၀၂၆ ခုနှစ်မှာ သမ္မတကြီးအနေနဲ့ ပြည်သူလူထုတွေရဲ့ လူနေမှုဘဝ၊ အသက်အိုးအိမ်စည်းစိမ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘယ်လိုနယ်ပယ်၊ အခန်းကဏ္ဍတွေကနေ ဆောင်ရွက်သွားမလဲဆိုတာကို သိရှိလိုပါတယ်ရှင့်။**

**နိုင်ငံတော်သမ္မတ။** ကျွန်တော်တို့ဆီမှာ သဘာဝအရင်းအမြစ်တွေရှိတယ်၊ ထုတ်ကုန်ပစ္စည်းတွေရှိတယ်။ နှစ်မျိုးရှိပါတယ်။ နောက်ပြီး လူသားအရင်းအမြစ်တွေရှိတယ်။ ဒီသုံးခုကို ဘယ်လိုအသုံးချမလဲ စဉ်းစားရပါတယ်၊ ကျွန်တော့်ရဲ့မူဝါဒကတော့ သဘာဝအရင်းအမြစ်တွေ၊ ထုတ်ကုန်ပစ္စည်းတွေကို ကုန်ကြမ်းအနေနဲ့ ရောင်းတာမျိုး မနှစ်သက်ဘူး။ ဒီဟာကို တစ်ဆင့်မြှင့်ပြီး တန်ဖိုးမြှင့်ပြီးသွားတာမျိုးဖြစ်အောင် လုပ်ရမယ်။ ဘာလဲဆိုတော့ လုပ်ငန်းတွေတိုးချဲ့ပေးတဲ့သဘော၊ အလုပ်အကိုင်တွေပိုရအောင်လုပ်ပေးတဲ့သဘောပါ။ ကျွန်တော်တို့ဆီမှာ စိုက်ပျိုးရေးထုတ်ကုန်တွေရှိတယ်။ တွင်းထွက်ပစ္စည်း၊ မြေပေါ်မြေအောက် သယံဇာတပစ္စည်းတွေရှိတယ်။

ခုနကပြောတဲ့ စိုက်ပျိုးရေးလုပ်ငန်းမှာဆိုရင် စိုက်ပျိုးရေးထုတ်ကုန်တွေကို အားပေးရမယ်။ ဒါတွေလုပ်နိုင်ဖို့ဆိုရင် အသေးစား၊ အငယ်စား၊ အလတ်စား (MSME) လုပ်ငန်းတွေကို အားပေးမှုရမယ်။ ဒီလိုလုပ်နိုင်ရင် အခြေခံလူတန်းစားတွေအတွက် အလုပ်တွေ အများကြီးရမယ်၊ နောက်တစ်ခုက နည်းပညာနဲ့ပတ်သက်တာတွေလည်း ကျွန်တော်တို့တစ်ဆင့်ချင်းသွားမယ်၊ မသွားလို့လည်း မရဘူး။ ဒီခေတ်က ကျန်ခဲ့လို့မရဘူး၊ နည်းပညာနဲ့ပတ်သက်တဲ့ လုပ်ငန်းတွေ၊ ဥပမာ စိုက်ပျိုးရေးလုပ်ငန်းဆိုရင် နည်းပညာနဲ့သွားတဲ့ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ စက်မှုတို့ဆိုရင်လည်း နည်းပညာနဲ့လုပ်တဲ့လုပ်ငန်း၊ ဒီလိုသွားမှရမှာပါ၊ ဒီလိုအားပေးမှပြည်သူတွေကလည်း အလုပ်အကိုင်အခွင့်အလမ်းတွေ များများရပြီးတော့ ဝင်ငွေရလာရင် သူတို့ရဲ့ဥစ္စာဓနကြွယ်ဝမှုနဲ့ သူတို့ရဲ့လူမှုစီးပွားက တက်လာလိမ့်မယ်။ တိုင်းပြည်က တက်လာမယ့်သဘောပါ။ ဒါကို ကျွန်တော်က ဦးတည်ပါတယ်။

**တွေ့ဆုံမေးမြန်းသူ။ ဒီသုံးသပ်ချက်အပေါ်မှာလည်း လယ်ယာစိုက်ပျိုးရေးထုတ်ကုန်တွေကို တိုးမြှင့်ထုတ်လုပ်ပြီးတော့ ပြည်သူလူထုရဲ့ လူနေမှုဘဝတွေ ဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်မယ်လို့ သမ္မတကြီးအနေနဲ့ ပြောသွားတာကို ကျေးဇူးတင်ပါတယ်။ ဆက်စပ်မေးလိုတာကတော့ ကျွန်မတို့ တရုတ်-မြန်မာ နှစ်နိုင်ငံရဲ့ စီးပွားရေးစကြံအကြောင်းဖြစ်ပါတယ်။ ၂၀၂၆ ခုနှစ်မှာ ၇၆ နှစ်တိုင်ခဲ့ပြီဖြစ်တဲ့ တရုတ်-မြန်မာ သံတမန်ဆက်ဆံရေးကနေ ခုနက သမ္မတကြီးပြောကြားခဲ့တဲ့ ထုတ်ကုန်တွေကို ဒီစီးပွားရေးစကြံ Platform ကို အသုံးပြုပြီးတော့ ဘယ်လိုအခန်းကဏ္ဍကနေဆောင်ရွက်သွားမလဲရှင့်။**

**နိုင်ငံတော်သမ္မတ။** ကျွန်တော်တို့မှာ ရှည်လျားတဲ့သမိုင်းကြောင်းတွေရှိတယ်၊ ၇၆ နှစ်ဆိုတဲ့ သံတမန်ဆက်ဆံရေးပါ။ ဒါပေမဲ့ ကျွန်တော်တို့ ဆက်ဆံတာ နှစ်ပေါင်းများစွာရှိပါပြီ၊ ဟိုးအရင်ကတည်းက ကူးသန်းရောင်းဝယ်မှုတွေလုပ်ခဲ့ကြတယ်၊ ဒါတွေကို အသုံးချရမှာပါ၊ ခုနကပြောတဲ့ စိုက်ပျိုးရေးထုတ်ကုန်တွေ၊ မွေးမြူရေးထုတ်ကုန်တွေ၊ သယံဇာတပစ္စည်းထုတ်ကုန်တွေ၊ ဒါတွေကို မြန်မာနိုင်ငံမှာ ကုန်ချောအဖြစ်ထုတ်ပြီးတော့ တရုတ်နိုင်ငံကို တင်ပို့တာမျိုးပါ။ တရုတ်နိုင်ငံက ကြီးမားတဲ့ဈေးကွက်ကြီးပါ။ ခင်ဗျားတို့နိုင်ငံက လူဦးရေ သန်းပေါင်း ၁၄၀၀ ကျော်လောက်ရှိတယ်။ ကျွန်တော်တို့အတွက် ကြီးမားတဲ့ ဈေးကွက်ကြီးတစ်ခုဖြစ်ပါတယ်၊ ဒါကို ကျွန်တော်တို့က အသုံးချဖို့လိုတယ်။

ရောင်းတယ်ဆိုတာလည်း သုံးတဲ့သူက အသုံးလိုဖို့လိုအပ်ပါတယ်။ အသုံးလိုတဲ့ ပစ္စည်းကို ကျွန်တော်တို့က ထုတ်ပေးနိုင်ဖို့လိုတယ်။ ခင်ဗျားတို့ လိုအပ်တာကို ကျွန်တော်တို့ကထုတ်ပြီး ရောင်းနိုင်ရမယ်၊ ဒါကို ကျွန်တော်တို့က ရအောင်အကောင်အထည်ဖော်ရမှာပါ။ ကျွန်တော် အခုလာတဲ့ ခရီးစဉ်မှာ နှစ်ဖက်ကုန်သွယ်မှုမြှင့်တင်ဖို့၊ တရုတ်နိုင်ငံက မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံပြီး အလုပ်လုပ်ဖို့၊ ရင်းနှီးမြှုပ်နှံပြီး ထွက်လာတဲ့ပစ္စည်းကို တရုတ်နိုင်ငံကို ပြန်ရောင်းတာလည်း ဖြစ်ရင်ဖြစ်မယ်။ တခြားနိုင်ငံကို ရောင်းတာလည်း ဖြစ်ရင်ဖြစ်မယ်၊ မြန်မာနိုင်ငံမှာ ရောင်းတာလည်း ဖြစ်ရင်ဖြစ်မယ်။ ဒီလိုသွားရမှာပါ။

ဒီလိုလုပ်မယ်ဆိုရင် ဒီစီးပွားရေးစကြံက အလုပ်ဖြစ်ပါတယ်။ စီးပွားရေးစကြံက အောင်မြင်တယ်လို့ ပြောလို့ရတယ်၊ ဒါပေမဲ့ အဲဒီလမ်းကြောင်းဟာ ချောမွေ့နေဖို့တော့ လိုတယ်။ လုံခြုံချောမွေ့နေဖို့လိုတယ်။ လုံခြုံချောမွေ့နေအောင် ကျွန်တော်တို့ ဖန်တီးရမယ်၊ ရထားလမ်းတွေ၊ ကားလမ်းတွေကောင်းအောင် ကျွန်တော်တို့ လုပ်ပေးရမယ်။ နှစ်နိုင်ငံကူးသန်းရောင်းဝယ်မှုတွေ၊ နယ်စပ်ဒေသ ကူးသန်းရောင်းဝယ်မှုတွေ အကုန်ကောင်းအောင်လုပ်ပေးရမယ်၊ ဒီခေတ်က နည်းပညာခေတ်ဖြစ်တဲ့အတွက် နည်းပညာကိုအသုံးချပြီးတော့မှ ကူးလူးဆက်ဆံမှုတွေ လုံလုံခြုံခြုံနဲ့ ခိုင်ခိုင်မာမာဖြစ်အောင် ဆောင်ရွက်ပေးရမယ်။ သာမန်ဈေးရောင်းဈေးဝယ်မျိုးတော့ လုပ်လို့မရဘူး။ ကဏ္ဍပေါင်းစုံကနေ လုပ်ရမယ့်ဟာတွေရှိပါတယ်။ တော်တော်လေး ကျယ်ပြန့်ပါတယ်၊ ဒါကို ကျွန်တော်တို့က ခိုင်ခိုင်မာမာဖြစ်ဖို့ ရည်ရွယ်ပြီး ဆောင်ရွက်နေတာဖြစ်ပါတယ်။

**တွေ့ဆုံမေးမြန်းသူ။ ကျေးဇူးတင်ပါတယ်။ သမ္မတကြီးအနေနဲ့ တရုတ်နိုင်ငံနဲ့ပတ်သက်ပြီး ကုန်သွယ်မှုနဲ့ စီးပွားရေးရင်းနှီးမြှုပ်နှံမှုတွေကို တိုးတက်အောင် ဆောင်ရွက်သွားမယ်ဆိုပြီး ပြောခဲ့တာရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီး သမ္မတကြီးကို မေးမြန်းလိုတာက တရုတ်နိုင်ငံက စီးပွားရေးလုပ်ငန်းရှင်တွေ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှု ပိုမိုနက်ရှိုင်းစွာ ဆောင်ရွက်လာနိုင်ဖို့အတွက် မြန်မာနိုင်ငံအစိုးရအနေနဲ့ တရုတ်နိုင်ငံက စီးပွားရေးလုပ်ငန်းရှင်တွေအတွက် သက်သာတဲ့မူဝါဒတွေ၊ ထောက်ပံ့မယ့်မူဝါဒတွေနဲ့ မြန်မာ့ဈေးကွက်ကို သတိထားမိအောင် ဘယ်လိုမျိုးဆောင်ရွက်ဖို့ရှိပါသလဲ။ နိုင်ငံတကာဈေးကွက်နဲ့ အာဆီယံဈေးကွက်မှာ ဝင်ဆံ့မှုအတိုင်းအတာတို့နဲ့ပတ်သက်ပြီးတော့ မြန်မာနိုင်ငံအနေနဲ့ ဘယ်လိုမူဝါဒတွေစဉ်းစားထားတာရှိပါသလဲ။**

**နိုင်ငံတော်သမ္မတ။** မြန်မာနိုင်ငံအတွက် တရုတ်နိုင်ငံက အကြီးမားဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်ပါတယ်၊ မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံမှုမှာ တရုတ်နိုင်ငံက အများဆုံးဖြစ်ပါတယ်။ ကုန်သွယ်ဖက်မှာလည်း ကျွန်တော်တို့အတွက် အကြီးဆုံးနိုင်ငံ၊ ရင်းနှီးမြှုပ်နှံမှုမှာလည်း တရုတ်နိုင်ငံက အများဆုံးနိုင်ငံပါ။ ဒါကို ဆက်လက်ပြီး တိုးချဲ့ဖို့ ရည်ရွယ်တာပါ။ ခင်ဗျားတို့နိုင်ငံမှာ ကြီးမားတဲ့ဈေးကွက်ကြီးရှိသလိုပဲ ကျွန်တော်တို့ နောက်မှာလည်း လူဦးရေ သန်းပေါင်း ၁၄၀၀ ကျော်ရှိတဲ့ ကမ္ဘာမှာ လူဦးရေ အများဆုံးဖြစ်တဲ့ အိန္ဒိယနိုင်ငံရှိတယ်။ ပြီးတော့ လူဦးရေသန်းပေါင်း ၁၆၀ လောက်ရှိတဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိတယ်၊ လူဦးရေသန်းပေါင်း ၇၀ ကျော်ရှိတဲ့ ထိုင်းနိုင်ငံရှိတယ်။ ခုနကပြောတဲ့ အာဆီယံနိုင်ငံတွေ တစ်ဆက်တည်းပါ၊ ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ အရှေ့ဘက်သွားရင် ကမ္ဘောဒီးယား၊ လာအိုတို့ ရှိပါတယ်။ တရုတ်နိုင်ငံက မြန်မာနိုင်ငံမှာ စီးပွားရေးလုပ်ငန်းတွေ လာလုပ်မယ်ဆိုရင် ရင်းနှီးမြှုပ်နှံမှုဥပဒေရှိတယ်၊ နိုင်ငံတကာမှာတော့ ဒေါ်လာငွေကြေးသုံးကြတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုအတွက် ယွမ်ငွေကိုလည်း ဥပဒေအရ ပေးထားတယ်၊ လာတဲ့စီးပွားရေးလုပ်ငန်းရှင်တွေ ဗီဇာနဲ့ပတ်သက်ပြီး ကန့်သတ်ချက် လုပ်မထားဘူး၊ အကုန်ဆောင်ရွက်ပေးတယ်၊ One Stop Service တွေ လုပ်ပေးထားတယ်။ အခက်အခဲတွေ မဖြစ်အောင်ပါ။ ဥပဒေအရလည်း အကာအကွယ် အကုန်ပေးထားပါတယ်၊ ဒါကို နှစ်နိုင်ငံသဘောတူပြီးသားရှိတယ်။

ကျွန်တော်တို့နိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံခြင်းအားဖြင့် ထွက်လာတဲ့ထုတ်ကုန်ပစ္စည်းတွေကို အနောက်ဘက်ကို သွားမလား၊ အာဆီယံဈေးကွက်ကိုသွားမလား၊ ဒီလိုသွားလို့ရတယ်။ အနောက်ဘက်ဆို အိန္ဒိယရှိတယ်။ ဘင်္ဂလားဒေ့ရှ်ရှိတယ်။ ပြီးတော့ ပင်လယ်ရေကြောင်းကနေ သွားလို့ရတဲ့ လမ်းကြောင်းတွေလည်း အများကြီးရှိတယ်။ ဒါကို ကျွန်တော်တို့ အကောင်းဆုံးဖြစ်အောင် လုပ်ပေးမယ်၊ ဥပဒေအရလည်း အကာအကွယ်ပေးထားတယ်၊ သို့သော်လည်း သီးခြားတော့ အကာအကွယ်ပေးလို့ မရဘူး။ ဥပဒေဆိုတာ အဖွဲ့အစည်းတစ်ခုကို သီးခြားကာကွယ်ပေးလို့ မရပါဘူး။ အကုန်လုံးနဲ့ တူညီတဲ့ အခွင့်အရေးပေးရမယ်။ နိုင်ငံပေါင်းများစွာ ဆက်ဆံရတာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်ကတော့ လုပ်မယ်ဆိုရင် အောင်မြင်မှုရလိမ့်မယ်။ တရုတ်နိုင်ငံအတွက်လည်း အထောက်အကူရလိမ့်မယ်လို့ယုံကြည်ပါတယ်။

*** ကျွန်တော်တို့ဆီမှာ သဘာဝအရင်းအမြစ်တွေရှိတယ်။ ထုတ်ကုန်ပစ္စည်းတွေရှိတယ်။ နှစ်မျိုးရှိပါတယ်။ နောက်ပြီး လူသားအရင်းအမြစ်တွေရှိတယ်။ ဒီသုံးခုကို ဘယ်လိုအသုံးချမလဲ စဉ်းစားရပါတယ်။ ကျွန်တော့်ရဲ့မူဝါဒကတော့ သဘာဝအရင်းအမြစ်တွေ၊ ထုတ်ကုန်ပစ္စည်းတွေကို ကုန်ကြမ်းအနေနဲ့ရောင်းတာမျိုး မနှစ်သက်ဘူး။ ဒီဟာကို တစ်ဆင့်မြှင့်ပြီး တန်ဖိုးမြှင့်ပြီးသွားတာမျိုးဖြစ်အောင် လုပ်ရမယ်။ ဘာလဲဆိုတော့ လုပ်ငန်းတွေတိုးချဲ့ပေးတဲ့သဘော၊ အလုပ်အကိုင်တွေပိုရအောင် လုပ်ပေးတဲ့သဘောပါ။ ကျွန်တော်တို့ဆီမှာ စိုက်ပျိုးရေးထုတ်ကုန်တွေရှိတယ်။ တွင်းထွက်ပစ္စည်း၊ မြေပေါ်မြေအောက် သယံဇာတပစ္စည်းတွေရှိတယ်။**

*** ခုနကပြောတဲ့ စိုက်ပျိုးရေးလုပ်ငန်းမှာဆိုရင် စိုက်ပျိုးရေးထုတ်ကုန်တွေကို အားပေးရမယ်။ ဒါတွေလုပ်နိုင်ဖို့ဆိုရင် အသေးစား၊ အငယ်စား၊ အလတ်စား (MSME) လုပ်ငန်းတွေကို အားပေးမှုရမယ်။ ဒီလိုလုပ်နိုင်ရင် အခြေခံလူတန်းစားတွေအတွက် အလုပ်တွေအများကြီး ရမယ်။ နောက်တစ်ခုက နည်းပညာနဲ့ပတ်သက်တာတွေလည်း ကျွန်တော်တို့ တစ်ဆင့်ချင်း သွားမယ်၊ မသွားလို့လည်း မရဘူး။ ဒီခေတ်က ကျန်ခဲ့လို့မရဘူး၊ နည်းပညာနဲ့ ပတ်သက်တဲ့ လုပ်ငန်းတွေ၊ ဥပမာ စိုက်ပျိုးရေးလုပ်ငန်းဆိုရင် နည်းပညာနဲ့သွားတဲ့ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ စက်မှုတို့ဆိုရင်လည်း နည်းပညာနဲ့လုပ်တဲ့လုပ်ငန်း၊ ဒီလိုသွားမှရမှာပါ။ ဒီလို အားပေးမှ ပြည်သူတွေကလည်း အလုပ်အကိုင်အခွင့်အလမ်းတွေ များများရပြီးတော့ ဝင်ငွေ ရလာရင် သူတို့ရဲ့ဥစ္စာဓနကြွယ်ဝမှုနဲ့ သူတို့ရဲ့လူမှုစီးပွားက တက်လာလိမ့်မယ်။ တိုင်းပြည်က တက်လာမယ့်သဘောပါ။ ဒါကို ကျွန်တော်က ဦးတည်ပါတယ်။**

**စာမျက်နှာ ၁၂ သို့ ❒**

❒ စာမျက်နှာ ၁၁ မှအဆက်

ခုနက တစ်ချက်ကျန်ခဲ့တာက နယ်စပ်မှာ ကုန်သွယ်မှုအတွက် ပေးချေတဲ့အခါ ယွမ်ငွေနဲ့ ကျပ်ငွေပေးချေခွင့် ပေးထားပါတယ်။ တရုတ်ကုန်သည်တွေက မြန်မာနိုင်ငံက ပစ္စည်းဝယ်မယ်ဆို ယွမ်နဲ့ပေး၊ ဘဏ်ချင်းလည်း သဘောတူပြီးသားရှိတယ်။ ခွင့်ပြုထားပါတယ်။ ကျွန်တော့်လက်ထက်မှာ စပြီးခွင့်ပြုခဲ့တာဖြစ်ပါတယ်။

**တွေ့ဆုံမေးမြန်းသူ။ ဟုတ်ကဲ့ပါ။ ဒါက ကျွန်မစိတ်ဝင်စားတဲ့ နယ်ပယ်လည်းဖြစ်ပါတယ်။ ဒီလို ယွမ်ငွေနဲ့ တိုက်ရိုက်ရင်းနှီးမြှုပ်နှံခွင့် ပေးလိုက်တာကိုလည်း ကျွန်မတို့အနေနဲ့ စိတ်ဝင်စားမှုရှိပါတယ်။ ဒီအပေါ်မှာ သမ္မတကြီးအနေနဲ့ ယွမ်ငွေနဲ့ ရင်းနှီးမြှုပ်နှံတဲ့အတွက် မြန်မာနိုင်ငံရဲ့ GDP ဘယ်လောက်တိုးတက်လာနိုင်တယ်လို့ သုံးသပ်ထင်မြင်ပါသလဲရှင့်။**

**နိုင်ငံတော်သမ္မတ။** GDP ဆိုတာကတော့ အခြေအနေ သုံးရပ်အပေါ်မူတည်ပါတယ်။ လယ်ယာ ကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီးနဲ့ ဝန်ဆောင်မှုကဏ္ဍကြီး အပေါ်မှာမူတည်ပြီး တက်လာတာပါ။ သို့သော် တစ်ခုလုပ်လိုက်တာနဲ့ ဆင့်ကဲဆင့်ကဲပါလာတဲ့ အကျိုးဆက်တွေရှိတယ်။ ကျွန်တော်တို့ တိုင်းပြည်ရဲ့ GDP ကနည်းပါတယ်။ တရုတ်နိုင်ငံရဲ့ ပြည်နယ်အဆင့်ဆိုရင်တောင် ကျွန်တော်တို့ နိုင်ငံထက်များပါတယ်။ ကျွန်တော်တို့ကဒီထက်ပိုပြီး တိုးတက်အောင်လုပ်ဖို့ ရည်ရွယ်ချက်ရှိပါတယ်။ ရင်းနှီးမြှုပ်နှံမှုကနေ လုပ်တာရှိပါတယ်။ ကျွန်တော်တို့ကိုယ်တိုင်ကလည်း Production ကိုတိုးချဲ့မှရမယ်။ အဲဒီလို တိုးချဲ့မှ GDP က တက်လာပါမယ်။ ရင်းနှီးမြှုပ်နှံမှု လုပ်တဲ့အတွက်ကြောင့် ကဏ္ဍပေါင်းစုံက ထုတ်လုပ်မှုတွေများလာမယ်။ အလုပ်အကိုင်အခွင့်အလမ်းတွေများလာမယ်။ အဲဒါနဲ့ ဆက်စပ်ပြီးနောက်ဆုံးဝန်ဆောင်မှုမှာ တက်လာမယ်၊ ဒါက ထပ်ဆင့်တက်လာမယ့် ကိစ္စဖြစ်တဲ့အတွက် မှန်းရခက်ပါတယ်။ နှစ်ဆလောက်တော့ တက်လိမ့်မယ်လို့ ထင်ပါတယ်။ တရုတ်နိုင်ငံနဲ့ လက်ရှိရင်းနှီးမြှုပ်နှံမှု တိုးချဲ့ခြင်းကနေဖြစ်လာမယ့် အကျိုးဆက်က GDP နှစ်ဆလောက် တက်လာမယ်လို့ မျှော်လင့်ပါတယ်။ ဘာကြောင့်ဆိုတော့ ကျွန်တော်တို့မှာ လုပ်နိုင်တဲ့ အခွင့်အလမ်းတွေရှိပါတယ်။ လုပ်နိုင်ဖို့ပဲလိုတာပါ။ လုပ်နိုင်ဖို့ကိုလည်း ပူးပေါင်းဆောင်ရွက်လုပ်ရပါမယ်။ ဒါကြောင့် ဒီဟာကို ကျွန်တော် အင်မတန်အားထည့်ပြီး ဆောင်ရွက်နေတာပါ။

**တွေ့ဆုံမေးမြန်းသူ။ ကျေးဇူးတင်ပါတယ်။ သမ္မတကြီးရှင့်။ ကျွန်မ သတင်းစဉ်တွေမှာ တွေ့ရတဲ့အတိုင်းဆိုရင် သမ္မတကြီးအနေနဲ့ တရုတ်နိုင်ငံကို လာရောက်တဲ့အချိန်မှာ တရုတ်နိုင်ငံက စက်ရုံအလုပ်ရုံ နယ်ပယ်ပေါင်းစုံကိုသွားခဲ့ပါတယ်။ ဥပမာပြောရရင် အာကာသနဲ့ပတ်သက်တဲ့ ပြခန်းတွေ၊ စက်ရုံအလုပ်ရုံတွေကို သွားခဲ့ပါတယ်။ တရုတ်နိုင်ငံရဲ့ နည်းပညာကိုမူတည်ပြီး မြန်မာနိုင်ငံရဲ့ ဘယ်နယ်ပယ်တွေမှာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်လိုတယ်။ မြှင့်တင်ဖို့ဆန္ဒရှိတယ်ဆိုတာ ကျွန်မအနေနဲ့ သိရှိလိုပါတယ်။**

**နိုင်ငံတော်သမ္မတ။** တရုတ်နိုင်ငံရဲ့ နည်းပညာမြင့်မားမှုနယ်ပယ်က အတော်လေးကို ကျယ်ပြန့်ပါတယ်။ အိုင်တီနဲ့ အာကာသ၊ စက်မှုလုပ်ငန်းရှိတယ်။ ယဉ်ကျေးမှုနဲ့ ပတ်သက်တာ၊ သယ်ယူပို့ဆောင်ရေးနဲ့ ပတ်သက်တာစတဲ့ ကဏ္ဍတွေပေါင်းစုံရှိပါတယ်။ ပူးပေါင်းဆောင်ရွက်မှုလုပ်မယ်ဆို ကဏ္ဍပေါင်းစုံကိုပူးပေါင်းဆောင်ရွက်မယ့် သဘောရှိပါတယ်။ ပူးပေါင်းဆောင်ရွက်နိုင်မယ့် အခြေအနေရှိအောင်လည်း ကျွန်တော်တို့ဘက်ကလည်း ကြိုးစားရမှာပါ။ တရုတ်နိုင်ငံရဲ့ နည်းပညာမြင့်မားမှုကို ကျွန်တော်တို့အနေနဲ့ လိုက်လုပ်နိုင်ဖို့ လိုပါတယ်၊ တရုတ်နိုင်ငံရဲ့နည်းပညာမြင့်မားမှုကလည်း အတော်လေးကိုမြန်ပါတယ်။ နည်းပညာတွေက အချိန်နဲ့တစ်ပြေးညီ ခဏခဏပြောင်းလဲနေတာပါ။

ဥပမာ ကျွန်တော်ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ်က ရောက်ခဲ့တဲ့အချိန်မှာ တချို့လုပ်ငန်းတွေ ကြည့်ခဲ့တယ်၊ ၂၀၁၅ ခုနှစ်ရောက်ခဲ့တဲ့ အချိန်မှာ တချို့လုပ်ငန်းတွေကြည့်ခဲ့တယ်။ ၂၀၁၆ ခုနှစ်ရောက်ခဲ့တဲ့ အချိန်မှာလည်း တချို့လုပ်ငန်းတွေကြည့်တယ်။ ၂၀၁၄ ခုနှစ် အခြေအနေ၊ ၂၀၁၅ ခုနှစ်အခြေအနေတွေက ပြောင်းလဲသွားပြီ။ ဒါပေမဲ့ ကျွန်တော်တို့က ၂၀၁၄ ခုနှစ်ရဲ့ အခြေအနေရောက်အောင်တောင် အတော်လေးလုပ်ရမယ့် အခြေအနေမှာရှိပါတယ်။ ကျွန်တော်တို့ လူတွေကလည်း ပြင်ဆင်မှုလိုအပ်ပါတယ်။ ပြင်ဆင်မှုအတွက် တရုတ်နိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်မှုလည်းလိုပါတယ်။ နည်းပညာကတော့ ကဏ္ဍပေါင်းစုံကနေ လုပ်ဖို့ရှိပါတယ်။ ကျယ်လည်းကျယ်ဝန်းပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေးကို ကျွန်တော်တို့ မျှော်မှန်းပြီး လုပ်ဆောင်ဖို့ရှိပါတယ်။

**တွေ့ဆုံမေးမြန်းသူ။ ကျေးဇူးတင်ပါတယ်။ သမ္မတကြီးအနေနဲ့ နယ်စပ်ကုန်သွယ်မှု လမ်းကြောင်းကိုလုံခြုံပြီး အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ရမယ်လို့ ခုနကပြောခဲ့ပါတယ်။ အဲဒါမှ နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မယ်လို့ ပြောခဲ့ပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး သမ္မတကြီးကိုမေးမြန်းလိုတာကတော့ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ဖို့အတွက် နယ်စပ်ဒေသစီမံခန့်ခွဲမှုဆိုင်ရာမှာ ဘယ်လိုမူဝါဒတွေရှိတယ်။ ပြီးတော့ မြန်မာနိုင်ငံ နယ်စပ်ဒေသမှာ လာရောက်ရင်းနှီးမြှုပ်နှံတဲ့ တရုတ်လုပ်ငန်းရှင်တွေနဲ့ စီးပွားရေးလုပ်ငန်းတွေအပေါ် လုံခြုံရေးနဲ့ပတ်သက်ပြီးတော့ ဘယ်လိုအာမခံချက်မျိုး စီမံဆောင်ရွက်ဖို့ရှိပါသလဲ။**

**နိုင်ငံတော်သမ္မတ။** ပွင့်ပွင့်လင်းလင်း ပြောရရင် လောလောဆယ်အနေအထားမှာ နယ်စပ်ဒေသ လုံခြုံအေးချမ်းရေးက အားနည်းပါတယ်။ ဒါက ကျွန်တော်တို့ နှစ်ဖက်အစိုးရတွေအချင်းချင်း ညှိနှိုင်းဆောင်ရွက်ရမယ့်ကိစ္စဖြစ်ပါတယ်။ နယ်စပ်ဒေသစီမံခန့်ခွဲမှုက အစိုးရနဲ့ပဲဆိုင်ပါတယ်။ အစိုးရကပဲလုပ်လို့ရတယ်။ တခြားအဖွဲ့အစည်းက ဝင်လုပ်လို့မရပါဘူး။ နယ်စပ်ဒေသ စီမံခန့်ခွဲရေးသာမက နယ်စပ်ဒေသ ကုန်သွယ်ရေးကိစ္စ၊ နှစ်နိုင်ငံ Cross Border Trade နဲ့ ပတ်သက်ပြီး အစိုးရကပဲဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့က ရအောင်ဖန်တီးရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ဖြစ်ပျက်နေတဲ့ပြဿနာတွေကို ဥပဒေနဲ့ အညီဆောင်ရွက်နိုင်ဖို့အတွက်ကြိုးစားရမှာဖြစ်ပါတယ်။

တရုတ်စီးပွားရေးလုပ်ငန်းရှင်တွေရဲ့ ရင်းနှီးမြှုပ်နှံမှုလုံခြုံရေးနဲ့ပတ်သက်ပြီး ကျွန်တော်တို့အနေနဲ့ အများကြီးလုပ်ပေးနေပါတယ်။ အခက်အခဲရှိခဲ့တာတော့ အမှန်ပါ။ အတော်လေး ကျော်လွှားခဲ့ရပါတယ်။ အခုအချိန်မှာ အခြေအနေတော်တော်လေး ကောင်းပါတယ်။ နိုင်ငံရေးကလည်း ပြောင်းလဲမှုတွေလုပ်ထားပါတယ်။ တချို့ကိစ္စတွေက နိုင်ငံရေးကြောင့်ဖြစ်လာတဲ့ ပြဿနာတွေဖြစ်ပါတယ်၊ တချို့ကိစ္စကျတော့ တိုင်းရင်းသားရေးကြောင့် ဖြစ်လာတဲ့ ပြဿနာတွေဖြစ်ပါတယ်။ ဒါတွေကို ဥပဒေနဲ့အညီ လွှတ်တော်မှာဖြေရှင်းရပါတယ်။ လိုအပ်တဲ့လုံခြုံရေး အကာအကွယ်တွေကို သက်ဆိုင်တဲ့အဖွဲ့အစည်းတွေကပေးပါတယ်၊ တစ်ယောက်ချင်းတော့ မပေးနိုင်ပေမယ့် ဌာနနဲ့ပတ်သက်တဲ့၊ လုပ်ငန်းနဲ့ပတ်သက်တဲ့လုံခြုံရေးကို သက်ဆိုင်ရာအဖွဲ့အစည်းတွေက ဆောင်ရွက်ပေးပါတယ်၊ ဒါနဲ့ပတ်သက်ပြီး ထိထိရောက်ရောက်လည်း အရေးယူပါတယ်။ လက်ရှိဖြစ်ပျက်နေတဲ့ ပြဿနာထဲမှာ နယ်စပ်ဒေသမှာ အွန်လိုင်းလောင်းကစားမှု ပြဿနာတွေရှိတယ်။ ဒါတွေကို နှိမ်နင်းနေတယ်၊ တရုတ်နိုင်ငံနဲ့ မြန်မာနိုင်ငံပူးပေါင်းပြီး နှိမ်နင်းနေတာတွေလည်းရှိပါတယ်။ ကျူးလွန်သူတွေကိုလည်း တရုတ်နိုင်ငံကို အကုန်လွှဲပြောင်းပေးလိုက်ပါပြီ။ ဥပဒေကိုချိုးဖောက်ပြီး လာရောက်လုပ်ကိုင်မယ့်လုပ်ငန်းတွေ မလာရဲအောင်လုပ်ရမယ်။ မလုပ်နိုင်အောင်လည်းလုပ်ရမယ်။ နှစ်ဖက်လုပ်မှရမယ်၊ တစ်ဖက်တည်းကတော့ လုပ်လို့မရဘူး။ ဒါကတော့ နယ်စပ်ဒေသ Cross Border နဲ့ပတ်သက်တာပါ။ ပြည်တွင်းလုံခြုံရေးကျတော့ ကျွန်တော်တို့နဲ့ဆိုင်ပါတယ်။ လုပ်ပေးပါတယ်၊ အဲဒီအပြင် တရုတ်နိုင်ငံရဲ့ လုံခြုံရေးနဲ့ပတ်သက်ပြီး နှစ်ဖက်ပူးပေါင်းပြီး လုပ်ဆောင်တဲ့ အဖွဲ့အစည်းကိုလည်း ခွင့်ပြုပေးထားပါတယ်။ ဒီလိုမျိုး ရင်းနှီးမြှုပ်နှံမှုနဲ့ လူပုဂ္ဂိုလ်လုံခြုံရေးတွေ လုပ်ပေးထားတယ်ဆိုလည်း ပြောချင်ပါတယ်။

**တွေ့ဆုံမေးမြန်းသူ။ ဟုတ်ကဲ့၊ သမ္မတကြီးကို အခုလိုမေးမြန်းခွင့်ရတဲ့အတွက် အထူးကျေးဇူးတင်ရှိပါတယ်။ သမ္မတကြီးရဲ့ ဦးဆောင်မှုအောက်မှာ မြန်မာနိုင်ငံရဲ့ စီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာမယ်ဆိုတာ ကျွန်မတို့ယုံကြည်ပါတယ်ရှင့်။**

**နိုင်ငံတော်သမ္မတ။** ကောင်းပါပြီ။

**✳ ကျွန်တော်တို့နိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံခြင်းအားဖြင့် ထွက်လာတဲ့ထုတ်ကုန်ပစ္စည်းတွေကို အနောက်ဘက်ကို သွားမလား၊ အာဆီယံဈေးကွက်ကို သွားမလား၊ ဒီလိုသွားလို့ရတယ်။ အနောက်ဘက်ဆို အိန္ဒိယရှိတယ်။ ဘင်္ဂလားဒေ့ရှ်ရှိတယ်။ ပြီးတော့ ပင်လယ်ရေကြောင်းကနေ သွားလို့ရတဲ့ လမ်းကြောင်းတွေလည်း အများကြီးရှိတယ်။ ဒါကို ကျွန်တော်တို့ အကောင်းဆုံးဖြစ်အောင်လုပ်ပေးမယ်၊ ဥပဒေအရလည်း အကာအကွယ်ပေးထားတယ်။ သို့သော်လည်း သီးခြားတော့ အကာအကွယ်ပေးလို့မရဘူး။ ဥပဒေဆိုတာ အဖွဲ့အစည်းတစ်ခုကို သီးခြားကာကွယ်ပေးလို့မရပါဘူး။ အကုန်လုံးနဲ့တူညီတဲ့အခွင့်အရေးပေးရမယ်။ နိုင်ငံပေါင်းများစွာ ဆက်ဆံရတာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်ကတော့လုပ်မယ်ဆိုရင် အောင်မြင်မှုရလိမ့်မယ်။ တရုတ်နိုင်ငံအတွက်လည်း အထောက်အကူရလိမ့်မယ်လို့ ယုံကြည်ပါတယ်။**

**✳ ခုနကတစ်ချက်ကျန်ခဲ့တာက နယ်စပ်မှာကုန်သွယ်မှုအတွက်ပေးချေတဲ့အခါ ယွမ်ငွေနဲ့ ကျပ်ငွေ ပေးချေခွင့်ပေးထားပါတယ်။ တရုတ်ကုန်သည်တွေက မြန်မာနိုင်ငံကပစ္စည်းဝယ်မယ်ဆို ယွမ်နဲ့ပေး၊ ဘဏ်ချင်းလည်းသဘောတူပြီးသားရှိတယ်။ ခွင့်ပြုထားပါတယ်။ ကျွန်တော့်လက်ထက်မှာစပြီးခွင့်ပြုခဲ့တာဖြစ်ပါတယ်။**

# အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုနှင့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး၏ နှစ်(၁၂၀)ပြည့် စုပေါင်းသွေးလှူဒါန်းပွဲကျင်းပ

ပဲခူး ဇွန် ၂၂

(၄၃)ကြိမ်မြောက် လစဉ်အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုနှင့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး၏ နှစ်(၁၂၀)ပြည့် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးဝန်ထမ်းများက စမ်းသပ်စစ်ဆေးကုသပေးနေမှု၊ ရေသန့်၊ ကော်ဖီနှင့် အာဟာရမုန့်များ အခမဲ့ တိုက်ကျွေးနေမှုတို့ကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဗုဒ္ဓဘာသာကလျာဏယုဝ အသင်း(YMBA) အသင်းကြီးတည်ထောင်သည့် နှစ်(၁၂၀)ပြည့် အထိမ်းအမှတ် ဂုဏ်ပြုသွေးလှူဒါန်းပွဲတွင် လာရောက်သွေးလှူဒါန်းသည့် သွေးအလှူရှင်များအား ကြက်ဥ၊ အချိုရည်နှင့် အာဟာရမုန့်များ ပေးအပ်ကြောင်း သိရသည်။

ဥဿာတိုင်းသား



# လူသားတိုင်းအတွက် ကြိုတင်ကာကွယ်မူးယစ်ဆေးဝါးအန္တရာယ် အပိုင်း(၂)

ဒေါက်တာလပြည့်ခင်

**■ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင်အသုံးပြုသည့် ဓာတုပစ္စည်းများနှင့်ဆက်စပ်ပစ္စည်းများကို မြန်မာနိုင်ငံတွင် ထုတ်လုပ်နိုင်ခြင်းမရှိသောကြောင့် သောင်းကျန်းသူအဖွဲ့များက အခြားနိုင်ငံများမှ မြန်မာနိုင်ငံသို့ နည်းလမ်းမျိုးစုံဖြင့် ချိတ်ဆက်သယ်ဆောင်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ကမ္ဘာ့နိုင်ငံများနည်းတူ လူလုပ်မူးယစ်ဆေးဝါးထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းဝယ်မှုများသည် နိုင်ငံတော်၏လုံခြုံရေးအား ခြိမ်းခြောက်နေသည့် အခြေအနေများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အထူးစစ်ဆင်ရေးများဖြင့် တိုက်ဖျက်လျက်ရှိသည့်နည်းတူ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပါ ပူးပေါင်းလက်တွဲတိုက်ဖျက်လျက်ရှိ . . .**

**လူလုပ်ဆေးဝါးကုန်သွယ်မှုပြဿနာများ**

နိုင်ငံတိုင်းရင်ဆိုင်ကြုံတွေ့နေရသည့် ကမ္ဘာလုံးဆိုင်ရာ အကြီးမားဆုံးပြဿနာတစ်ရပ်ဖြစ်သည့် မူးယစ်ဆေးဝါးပြဿနာတွင် လူလုပ်ဆေးဝါးသစ်များ လွယ်ကူစွာ ဝယ်ယူရရှိမှုများသည် ပြဿနာကို ပိုမိုဆိုးရွားလာခြင်း၊ မူးယစ်ဆေးဝါးများကို ဆက်သွယ်ရေးလုပ်ငန်းများ၊ ပုဂ္ဂလိကအမြန်ချောပို့လုပ်ငန်းများ၊ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများကို အသုံးပြု၍ ပို့ဆောင်ရောင်းဝယ်မှုများ ပြုလုပ်နေခြင်းနှင့် အဓိကပင်လယ်ရေကြောင်းလမ်းများမှ တစ်ဆင့် သယ်ဆောင်ရောင်းဝယ်မှုများ ပြုလုပ်နေကြသည်ကို ဖမ်းဆီးရမိမှုဖြစ်စဉ်များအရတွေ့ရှိရခြင်း၊ နည်းပညာတိုးတက်လာမှုကြောင့် အွန်လိုင်းဘဏ်လုပ်ငန်းဝန်ဆောင်မှုများမှတစ်ဆင့် ငွေပေးချေမှုများအသုံးပြုလာပြီး အွန်လိုင်းမူးယစ်ဆေးဝါးဈေးကွက်သည်လည်း ကျယ်ပြန့်စွာနေရာယူ ထိုးဖောက်ဝင်ရောက်လာသည်ကိုတွေ့ရှိရခြင်း၊ မူးယစ်ကုန်ကူးသူတို့က ကမ္ဘာ့စီးပွားရေးကြပ်တည်းမှု အခြေအနေများကြောင့် အလုပ်လက်မဲ့ဦးရေများပြားလာမှုအပေါ် အခွင့်ကောင်းယူပြီး အလွယ်တကူ ဝင်ငွေရလွယ်သော မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုအတွက် သယ်ဆောင်ခပေး၍အသုံးချလာခြင်း၊ မူးယစ်ဆေးဝါးပျံ့နှံ့နေမှု အကျိုးဆက်အနေဖြင့် အချို့နိုင်ငံများတွင် မူးယစ်ဆေးဝါးသုံးစွဲမှုများ မြင့်တက်လာနေသည်ကို တွေ့ရှိရခြင်း၊ UNODC ၏ ၂၀၂၁ ခုနှစ်အတွင်း အရှေ့နှင့်အရှေ့တောင်အာရှဒေသရှိလူလုပ်ဆေးဝါးနှင့်ပတ်သက်သည့် အစီရင်ခံစာအရ မက်သ်အဖက်တမင်း (Methamphetamine)နှင့် အိုက်စ်ဟုခေါ်သော မက်သ်အဖက်တမင်း ပုံဆောင်ခဲ Crystal Methamphetamine (Ice) ဖမ်းဆီးရမိမှုမှာ တစ်နေ့ထက်တစ်နေ့ ပိုမိုများပြားလာသည်နှင့်အညီ ထုတ်လုပ်မှုနှင့်သုံးစွဲသူဦးရေလည်း တိုးမြင့်လာခြင်း၊ လူလုပ်ဆေးဝါးများ ထုတ်လုပ်သယ်ဆောင်ရောင်းဝယ်မှုများသည်လည်း လျော့ကျသွားခြင်းမရှိဘဲ ဆက်လက်ကျယ်ပြန့်လျက်ရှိခြင်းတို့ကို မူးယစ်ဆေးဝါးပြဿနာများအဖြစ် တွေ့မြင်နေရပါသည်။

**အကြမ်းဖက်အဖွဲ့အစည်းများနှင့်မူးယစ်ဆေးဝါး**

မြန်မာနိုင်ငံတည်ရှိရာ ပထဝီဝင်အနေအထားအရ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုရသည့်ဓာတုပစ္စည်းများကို အိမ်နီးချင်းအာရှနိုင်ငံကြီးနှစ်နိုင်ငံတွင် ထုတ်လုပ်လျက်ရှိခြင်း၊ အရှေ့နှင့်အရှေ့တောင်အာရှရှိကြီးမားသော နိုင်ငံတကာမူးယစ်ဆေးဝါးဈေးကွက်နှင့် နီးကပ်စွာတည်ရှိနေခြင်း၊ အစိုးရကို နှစ်ပေါင်း ၇၀ ကျော် လက်နက်ကိုင်ပုန်ကန်တိုက်ခိုက်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့ နယ်စပ်တစ်လျှောက်တည်ရှိနေခြင်းစသည့် အကြောင်းများကြောင့် မူးယစ်ဆေးဝါးလုပ်ငန်းများအတွက် ရေကန်အသင့်၊ ကြာအသင့်သဖွယ်ဖြစ်ပြီး နိုင်ငံတကာမူးယစ်ဂိုဏ်းများနှင့်ပါ ဆက်နွှယ်လုပ်ကိုင်နေကြခြင်းဖြစ်သည်။ ထို့ပြင် မူးယစ်ဆေးဝါးရောင်းဝယ်နေသူများတွင် နိုင်ငံတော်အစိုးရကိုဆန့်ကျင်တိုက်ခိုက်နေသည့် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများလည်းပါဝင်နေပြီး ၎င်းတို့သည် မူးယစ်ဆေးဝါးရောင်းဝယ်ခြင်းမှ ရရှိလာသည့် ငွေကြေးများဖြင့် လက်နက်ခဲယမ်းဝယ်ယူကာ ပြည်သူတို့၏အသက်အိုးအိမ်စည်းစိမ်ကို ဖျက်ဆီးနေကြသည်။ မိမိတို့နိုင်ငံအဖို့ မူးယစ်ဆေးဝါးထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းဝယ်မှုများ၏နောက်တွင် ငွေကြေးခဝါချမှု၊ လက်နက်မှောင်ခိုမှု၊ အကြမ်းဖက်မှုတို့ပါ တစ်ဆက်တစ်စပ်တည်းပါဝင်နေပြီး နိုင်ငံနှင့် ပြည်သူလူထု၏ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကိုပါ ထိခိုက်စေလျက်ရှိသည်။ ၂၀၁၉ ခုနှစ်တွင်ဖြစ်ပွားခဲ့သည့် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကာလအတွင်း၌လည်း နိုင်ငံအသီးသီးက ခရီးသွားလာမှုကန့်သတ်ခြင်းကို ဆောင်ရွက်နေချိန်တွင် မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် သယ်ဆောင်ရောင်းဝယ်မှုများ ပိုမိုလုပ်ဆောင်လာကြပြီး အထူးသဖြင့် ရေလမ်းကြောင်းအသုံးပြုသယ်ဆောင်မှုများပြားလာခဲ့သည်ကို နိုင်ငံတကာမူးယစ်ဆေးဝါးဖမ်းဆီးရမိမှုဖြစ်စဉ်များတွင် တွေ့ရှိရမည်ဖြစ်သည်။ ထိုကဲ့သို့ ကမ္ဘာလုံးဆိုင်ရာပြောင်းလဲမှု ဖြစ်စဉ်နှင့်အတူ ၂၀၂၁ ခုနှစ်မှစ၍ ပြည်တွင်းငြိမ်းချမ်းရေးပျက်ပြားသည့်အခြေအနေနှင့် ကာလများအတွင်း၌လည်း အခွင့်ကောင်းရယူပြီး မူးယစ်ဆေးဝါးကို ပုံစံအမျိုးမျိုးဖြင့် ဆောင်ရွက်ခဲ့ကြသည်ကိုတွေ့ရှိရပါသည်။ လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၌ နိုင်ငံရေးတည်ငြိမ်မှုမရှိသည်ကို အခွင့်ကောင်းယူ၍ အကန့်အသတ်၊ အတားအဆီးများ ပြုလုပ်ကာ ထိန်းချုပ်ကာကွယ်မှုများ ပြုလုပ်နေရချိန်တွင် မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်သူများက အခွင့်ကောင်းတစ်ရပ်အဖြစ် အသုံးချခဲ့ကြသည်။ မူးယစ်ဆေးဝါးတန်ဖိုးပမာဏကြီးမားစွာ ကျပ်ငွေ ဘီလီယံ (သန်းပေါင်းထောင်နှင့်ချီ၍) မကြာခဏဖမ်းဆီးရမိမှုများသည် သာမန်အချိန်ကာလများထက် များစွာပိုမိုနေသဖြင့် အကြမ်းဖက်သောင်းကျန်းသူများ အင်အားတောင့်တင်းစေမည့် အထောက်အပံ့များတွင် မူးယစ်ဆေးဝါးသည် အဓိကအထောက်အပံ့တစ်ခုဖြစ်ကြောင်း သိမြင်နိုင်ပါသည်။

မူးယစ်ဆေးဝါးအန္တရာယ်ကို ကမ္ဘာ့နိုင်ငံများ တိုက်ဖျက်နေသည့်အချိန်တွင် မြန်မာနိုင်ငံမှ လက်နက်ကိုင်သောင်းကျန်းသူများ၏ မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းဝယ်ဖောက်ကားမှုများကို ကမ္ဘာကသိရှိလာအောင် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ကြရမည်ဖြစ်သည်။ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ် ဖောက်ကားမှုများမှရရှိလာသည့် ငွေကြေးများဖြင့် လက်နက်ခဲယမ်း၊ အသုံးအဆောင်ပစ္စည်းများ ဝယ်ယူဖြည့်တင်းပြီး နိုင်ငံတည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှုကိုထိခိုက်ပျက်ပြားစေသည့်လုပ်ရပ်များ လုပ်ဆောင်နေမှုများအပြင် ပြည်တွင်း၌သာမက နိုင်ငံတကာသို့ပါ ပို့ဆောင်ဖြန့်ချိလျက်ရှိရာ နိုင်ငံ၏ဂုဏ်သိက္ခာကို များစွာထိခိုက်စေသည်။ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့်ဓာတုပစ္စည်းများနှင့်ဆက်စပ်ပစ္စည်းများကို မြန်မာနိုင်ငံတွင် ထုတ်လုပ်နိုင်ခြင်းမရှိသောကြောင့် သောင်းကျန်းသူအဖွဲ့များက အခြားနိုင်ငံများမှ မြန်မာနိုင်ငံသို့ နည်းလမ်းမျိုးစုံဖြင့် ချိတ်ဆက်သယ်ဆောင်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ကမ္ဘာ့နိုင်ငံများနည်းတူ လူလုပ်မူးယစ်ဆေးဝါးထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းဝယ်မှုများသည် နိုင်ငံတော်၏လုံခြုံရေးအား ခြိမ်းခြောက်နေသည့် အခြေအနေများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အထူးစစ်ဆင်ရေးများဖြင့် တိုက်ဖျက်လျက်ရှိသည့်နည်းတူ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပါ ပူးပေါင်းလက်တွဲတိုက်ဖျက်လျက်ရှိသည်။

**AA နှင့်မူးယစ်ဆေးဝါးကုန်သွယ်မှု**

မြန်မာနိုင်ငံ၌ သောင်းကျန်းသူအဖွဲ့များအနေဖြင့် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် တစိုက်မတ်မတ်လုပ်ကိုင်လျက်ရှိပြီး ယင်းအခြေအနေကို အခွင့်ကောင်းယူကာ ၎င်းတို့၏ ဝင်ငွေရလမ်းများဖြစ်ကြသည့် ဆက်ကြေးကောက်ခံခြင်း၊ တိုက်ခိုက်လုယက်ခြင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် ရောင်းဝယ်ဖောက်ကားခြင်းတို့ လုပ်ဆောင်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။ AA အဖွဲ့၏ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ဖောက်ကားမှုကို မကြာခဏတွေ့မြင်နေရသည်။ AA အဖွဲ့၏ မူးယစ်ဆေးဝါးကုန်သွယ်မှု လုပ်ငန်းသည် ကြီးထွားကျယ်ပြန့်နေပြီး မူးယစ်ဆေးထုတ်ရန်အတွက် ဓာတုဆေးဝါးမှောင်ခိုတင်သွင်းခြင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်ခြင်း၊ သယ်ဆောင်သိုလှောင်ခြင်း၊ ပြည်တွင်း၌ ဖြန့်ဖြူးခြင်း၊ ပြည်ပတင်ပို့ရန် ချိတ်ဆက်ဆောင်ရွက်ခြင်းများကို နိုင်ငံတကာမူးယစ်ရာဇဝတ်များနှင့် ကွန်ရက်သဖွယ် ချိတ်ဆက်လုပ်ဆောင်လျက်ရှိပါသည်။ ၂၀၁၆ ခုနှစ်မှ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၁ ရက်အထိ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ဝင်များ ပါဝင်ပတ်သက်သည့် မူးယစ်ဆေးဝါးများနှင့် လက်နက်ခဲယမ်းများ ဖမ်းဆီးရရှိမှု (၂၄)ကြိမ်ရှိခဲ့ပြီး တရားခံ ၂၇၆ ဦးတို့ကို စိတ်ကြွရူးသွပ်ဆေးပြား ၁၄ ဒသမ ၄ သန်းကျော်၊ အိုက်စ် ၁၁ ဒသမ ၉ တန်ကျော်၊ ကဖင်းကီလို ၈၀၀၊ ကက်တမင်း ၂ ဒသမ ၂ တန် စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၂၆၆ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၇၃ ဒသမ ၉ သန်းကျော်) နှင့် လက်နက်မျိုးစုံ ၂၂၄ လက်၊ ကျည်မျိုးစုံ ၄၁၃၇၉ တောင့်၊ ကျည်အိမ်မျိုးစုံ ၉၇၇ ခု၊ လက်ပစ်ဗုံး ၃၆ လုံး၊ ဗုံးသီး ၁၇၈ လုံး၊ GPS ၂၅ လုံး၊ ဂြိုဟ်တုဖုန်း ၄၀ တို့ကို ဆက်စပ်ပစ္စည်းများ၊ မူးယစ်ဆေးဝါး သယ်ဆောင်သည့် မော်တော်ယာဉ်၊ စက်လှေ၊ သင်္ဘောများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း ဖြစ်စဉ်အသေးစိတ်များကို ဖော်ပြထားရှိပါသည်။ AA အဖွဲ့ဝင်များနှင့်ပတ်သက်သည့် မူးယစ်ဆေးဝါး ဖမ်းဆီးရရှိမှု (၂၄)ကြိမ် ရှိသည့်အနက် AA ခေါင်းဆောင်ပိုင်းများကိုယ်တိုင်ပါဝင်ပတ်သက်ခဲ့သည့်အမှု ၉ မှု ရှိပြီး အဆိုပါဖမ်းဆီးရမိမှုများတွင် မလေးရှားနိုင်ငံသို့ပို့ဆောင်မည့် ICE ၄၄၄၀ ကီလိုဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြားသိန်း ၄၀၊ ဘိန်းဖြူအမှုန့် ၁၄ ကီလိုဂရမ် (မူးယစ်ဆေးဝါးကာလတန်ဖိုးငွေကျပ် ၁၇၀ ဒသမ ၄၉ ဘီလီယံခန့်)နှင့်မော်တော်ယာဉ်ငါးစီးတို့နှင့်အတူ မူးယစ်ဆေးဝါးတရားခံ ၁၆ ဦးတို့အား ဖမ်းဆီးရမိခဲ့ကြောင်းကို နိုင်ငံပိုင်သတင်းစာများတွင် တွေ့မြင်ရပါသည်။

**မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ**

ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် နိုင်ငံဖြတ်ကျော်မှုခင်းများကို တားဆီးနှိမ်နင်းရာတွင် သတင်းလက်ဦးမှု ရယူဆောင်ရွက်နိုင်ရေးအတွက် အိမ်နီးချင်း ၅ နိုင်ငံနှင့်အတူ နယ်စပ်ဆက်ဆံရေးရုံးများ (Border Liaison Offices–BLOs) ကွန်ရက်စနစ်တည်ထောင်ပြီး သတင်း အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ အပြန်အလှန်မျှဝေ ဖလှယ်နိုင်ရေးအတွက် BLO အစည်းအဝေးများကိုလည်း ကျင်းပလျက်ရှိသည်။ ဒေသတွင်းလူကုန်ကူးမှုနှင့် လူမှောင်ခိုမှုများ တားဆီးနှိမ်နင်းရေး စီမံကိန်းများတွင် အပြည်ပြည်ဆိုင်ရာရဲအဖွဲ့(INTERPOL)၊ အာဆီယံရဲအဖွဲ့ (ASEANAPOL) တို့ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ်သတ်မှတ်ကာ ဘက်ပေါင်းစုံမှ တားဆီးတိုက်ဖျက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ အနေဖြင့် မြန်မာ-ထိုင်း နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး၊ မြန်မာ-တရုတ် နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး၊ အိန္ဒိယ-မြန်မာ နှစ်နိုင်ငံမူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး ဆောင်ရွက်မှုများနှင့် မဲခေါင်ဒေသတွင်းနိုင်ငံများနှင့်လည်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် အောင်မြင်မှုရလဒ်ကောင်းများရရှိခဲ့ပြီး အခြားနိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်လုပ်ဆောင်လျက်ရှိပါသည်။

**ထိန်းချုပ်ဓာတုပစ္စည်းများနှင့်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ**

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကဏ္ဍတွင်အောင်မြင်မှုများရရှိနေသည်ဟု ဆိုနိုင်သော်လည်း အခြားကဏ္ဍများ၌ စိန်ခေါ်မှုများရှိနေဆဲပင်ဖြစ်သည်။ ထိန်းချုပ်ဓာတုပစ္စည်းများ (Controlled Chemicals) နှင့်ပတ်သက်၍ မြန်မာ-ထိုင်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုဖြင့် ထိန်းချုပ်ဓာတုပစ္စည်းများတွင် မပါဝင်သည့် အခြားဓာတုပစ္စည်းပုံစံပြောင်း၍ P2P များ ထုတ်လုပ်တင်သွင်းလာမှုများကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပါသည်။ မူးယစ်ဆေးဝါးအသွင်ပြောင်းထုတ်လုပ် **စာမျက်နှာ ၁၄ သို့** ❑

❑ စာမျက်နှာ ၁၃ မှအဆက်

နိုင်သည့် ဓာတုဗေဒပညာရပ်များနှင့် ဓာတုပစ္စည်းများ၏ လှေ့လာတွေ့ရှိချက်များကို ထိုင်းနိုင်ငံနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ဆောင်ရွက်ရာတွင် ဆက်စပ်ချိတ်ဆက်နေသည့်ကဏ္ဍများကို ဟန်ချက်ညီတိုက်ဖျက်သွားနိုင်ရေးအတွက် ကမ္ဘာ့နိုင်ငံများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် လက်တွဲပူးပေါင်းဆောင်ရွက်သွားရန် အမြဲအသင့်ရှိနေပြီး သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ပိုမိုမြန်တင် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ အထူးသဖြင့် မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုများအပြင် ထိန်းချုပ်ဓာတုပစ္စည်းများအသွင်ပြောင်း ပရီကာဆာဓာတုပစ္စည်းများ တရားမဝင် ဝင်ရောက်မှု မရှိစေရေး ထိန်းချုပ်ဆောင်ရွက်ခြင်း၊ နိုင်ငံဖြတ်ကျော် မူးယစ်ဂိုဏ်းအဖွဲ့များ၊ မူးယစ်တရားခံပြေးများနှင့်ပတ်သက်၍ သတင်းဖလှယ်ခြင်း၊ မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများ လေ့လာဆန်းစစ်ခြင်း၊ ရေရှည်အစားထိုး ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် ပူးပေါင်းဆောင်ရွက်ခြင်းတို့ပြုလုပ်ရန် လိုလားလျက်ရှိပါသည်။

အိန္ဒိယ-မြန်မာ နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးဆောင်ရွက်မှုအနေဖြင့်ဒေသတွင်းဘိန်းဖြူသယ်ဆောင်ရောင်းဝယ်မှု၊ မူးယစ်ဆေးဝါးများနှင့် စိတ်ပြောင်းဆေးဝါးများ၊ တရားမဝင်ထုတ်လုပ်သည့်စက်ရုံများနှင့် လျှို့ဝှက်ဓာတ်ခွဲခန်းများ၊ မက်သ်အဖက်တမင်း (Methamphetamine) သယ်ဆောင်ရောင်းဝယ်ခြင်း၊ နယ်စပ်ဒေသများတွင် ဘိန်းပင်နှင့်ဆေးခြောက်ပင် တရားမဝင် စိုက်ပျိုးခြင်းတို့နှင့်ပတ်သက်၍ သတင်းအချက်အလက် ဖလှယ်ခြင်းဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိပါသည်။

ဒေသတွင်း မူးယစ်ဆေးဝါးအခြေအနေကို ပြန်လည်သုံးသပ်ကြည့်ပါက မူးယစ်ဆေးဝါးသုံးစွဲမှုမြင့်တက်လာမှုနှင့်အတူ ဈေးကွက်ချဲ့ထွင်လာမှု၊ နိုင်ငံဖြတ်ကျော် မူးယစ်ရာဇဝတ်ဂိုဏ်းများ ပါဝင်ပတ်သက်လာမှုများကြောင့် မူးယစ်ဆေးဝါးချက်လုပ်သည့် နည်းလမ်းများပြောင်းလဲလာခြင်းနှင့် သန့်စင်မှုရာခိုင်နှုန်းမြင့်တက်လာခြင်း၊ အမြောက်အမြားထုတ်လုပ်လာမှုများကြောင့် ဈေးနှုန်းကျဆင်းလာခြင်းများနှင့် သုံးစွဲမှုမြင့်တက်လာခြင်းဟူသော သံသရာစက်ဝန်း လည်ပတ်နေလျက်ရှိသည်။ မြန်မာနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများအနေဖြင့် တားဆီးနှိမ်နင်းရေး လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နေမှုများကြောင့်ဖမ်းဆီးရမိမှုများ မြင့်တက်နေသော်လည်း ထုတ်လုပ်မှု၊ သယ်ဆောင်ရောင်းဝယ်မှုများ လျော့ကျသွားခြင်းမရှိသည်ကို အထူးဂရုပြုစောင့်ကြည့်သွားရန် လိုအပ်ကြောင်း သိရှိရပါသည်။

သို့ဖြစ်သောကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းသာယာဝပြောရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ကမ္ဘာ့လူသားမျိုးနွယ်တစ်ရပ်လုံးကို လူညွှန့်တုံးအောင် အန္တရာယ်ပေးလျက်ရှိသည့်အပြင် နိုင်ငံတော်၏လုံခြုံရေးကိုပါ ခြိမ်းခြောက်လျက်ရှိသည့် မူးယစ်ဆေးဝါးအန္တရာယ်များကို ပြည်သူများနှင့်လက်တွဲပူးပေါင်းကာ အမျိုးသားရေးတာဝန်အဖြစ် ခံယူပြီး အရှိန်အဟုန်မြှင့်တိုက်ဖျက်နှိမ်နင်းလျက်ရှိပါကြောင်း ၂၆-၆-၂၀၂၆ ရက်နေ့တွင် ကျရောက်မည့် (၃၉)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရေးသားတင်ပြလိုက်ရပါသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆောင်ရွက်မှုများကို ဆက်လက်တင်ပြပါမည်။ ။







# အိန္ဒိယနိုင်ငံသံအမတ်ကြီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၂၂**

အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးသည် အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁)၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ အိန္ဒိယနိုင်ငံ၏အကူအညီဖြင့်ဆောင်ရွက်လျက်ရှိသော စီမံကိန်းများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြကြောင်း သိရသည်။

**မြဝတီ**

# စဉ့်ကိုင်မြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**စဉ့်ကိုင် ဇွန် ၂၂**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ရွာဟောင်းကုန်းကျေးရွာအုပ်စု ရန်ကုန်-မန္တလေးကားလမ်းမကြီးဟောင်း မိုင်တိုင်အမှတ်(၃၈၄/၃)အနီး၌ ဇွန်လ ၂၁ ရက်တွင် ၂၀၂၆ ခုနှစ်မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကျင်းပသည်။



ရှေးဦးစွာ စိုက်ပျိုးမည့် သစ်ပင်စိုက်ပျိုးပွဲတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါ်သီဂီအောင်နှင့် တာဝန်ရှိသူများက စိုက်ပျိုးမည့်သူများအား ပျိုးပင်များပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးက သတ်မှတ်နေရာ၌ စိန်ပန်းပင်ကို စိုက်ပျိုးပေးကာ တက်ရောက်လာသူများက စိန်ပန်း၊ တမာ၊ ကုက္ကိုနှင့်မည်စည်ပင် စုစုပေါင်းပျိုးပင် ၂၀၀ ကိုစိုက်ပျိုးရာ တာဝန်ရှိသူများက သစ်ပင်စိုက်ပျိုးနေမှုအား လှည့်လည်ကြည့်ရှုအားပေးကြောင်း သိရသည်။

**ကျော်စွာ(စဉ့်ကိုင်)**

# ကွန်ကရစ်တံတား ပြန်လည်တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**မင်းဘူး ဇွန် ၂၂**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ရက် ၁၀၀ စီမံချက် တိုင်းဒေသကြီးအစိုးရရန်ပုံငွေဖြင့် မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် စကုမြို့ အမှတ်(၁)ရပ်ကွက် ဂူကြီးတောရကျောင်းသွားလမ်းပေါ်ရှိ ကွန်ကရစ်တံတား ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို တာဝန်ရှိသူများက ဇွန်လ ၂၂ ရက်တွင် ကွင်းဆင်းစစ်ဆေးကြသည်။

အဆိုပါ ကွန်ကရစ်တံတားမှာ အရှည်ပေ ၄၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၀ ပေရှိပြီး ပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၆ -၂၀၂၇ ဘဏ္ဍာနှစ် ရက် ၁၀၀ စီမံချက်ဖြင့် တိုင်းဒေသကြီးအစိုးရခွင့်ပြုရန်ပုံငွေကျပ် ၈၈ ဒသမ ၈၀ သန်းအသုံးပြုကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာစုဖွဲ့မှုဖြင့် ဆောင်ရွက်ခဲ့ရာ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးသွားပြီဖြစ်၍ အိမ်ခြေ ၁၀၅၈ အိမ်မှ လူဦးရေ ၄၂၇၉ ဦးတို့၏ ရာသီမရွေးလမ်းပန်းဆက်သွယ်မှုလွယ်ကူစေရေး အကျိုးပြုလျက်ရှိကြောင်း မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ငြိမ်းသူ(စလင်း)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၃-၆-၂၀၂၆(အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၅ | တရားတော် |
| ၂။ | ၀၆:၅၀ | ဓမ္မပူဇာတေး |
| ၃။ | ၀၇:၀၅ | နုပျိုလှပကျန်းမာဖို့လမ်းလျှောက်ကြပါစို့ |
| ၄။ | ၀၈:၃၀ | မောင်မယ်လေးများသိစေချင် |
| ၅။ | ၀၈:၅၀ | ၁၂ လရာသီမှတ်တမ်း |
| ၆။ | ၀၉:၂၀ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၇။ | ၁၃:၄၀ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၈။ | ၁၅:၂၅ | တစ်ချိန်ကသူတို့အကြောင်း |
| ၉။ | ၁၇:၂၅ | မှတ်သားလိုက်နာပုံပမာ |
| ၁၀။ | ၁၈:၄၀ | မွေးမြူသုတ |



အနောက်တောင်တိုင်းစစ်ဌာနချုပ်၌ ၂၀၂၆ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၆ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပစဉ်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ ၂၀၂၆ ခုနှစ် ပထမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၆ ခုနှစ် ပထမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၆ ခုနှစ် ပထမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။



အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၌ ၂၀၂၆ ခုနှစ် ပထမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၆ ခုနှစ် ပထမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပစဉ်။

◆ **စာမျက်နှာ ၁၇ မှအဆက်**

အရေအတွက်အလိုက် စနစ်တကျစိစစ်ပြီး ကနဦးရွေးချယ်ကြရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးပြီး မြေနေရာအလိုက် စိုက်ပျိုးပြီးခဲ့သည့်နေရာများတွင် သစ်ပင်သစ်တောများ၏ ရှင်သန်ကြီးပြင်းမှုကိုလည်း ထိန်းသိမ်းသွားကြရန်အထူးလိုအပ်ကြောင်း၊ သို့မှသာ နှစ်အလိုက် စိုက်ပျိုးပြီးသမျှ ရှင်သန်ကြီးထွားမည်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အနှစ်သာရရှိရှိ အထောက်အကူပြုမည်ဖြစ်ကြောင်း ဖြင့်ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးကြသည်။ ယင်းနောက် အခမ်းအနားတက်ရောက်လာကြသူများက သတ်မှတ်နေရာအသီးသီးတွင် သစ်ပင်များကိုစိုက်ပျိုးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီး၌လည်း မိုးရာသီသစ်ပင်စိုက်ပွဲများကျင်းပ၍ ရတနာတန်းဝင်ပင်၊ စက်မှုကုန်ကြမ်းသီးနှံပင်၊ နှစ်ရှည်စားသုံးသီးနှံပင်၊ အရိပ်ရလေကာပင်များကို စုပေါင်းစိုက်ပျိုးကြရာတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၌ ၁၁၂၃၅ ပင်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၃၄၉၃ ပင်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၌ ၄၄၉၅ ပင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၉၂၉၇ ပင်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၄၁၆၅ ပင်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၌ ၂၂၉၇၉ ပင်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ ၁၅၆၈၃ ပင်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၌ ၁၄၆၄၃ ပင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ ၄၉၀၅၃ ပင်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၌ ၉၁၃၃ ပင်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၁၃၀ ပင်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ ၇၁၂၀ ပင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၄၇၉၈၇ ပင်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၂၈၆၁ ပင်တို့ကို တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများက စုပေါင်းစိုက်ပျိုးခဲ့ကြပြီး တပ်မတော်တစ်ရပ်လုံးအနေဖြင့် ယနေ့တွင် စုစုပေါင်းသစ်ပင် ၂၃၅၆၇၄ ပင်ကို စိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။ **(၁၀၀)**

# နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)ပင်စင်စားများအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေး

တောင်ကြီး ဇွန် ၂၂

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ ပြည်နယ်အားကစားလေ့ကျင့်ရုံ၌ နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား) ပင်စင်စားများအား ကျန်းမာရေး စောင့်ရှောက်ပေးနေမှုကို ကြည့်ရှုအားပေးပြီး နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)ပင်စင်စားများအတွက် ကြက်ဥများ ပေးဝေသည်။

ထို့နောက် နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား) ပင်စင်စားဝန်ထမ်းများအား ရှမ်းပြည်နယ်အစိုးရအဖွဲ့၏စီစဉ်မှုဖြင့် တစ်လလျှင် ပင်စင်စားတစ်ဦးလျှင် စားအုန်းဆီ ၁ ပိဿာ ၅၀ ကျပ်သားနှင့် ဆန်ရှစ်ပြည်ကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနေမှုကို ကြည့်ရှုအားပေးပြီး အေးသာယာမြို့ ရပ်ကွက်(၃)ရှိ ဓမ္မာရုံ၌ကျင်းပသည့် စက်ချုပ်နည်းပညာသင်တန်း ဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး စက်ချုပ်နည်းပညာသင်တန်းတွင် အသုံးပြုမည့် သင်ထောက်ကူပစ္စည်းများပေးအပ်သည်။

ယင်းနောက် ညောင်ရွှေမြို့ ဟူပင်ဟိုတယ်၌ကျင်းပသည့် ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်းသုံးမျိုး ဖွင့်ပွဲတွင် အမှာစကားပြောကြားကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၆ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင်အမှာစကားပြောကြားစဉ်။



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။

**✤ "ဥတုရာသီ တောကိုမှီ" ဆိုသည့်စကားအတိုင်း သစ်ပင်များစိုက်ပျိုးခြင်းသည် ရာသီဥတုကို ထိန်းညှိပေးနိုင်သည့်အပြင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုကိုလည်း များစွာအကျိုးသက်ရောက်စေခြင်းဖြစ်၍ အမျိုးသားရေးတာဝန်တစ်ရပ်သဖွယ် အကောင်အထည်ဖော်ဆောင်ရွက်သင့်သည့် သစ်ပင်၊ သစ်တောကဏ္ဍကို တပ်မတော်အနေဖြင့်လည်း အလေးထားဆောင်ရွက်နေခြင်းဖြစ် . . .**

**✤ တပ်မတော်တစ်ရပ်လုံးအနေဖြင့် ယနေ့တွင် စုစုပေါင်းသစ်ပင် ၂၃၅၆၇၄ ပင်ကို စိုက်ပျိုးခဲ့ . . .**

**◆ ကျောဖုံးမှအဆက်**

ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ရှိ ရုံးဌာနအသီးသီးမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များတက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးက အမှာစကားပြောကြားရာတွင် "ဥတုရာသီ တောကိုမှီ" ဆိုသည့်စကားအတိုင်း သစ်ပင်များစိုက်ပျိုးခြင်းသည် ရာသီဥတုကို ထိန်းညှိပေးနိုင်သည့်အပြင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုကိုလည်း များစွာအကျိုးသက်ရောက်စေခြင်းဖြစ်၍ အမျိုးသားရေးတာဝန်တစ်ရပ်သဖွယ် အကောင်အထည်ဖော်ဆောင်ရွက်သင့်သည့် သစ်ပင်၊ သစ်တောကဏ္ဍကို တပ်မတော်အနေဖြင့်လည်း အလေးထားဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

သဘာဝရာသီဥတုက သစ်ပင်သစ်တောများကိုရှင်သန်စေပြီး သစ်ပင်သစ်တောများက ကောင်းမွန်သည့် သဘာဝရာသီဥတုကို ပြန်လည်ထိန်းညှိပေးနိုင်ခြင်းပင်ဖြစ်ကြောင်း၊ ကောင်းမွန်သည့် ရာသီဥတုကတစ်ဆင့် လူသားများ၏ သက်ရှည်ကျန်းမာရေးကို များစွာအထောက်အကူပြုနေသလို ဇီဝမျိုးစုံမျိုးကွဲများ တိုးပွားရေးအတွက်လည်း များစွာအထောက်အကူပြုနေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သစ်ပင်သစ်တော၊ သဘာဝရာသီဥတုနှင့် သက်ရှိမျိုးစုံတို့၏ သက်ရှည်ကျန်းမာရေး ဆိုသည့် အကျိုးဆက်ကောင်းများဖြစ်ပေါ်ရန် သစ်ပင်စိုက်ပျိုးခြင်းသည် အခြေခံအကျဆုံးနှင့် အကောင်းဆုံးလုပ်ငန်းတစ်ရပ်ဖြစ်ကြောင်းကို အသိပေးပြောကြားလိုကြောင်း။

ယနေ့ မိမိတို့နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးတွင် သဘာဝဘေးအန္တရာယ်များနှင့် မကြာခဏကြုံတွေ့နေကြသည်ကို တွေ့မြင်ရမည်ပင်ဖြစ်ကြောင်း၊ တစ်နေ့ထက်တစ်နေ့ ကမ္ဘာကြီးသည် ပိုမိုပူနွေးလာသည်ကို ခံစားသိမြင်ကြရမည်ဖြစ်ပြီး ထိုသို့ဖြစ်ပေါ်လာရခြင်းသည် သစ်ပင်သစ်တောများပြုန်းတီးလာမှုကို တိုက်ရိုက်ညွှန်းဆိုဖော်ပြနေခြင်းပင်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် ၂၀၀၉-၂၀၁၀ ပြည့်နှစ်ကာလများတွင် အပူပိုင်းဒေသများဖြစ်သည့်



နေပြည်တော်တိုင်းစစ်ဌာနချုပ်၌ ၂၀၂၆ ခုနှစ် ပထမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပစဉ်။



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၆ ခုနှစ် ပထမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပစဉ်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ်၌ ၂၀၂၆ ခုနှစ် ပထမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပစဉ်။

စစ်ကိုင်း၊ မြင်းမူဒေသများသည် စံချိန်တင် အမြင့်ဆုံးအပူချိန်ကို ခံစားခဲ့ရပြီး ၂၀၂၄ ခုနှစ်တွင် ချောက်၊ မန္တလေးနှင့် ညောင်ဦးဒေသများတွင် အမြင့်ဆုံးအပူချိန်များကို ခံစားခဲ့ရကြောင်းကို မိုးလေဝသမှတ်တမ်းများအရ သိရှိရကြောင်း၊ အမြင့်ဆုံးစံချိန်တင် အပူချိန်များကို ခံစားရသည်နှင့်အမျှ လူသားတို့၏ သက်ရှည်ကျန်းမာရေးအပြင် စိုက်ပျိုးရေး၊ သောက်သုံးရေ စသည့်ကဏ္ဍများမှာပါ နောက်ဆက်တွဲဆိုးကျိုးများအဖြစ် ခံစားလာကြရမည်ဖြစ်ကြောင်း။

ထို့ကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော်ကချမှတ်ထားသည့် “နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့” ဆိုသည့်မူဝါဒနှင့်အညီ သစ်ပင်သစ်တောကဏ္ဍ ပြည့်စုံကြွယ်ဝရေးမှသည် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအထိ မျှော်မှန်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

သယံဇာတဆိုသည်မှာသဘာဝအလျောက် ပြန်လည်ပြည့်ဖြိုးနိုင်သည့် သယံဇာတရှိသကဲ့သို့ ပြန်လည်မပြည့်ဖြိုးသည့် သယံဇာတများလည်းရှိကြောင်း၊ အဆိုပါ သယံဇာတများအနက် သစ်ပင်သစ်တောများသည် ပြန်ပေါက်တောဆိုသည့် သဘာဝအလျောက် ပြန်လည်ပြည့်ဖြိုးလာတတ်သည့် သဘာဝသယံဇာတတစ်ခုပင်ဖြစ်ကြောင်း၊ သစ်ပင်သစ်တောများကို စိုက်ပျိုးထိန်းသိမ်းခြင်းနှင့်အတူ လူသားများ၏သက်ရှည်ကျန်းမာရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုသည့် လူသားသဘာဝကို ကောင်းမွန်စွာတည်ဆောက်နိုင်သကဲ့သို့ သားရဲတိရစ္ဆာန်များ၏ မျိုးသုဉ်းပျောက်ကွယ်ခြင်းမှလည်း ကာကွယ်ထိန်းသိမ်းရာရောက်ကြောင်း။

ယခုပေါ်ပေါက်လာခဲ့သည့် ပြည်သူကရွေးချယ်တင်မြှောက်လိုက်သည့် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်နေသကဲ့သို့ မြို့ပြအင်္ဂါရပ်များဖွံ့ဖြိုးရေးကိုလည်း အရှိန်အဟုန်နှင့် ဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

မြို့ပြ၊ ကျေးလက်များ၏ ပြင်ပဖြစ်သည့် မြေလွတ်မြေရိုင်းများတွင် သစ်ပင်သစ်တောများပြည့်ဖြိုးရေးအတွက် သစ်ပင်စိုက်ပျိုးခြင်းများကို ဆောင်ရွက်နေသလို မြို့ပြ၊ ရပ်ကွက်၊ ကျေးရွာများ၊ အများသူငါ သွားလာနေကြသည့် လမ်းမကြီးများ၊ တပ်ရင်း/တပ်ဖွဲ့များ၏ အဆောက်အဦများအနားတွင် လေပြင်းဒဏ်ကိုကာကွယ်နိုင်ရန် အရိပ်ရလေကာပင်များ၊ နှစ်ရှည်စားသုံးသီးနှံပင်များကို သတ်မှတ်ချက်များနှင့်အညီ စနစ်တကျစိုက်ပျိုးကြရန်လိုအပ်ကြောင်း၊ သို့မှသာ သစ်ပင်သစ်တောများကြောင့် မြို့ပြအင်္ဂါရပ်ကိုထိခိုက်စေနိုင်မည့် အကြောင်းတရားများကို ကြိုတင်ကာကွယ်နိုင်မည်ဖြစ်ကြောင်း။

တပ်မတော်သည် နိုင်ငံတော်အစိုးရနှင့် လက်တွဲပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ထာဝစဉ်ဆောင်ရွက်ပေးနေသည့် ကာကွယ်ရေးအင်အားစုကြီးတစ်ရပ်ဖြစ်သည်နှင့်အညီ နိုင်ငံတော်ကာကွယ်ရေးအတွက် နိုင်ငံတော်အပေါ်ကျရောက်လာမည့် သဘာဝဘေးအန္တရာယ်များကိုလည်း ကြိုတင်မြော်တွေးပြီး




တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၏ဇနီး ဒေါ်နီလာ ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။

ပြင်ဆင်ဆောင်ရွက်ထားရမည့် လုပ်ငန်းစဉ်များပင်ဖြစ်ကြောင်း။

ထို့ကြောင့် တပ်မတော်အနေဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဂေဟစနစ်မပျက်စီးရေးအတွက် သစ်ပင်စိုက်ပျိုးခြင်းများကို နှစ်စဉ်ပုံမှန်ဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်စေရန်နှင့် ရာသီဥတုကိုအထောက်အကူဖြစ်စေရန်၊ အရိပ်အာဝါသရရှိစေရန်၊ နိုင်ငံ့စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် စသည့်ရည်ရွယ်ချက်ကောင်းများနှင့် မျှော်မှန်းဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့တပ်မတော်အနေဖြင့် ကောင်းမြတ်သည့်ရည်မှန်းချက်များနှင့် သစ်ပင်စိုက်ပွဲများကို စဉ်ဆက်မပြတ်ကျင်းပစိုက်ပျိုးနေခြင်းဖြစ်ကြောင်း၊ တိုင်းစစ်ဌာနချုပ်နယ်မြေများ၊ တပ်ရင်း/တပ်ဖွဲ့ နယ်မြေဒေသအသီးသီးတွင် သစ်ပင်စိုက်ပွဲများကျင်းပပြီး အားကြိုးမာန်တက် စိုက်ပျိုးနေကြသကဲ့သို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုဝင်များအနေဖြင့်လည်း ၂၀၁၁ ခုနှစ်ကနေ ၂၀၂၅ ခုနှစ် တတိယအကြိမ် သစ်ပင်စိုက်ပွဲအထိ သစ်ပင်စိုက်ပွဲ စုစုပေါင်း ၄၄ ကြိမ် ကျင်းပပြုလုပ်ခဲ့ပြီး ရတနာတန်းဝင်ပင်၊ နှစ်ရှည်စားသုံးသီးနှံပင်၊ အရိပ်ရလေကာပင်စသည့် အပင်မျိုးစုံ ၂၀၈၄၂၅ ပင် စိုက်ပျိုးခဲ့ပြီးဖြစ်ကြောင်း၊ ယခုကျင်းပသည့် ၂၀၂၆ ခုနှစ်၊ ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပွဲမှာ ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ပိတောက်ပင် စုစုပေါင်း ၂၄၀၀ ပင်ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း။

သစ်ပင်စိုက်ပျိုးပွဲတော်များ ကျင်းပရာတွင် စီစဉ်ကြီးကြပ်သည့်သူများ အနေဖြင့် ဒေသအတွက် အမှန်တကယ်သစ်တောဖုံးလွှမ်းမှုလိုအပ်ချက်ရှိနေသည့်နေရာများကို အကြိမ်

**စာမျက်နှာ ၁၅ သို့ ◆**




ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း၏ဇနီး ဒေါ်နန်းကူးကူ ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ ၂၀၂၆ ခုနှစ် ပထမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပစဉ်။



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၆ ခုနှစ် ပထမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပစဉ်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ ၂၀၂၆ ခုနှစ် ပထမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပစဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၌ ၂၀၂၆ ခုနှစ် ပထမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပစဉ်။

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Delegation led by BIMSTEC Secretary-General pays courtesy call on President of the Republic of the Union of Myanmar U Min Aung Hlaing

NAY PYI TAW June 22

A delegation led by BIMSTEC Secretary-General H.E. Mr. Indra Mani Pandey paid a courtesy call on President of the Republic of the Union of Myanmar U Min Aung Hlaing at the Presidential Parlour in Nay Pyi Taw this morning.

Also present at the call together with the President were Union Minister at the President's Office U Khin Maung Yi, Union Minister for Foreign Affairs U Tin Maung Swe, and officials. The BIMSTEC Secretary-General was accompanied by officials.



President of the Republic of the Union of Myanmar U Min Aung Hlaing receives BIMSTEC Secretary-General H.E. Mr. Indra Mani Pandey.

During the talks, the President expressed his pleasure in receiving the BIMSTEC Secretary-General, stating that Myanmar warmly welcomed him. He noted that Myanmar joined BIMSTEC as one of its founding member countries and that it had been almost 30 years since the establishment of the organization. Formed with noble objectives, BIMSTEC has achieved many successful milestones. The President also observed that the institution was free from interference among its member countries, making it a major organization with excellent cooperation. He further stated, "Your Excellency, I am thankful for the congratulatory message you sent on my election. I exerted my best efforts to ensure a free and fair election."

In his discussions, the BIMSTEC Secretary-General said it was an honour to meet with the President. He expressed his pleasure regarding the successful holding of a free and fair multi-party democracy general election in Myanmar, as well as His Excellency's election to the presidency. He said, "Your Excellency, I believe that you and your government will be able to achieve a great deal for the socio-economic development of Myanmar and its people, as well as national peace and stability. I have witnessed Your Excellency's visits to foreign countries as President, and I fully trust that these visits will help strengthen regional relations." He added, "Myanmar now has a bright future and is an active participant in BIMSTEC, holding the top position in collaboration." He also mentioned that the institution would soon organize summits and other activities, in which Myanmar would enhance its cooperation.

Afterward, both sides cordially exchanged views on Myanmar's full cooperation within BIMSTEC, as well as collective assistance for the development of landlocked member countries, Nepal and Bhutan. They also discussed matters relating to Myanmar taking over the duties of the BIMSTEC Secretary-General in the coming year and its commitment to doing its best. Finally, they sought ways to promote relations and connectivity between the member countries and the peoples of BIMSTEC.

After the call, the President and the BIMSTEC Secretary-General exchanged commemorative gifts.

**Myawady**

# President U Min Aung Hlaing replies to queries at the interview with Phoenix News Agency

**President of the Republic of the Union of Myanmar U Min Aung Hlaing paid a State Visit to the People's Republic of of China at the invitation of President Mr. Xi Jinping of China. During his State Visit, the Myanmar President responded to the questions raised by Ms Liu Meixi of Phoenix TV from Phoenix News Agency on 19 June. The full text of the translated replies of the President is as follows:**

**Interviewer:** First of all, I would like to thank Your Excellency for giving me the opportunity to interview you here in the beautiful city of Hangzhou. I have studied your speeches, remarks, and responses in various international media. My first question is that, regarding what has been said in the media, Your Excellency is described as someone who is deeply devoted to the country and a political figure who prioritizes doing what is best for the nation both in the present and in the future. How do you view this characterization?

**President U Min Aung Hlaing:** A leader—no matter who the leader is or at what level—if a leader has the mindset of how to improve the work or department under their responsibility, then those work areas or departments will always progress. This is about cultivating the intention to make things better and having a positive mindset. I am the same. In the departments I previously served in, I worked with the mindset of how I could improve them. From the lowest level up to senior responsibilities, I have always worked in this way.

Even now, when I am responsible for the affairs of the State, I work with the mindset of how to improve the country. There are ideas and considerations about what might happen if things are done in a certain

See Page - 19 ●●



President of the Republic of the Union of Myanmar U Min Aung Hlaing replies to queries at the interview with Phoenix News Agency.

●● From Page - 18

way, and these need to be implemented. In doing so, one must have a firm determination. One cannot simply go along with whatever others say without clear judgment. It is necessary to know exactly what one wants to do, and that intention must also be correct. If it is not correct, it will not bring benefits and may instead lead to problems. Looking at various sectors where issues are occurring, I see the same pattern. That is what I would like to express—that I work with such a sincere and committed mindset.

**Interviewer:** I am satisfied with Your Excellency's response to the question just now. I visited Myanmar in 2023. Myanmar is rich in natural resources and has great potential for development across various sectors. Among these potentials, I would like to know—in 2026, in which areas or sectors does Your Excellency plan to focus on in order to improve the livelihoods of the people and promote the development of their lives, homes, and economic well-being?

**President:** We have natural resources and products—there are two types. In addition, we also have human resources. We need to consider how to make use of these three. My policy is that I do not prefer selling natural resources or products merely as raw materials. We should upgrade them, add value, and develop them further. In other words, it is about expanding industries and creating more employment opportunities. We have agricultural products, and we also have mineral resources and both above-ground and underground natural resources.

In the agricultural sector mentioned earlier, we need to support agricultural production. To achieve this, we must promote micro, small and medium enterprises (MSMEs). If this can be done, it will create many job opportunities for the grassroots population. Another point is that we must also advance in technology—we have no choice but to move forward. In today's era, we cannot be left behind. We need to develop technology-based sectors. For example, agriculture should be technology-driven, livestock farming should also be technology-driven, and industry should likewise be based on technology. This is the direction we must take. If we provide such support, people will have more job opportunities and higher incomes. As their income increases, their wealth and overall socio-economic conditions will improve, and as a result, the country will also progress. This is the direction I am aiming for.

**Interviewer:** Thank you for Your Excellency's remarks, in which you stated that agricultural production will be increased in order to improve the livelihoods of the people. My follow-up question concerns the China-Myanmar Economic Corridor. In 2026, marking 76 years of China-Myanmar diplomatic relations, how will the products you mentioned earlier be promoted and developed through this economic corridor platform, and what role will it play in this process?

**President:** We have a long historical relationship. It is the 76 years of diplomatic relations, but in fact our interactions go back many years. We have engaged in trade and commerce since earlier times, and we need to make use of that foundation. The agricultural products, livestock products, and natural resource-based products mentioned earlier should be processed into finished goods in Myanmar and then exported to China. China is a very large market. Your country has a population of over 1.4 billion people, which represents a huge market for us. We need to make effective use of this opportunity.

Selling of goods also must be essential for users. We need to be able to produce the goods that are in demand. We must be able to produce what you need and sell it to you, and we have to make this a reality. During this visit, the aim is to promote bilateral trade and encourage investment from China in Myanmar. It may also involve producing goods in Myanmar through such investments and then exporting them back to China, or to other countries, or selling them within Myanmar itself. This is the direction we should move toward.

If we do this, the economic corridor will function effectively. We can say it will be successful. However, the route must be smooth; it must be secure and efficient. We must create conditions to ensure that security and smoothness. We need to improve railways and roads, and we must facilitate bilateral trade as well as cross-border trade. Since this is the era of technology, we must also use technology to ensure that interactions and exchanges are secure and robust. It is not just about ordinary buying and selling. There are many aspects that must be addressed from multiple sectors. It is quite broad in scope. We are working with the objective of making it strong and sustainable.

**Interviewer:** Thank you. Your Excellency has mentioned that efforts will be made to promote trade and business investment with China. In this regard, my question is: in order to encourage Chinese businesspeople to invest more deeply in Myanmar, what kind of favorable or supportive policies will the Myanmar government introduce for Chinese investors, and how will it raise awareness of the Myanmar market? In addition, regarding access to international and ASEAN markets, what kinds of policies is Myanmar considering in terms of its level of participation and integration in these markets?

**President:** China is Myanmar's largest trading partner. In terms of investment in Myanmar, China is also the largest investor. China is the biggest country both in terms of trade and investment for us, and we intend to further expand this cooperation. Just as your country has a huge market, behind us there is India, which has a population of over 1.4 billion and is the most populous country in the world. Then there is Bangladesh with around 160 million people, and Thailand with over 70 million people. There are also ASEAN countries such as Thailand, Malaysia, and Singapore, and further east, Cambodia and Laos. If Chinese businesses invest in Myanmar, there is an investment law in place. Internationally, the US dollar is commonly used, but in Myanmar, the yuan is also legally permitted for investment purposes. There are no visa restrictions imposed on incoming investors; everything is facilitated. One-Stop Service centres have been established to avoid difficulties. All necessary legal protections are also provided. This has already been agreed upon by both countries.

By investing in our country, the products that are produced can be exported either to Western markets or to ASEAN markets. To the west, there are India and Bangladesh, and there are also many sea routes that can be used. We will facilitate this in the best possible way, and legal protections are in place as well. However, special or separate protection cannot be given in a discriminatory manner. The law cannot provide preferential protection to a single group or organization; equal rights must be ensured for all. We are dealing with multiple countries in our relations. Therefore, I believe that if we proceed in this way, it will be successful and will also benefit China.

One point I missed earlier is that, for border trade payments, transactions in yuan and kyat are permitted. Chinese traders can pay in yuan when purchasing goods from Myanmar. Agreements have already been reached between the banks, and this has been officially approved. This was first permitted during my administration.

**Interviewer:** Yes, this is also an area of interest for me. We are also interested in the fact that direct investment in yuan has been permitted. In this regard, Your Excellency, how do you assess the potential increase in Myanmar's GDP as a result of investment conducted in yuan?

**President:** GDP depends on three main sectors: the agricultural, industrial, and service sectors. However, when one initiative is implemented, it also brings about a chain of indirect effects. Our country's GDP is still low. Even at the provincial level in China, the GDP can be higher than that of our entire country. We aim to develop further than this. We are working through investment, and we also need to expand production ourselves. Only by expanding production can GDP increase. With investment, production across various sectors will increase, and job opportunities will expand. Alongside this, the service sector will also grow. Since this is a cumulative process, it is difficult to estimate precisely. However, I think it could roughly double. We expect that the current expansion of investment cooperation with China could lead to GDP increasing by about two times. This is because we have opportunities for development—we simply need to implement them. To do so, we must work together in cooperation. That is why I am placing strong emphasis on this effort.

**Interviewer:** As I have seen in news reports, during Your Excellency's visit to China, you visited various factories and industrial sectors. For example, you visited exhibitions related to aerospace and different industrial facilities. Based on China's technological development, in which sectors would you like to enhance cooperation with Myanmar, and in which areas do you intend or wish to further strengthen collaboration?

**President:** China's high level of technological development covers a very wide range of fields. There is IT and aerospace, industrial development, as well as sectors related to culture and transport, among others. If we are to cooperate, it should be across multiple sectors. We also need to work on creating the right conditions for such cooperation to take place. We need to be able to keep up with China's advanced technologies. China's technological progress is also very rapid. Technologies are constantly changing and evolving in real time.

For example, when I visited China in 2024, I observed some industries. When I visited there in 2025, I observed certain industries again. And when I came to China in 2026, I also looked at some industries. The situation in 2024 and 2025 has already changed significantly. However, we still have a lot of work to do just to reach the level of development seen in 2024. Our people also need preparation. For this preparation, cooperation with China is also necessary. Technology development must be carried out across all sectors. It is very broad in scope. Therefore, we aim and plan to pursue comprehensive, multi-sector cooperation.

**Interviewer:** Thank you. Your Excellency has just mentioned that border trade routes must be made secure, smooth, and convenient, and that only then can the two countries develop. In connection with this, my question is: what policies does Your Excellency have regarding border area management for the development of border regions? And in terms of security, what kind of guarantees or arrangements will be made for

See Page - 20 ●●

●● From Page - 19

Chinese investors and businesses operating in Myanmar's border areas?

**President:** To speak frankly, at present the security and stability of the border areas is still weak. This is an issue that both governments need to coordinate and work together on. Border area management is solely the responsibility of the government. Only the government can carry it out; no other organization is allowed to intervene. Not only border area administration, but also border trade and cross-border trade between the two countries must be handled by the government. We must work to make this possible. We also need to strive to resolve the existing issues in accordance with the law.

Regarding the security of Chinese investors' investments, we are making significant efforts. It is true that there have been difficulties, and we have had to overcome quite a number of them. At present, the situation is relatively better, and political adjustments have also been made. Some of the issues are political in nature, while others arise from ethnic affairs. These matters must be resolved in accordance with the law through the parliament. The necessary security protections are provided by the relevant organizations. While it may not be possible to provide individual-level protection, security related to institutions and businesses is being ensured by the relevant authorities. Effective action is also being taken in this regard. Among the current issues, there are online gambling problems in the border areas, and these are being cracked down on. There are also joint operations between China and Myanmar to suppress such activities. Those who have committed offenses have already been handed over to China. We must ensure that those who intend to violate the law are discouraged from coming and prevented from operating. This requires action from both sides; one side alone cannot handle it. This applies to cross-border issues. Internal security is our responsibility, and we are working on it. In addition, we have also allowed the establishment of joint coordination mechanisms related to China's security concerns. In this way, we are ensuring both investment security and the safety of individuals.

**Interviewer:** Yes, I would like to express my sincere thanks for having the opportunity to ask Your Excellency these questions. We believe that under Your Excellency's leadership, Myanmar's economic activities will continue to develop and grow.

**President:** OK, Alright.

▶▶ From Page - 21

Special emphasis must be placed on conservation of growth of trees and forests in areas where trees have been planted. Only then, will all trees planted annually thrive and contribution be essentially made to environmental conservation.

Then, the Commander-in-Chief of Defence Services and his wife led the ceremony by planting a treasured teak tree before participants planted trees at designated places.

Afterward, the Commander-in-Chief of Defence Services and his wife and party observed the collective tree-planting activities of officers, other ranks and families.

Similarly, monsoon tree-planting campaigns were launched in areas under regional commands, commanders and responsible officers, officers, other ranks and families planting treasured trees, industrial drops, perennial fruit trees and shady and windbreaking trees including 11,235 trees in Nay Pyi Taw Command, 13,493 trees in Northern Command, 4,495 trees in Northeast Command, 9,297 trees in Eastern Command, 14,165 trees in Eastern Central Command, 22,979 trees in Triangle Region Command, 15,683 trees in Southeast Command, 14,643 trees in Coastal Region Command, 49,053 trees in Yangon Command, 9,133 trees in Southwest Command, 1,130 trees in Western Command, 7,120 trees in Northwest Command, 47,987 trees in Central Command and 12,861 trees in Southern Command. The Tatmadaw as a whole planted a total of 235,674 trees today. **100**

# Fifty-nine individuals involved in committing online scam gambling operations were arrested along with operational equipment within Muse Town, Northern Shan State

NAY PYI TAW June 22

The State government, taking it up as a national duty, is actively prioritizing the process of combating online scam and online gambling operations, which harm and destroy the social lives of all humanity worldwide and pose an absolute danger to the public interest, and it is continuously crushing and combating them with increased momentum and decisiveness by coordinating not only with domestic forces but also with the governments of neighbouring countries.





As the illegal Chinese citizens involved in committing online scam gambling operations and operational equipment are seen.

As such joint security teams conducted area clearance, search, and investigation operations within the relevant territories to prevent online scam gambling operators from establishing a base of residence and to prevent online scam gambling operations from being carried out, at around 3:20 pm. today, two Chinese men, 47 Myanmar men, and 10 women, totalling 59 individuals who committed online scam gambling operations, were arrested inside a house in Taw Ywet Ward, Muse Town, Northern Shan State, along with 200 assorted mobile phones, 10 All-In-One computers, five laptops, and 10 assorted motorcycles.

It is reported that once the necessary investigations on the arrested individuals conducting those online scam gambling operations are completed, effective and severe actions will be taken against them in accordance with existing laws, and the seized operational equipment will be processed continuously according to established procedures.

It is received news that the State is actively cooperating with neighbouring countries, regional countries, and international organizations to expose, arrest, and take effective and severe action against those involved in online scamming, online gambling, and any form of crime, as well as the foreigners masterminding them from behind, and is actively continuing to carry out the process of combating online scamming and gambling operations for their total eradication and to ensure they cannot establish a base to operate within Myanmar. **100**

# Wakema Township sent large volume of featherback fish to Yangon market

WAKEMA June 22

"Local fishery businesspersons from Wakema Township of Ayeyawady Region sent a large volume of featherback fish to Yangon market," said Daw Khin Htay, the owner of marine product trading depot in Wakema Township.

Seafood traders from Wakema Township are systematically inspecting featherback fish before transporting and selling them to the Yangon market.

"During the past month, shipments of featherback fish to the Yangon market were strong. More than 65,000 viss were exported and sold. These are high-quality fish. Demand from the Yangon market has continued to rise even into March. With larger volumes being transported, those involved in the fisheries sector are seeing improved business conditions," said Daw Khin Htay.

Featherback fish from the region exported to the Yangon market are currently priced between Ks-17,500 and Ks-22,000 per viss.

As shipments of aquatic products to the Yangon market have increased, dried fish producers, fishermen, and processing workers in the area are also benefiting.

**SMK**

# Families of Office of Defence Services Commander-in-Chief (Army, Navy and Air) hold first rainy season tree planting ceremony for 2026

NAY PYI TAW June 22

With the aims of preserving the natural environment, supporting favourable climatic conditions, providing shade and greenery, and contributing to the national economy from one aspect, families of the Office of the Commander-in-Chief of Defence Services (Army, Navy and Air) and various regional military commands have been organizing annual rainy season tree planting ceremonies since 2011.

Today, the first rainy season tree planting ceremony by families of the Office of the Commander-in-Chief of Defence Services (Army, Navy and Air) for 2026 was held near Yezin Dam, Zeyathiri Township, Nay Pyi Taw. Commander-in-Chief of Defence Services General Ye Win Oo attended and led the planting of a valuable teak tree.

The ceremony was attended by Daw Nilar, wife of the Commander-in-Chief of Defence Services, Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin and his wife Daw Nan Kuu Ku; Union Ministers and their wives, Commander-in-Chief (Navy) Admiral Htein Win and his wife, Commander-in-Chief (Air) Lt-Gen Tun Win and his wife, senior military officers from the Office of the Commander-in-Chief and their wives, trainee officers from the National Defence College; and officers, other ranks, and family members from various offices and departments under the Office of the Commander-in-Chief (Army).

First, General Ye Win Oo delivered a speech. In his address, he said: As the saying goes, "The season follows the forest," planting trees not only helps regulate the climate but also greatly benefits environmental conservation. Therefore, the Tatmadaw is giving priority to and implementing the tree and forest sector as a national duty.



Commander-in-Chief of Defence Services General Ye Win Oo observes the collective tree-planting activities of officers, other ranks and families.

Natural climate sustains trees and forests, and trees and forests, in turn, help regulate a favourable natural climate. A good climate significantly contributes to human longevity and health, as well as to the proliferation of biodiversity. Thus, to achieve the beneficial outcomes of forests, favourable climate, and the health and longevity of living beings, tree planting is the most fundamental and best endeavour.

Today, we can see that our country, along with various countries around the world, is frequently encountering natural disasters. We can feel that the earth is getting warmer day by day, and this situation directly points to the depletion of forests.

In our country, during the 2009-2010 period, tropical regions such as Sagaing and Myinmu experienced record-high temperatures, and in 2024, areas like Chauk, Mandalay, and Nyaung-U also experienced record high temperatures, as known from meteorological records. With these record-breaking high temperatures, not only human health and longevity but also sectors like agricultural water and drinking water will suffer subsequent adverse effects.

Therefore, the Tatmadaw must strive in line with the State policy, "Let us protect our environment for the prosperity of the Nation," from ensuring the richness of forest resources to promoting socio-economic development and disaster risk reduction.

Among natural resources, some are renewable and some are non-renewable. Forests are a renewable natural resource that can regenerate naturally. By planting and preserving forests, we can effectively build human well-being, including human health and socio-economic development, and also help protect wildlife from extinction.

The current government, elected by the people, is working towards national development and is also vigorously pursuing urban development, as we can observe.

To cover vacant and virgin land outside urban and rural areas with forests, trees are being planted while it is necessary to systematically plant windbreakers, shady trees and perennial fruit trees urban areas, wards, village, public roads, near buildings in battalions and units in accordance with set rules to resist strong winds. Only then, can causes that will damage the aspects of urban areas be prevented.

As the Tatmadaw is a force that always carries out national defence and development tasks together with the government, natural disasters that may occur in the country must be anticipated and measures must be taken for preparedness for national defence.

Therefore, the Tatmadaw plants trees annually and regularly for environmental conservation and prevention of ecological damage. In doing so, noble aims have been set for environmental conservation, contribution to favourable climatic conditions, creation of shady surroundings and contribution to the economy of the country in one way or another.

The Tatmadaw has been holding tree-planting ceremonies consistently with the noble aims. As tree-planting campaigns are launched energetically in areas under regional commands and battalions and units, families of the Office of the Commander-in-Chief of Defence Services (Army, Navy and Air) have held 44 tree-planting ceremonies since 2011 until the third tree-planting ceremony in 2025, planting a total of 208,425 trees of various kinds including treasured trees, perennial fruit trees and shady trees. A total of 2,400 trees including teaks, ironwoods, mahoganies and padauks will be planted at the first monsoon tree-planting ceremony for 2026 being held at present.

In holding tree-planting ceremony, organizers are required to systematically give priority to sites that actually need forest coverage based on frequencies of tree-planting ceremonies.

**See Page - 20**


## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# တစ်တပ်တစ်အားပါဝင် တက်ညီလက်ညီစိုက်ပျိုး

ပြည်စိုးညိမ်း

အရိပ်ရ သစ်တစ်ပင်
ချစ်ခင်စွာ စိုက်ပျိုး။
သင့်ပြည်ရွာ
ဆင့်သီကာအလှတိုးလို့
အေးမြတန်ဖိုး။

နှစ်စဉ် ယခုလို မိုးဦးရာသီသို့ ရောက်ပြီဆိုလျှင် ကြည်နူးဖွယ်မြင်ကွင်းနှစ်ရပ်ကို တွေ့ရလေ့ရှိသည်။ ပထမမြင်ကွင်းမှာ ပညာသင်နှစ်တစ်နှစ်၏ အဦးအစတွင် ငယ်ရွယ်နုနယ်သည့် ကျောင်းသား၊ ကျောင်းသူကလေးများ၏ တက်ကြွရွှင်လန်းသော ခြေလှမ်းသစ်များပင်ဖြစ်၍ ဒုတိယမြင်ကွင်းမှာ တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် လူထုလှုပ်ရှားမှုအသွင် သစ်ပင်စိုက်ပျိုးပွဲများကို တပျော်တပါး စုစည်းဆောင်ရွက်ကြခြင်းပင်ဖြစ်၏။



နှစ်စဉ်မိုးရာသီသစ်ပင်စိုက်ကာလတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရာသီဥတုပြောင်းလဲမှုလျော့ချရေး၊ လူမှုစီးပွားဖွံ့ဖြိုးရေး၊ သဘာဝရှုမျှော်ခင်းနှင့် မျက်စိပသာဒဖြစ်ရေး၊ ဂေဟစနစ်ဝန်ဆောင်မှုများတိုးမြှင့်ရေး၊ စိမ်းလန်းစိုပြည်ရေးစသည်တို့အတွက် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ တစ်အုပ်တစ်မစိုက်ပျိုးခြင်း၊ သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း၊ လမ်းဘေးဝဲယာတွင် စိုက်ပျိုးခြင်း၊ အိမ်ရာဝင်း၊ ဥယျာဉ်ခြံဝင်းများအတွင်းစိုက်ပျိုးခြင်း စသည့်နည်းလမ်းအသွယ်သွယ်ဖြင့် သစ်ပင်တစ်ပင်မှအစပြု၍ တစ်နိုင်တစ်ပိုင်၊ တစ်အုပ်တစ်မ၊ တစုတဝေး မြောက်မြားစွာသော သစ်ပင်များကို နေရာဒေသအသီးသီး၌ စိုက်ပျိုးလျက်ရှိသည်။

သစ်ပင်တစ်ပင် ရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးသည့်ကိစ္စမှာ စေ့စေ့ငုငုဆိုရလျှင် လွယ်မယောင်နှင့်ခက်၍ တိမ်မယောင်နှင့်နက်ပါသည်။ တစ်ယောက်စိုက်လျှင် တစ်ပင်ရှင်သန်ဖို့ဆိုသည်မှာ “အစကောင်းမှ အနှောင်းသေချာ” ဆိုသည့်နည်းတူ ပျိုးပင်ပေါက်ကလေးဘဝမှသည် ကြီးထွားရှင်သန်သည်အထိ လုပ်ဆောင်ဖွယ်အဆင့်တိုင်းတွင် အသေးစိတ်ကြိုတင်ပြင်ဆင်၍ ဂရုတစိုက် ဆောင်ရွက်ကြရသည်။ သို့မဟုတ်ပါက “ပိုးသာကုန် မောင်ပုံစောင်းမတတ်” ဆိုသကဲ့သို့ စိုက်ပင်စိုက်သော်ငြား လေလွင့်ဆုံးရှုံးမှုတို့ များပြားကြရသည်။

ကနဦး မြေနေရာရွေးစဉ်ကပင် သစ်ပင်စိုက်၍ ရ၊ မရ သုံးသပ်စဉ်းစားရသည်။ စိုက်ပြီးပါက သေပင်ဖာ၊ ပေါင်းရှင်း၊ မြေတောင်မြှောက်၊ မြေသြဇာကျွေး၊ မီးဘေးရန်၊ တိရစ္ဆာန်ရန်တို့မှ ကာကွယ်ခြင်း စသည့်ပြုစုမှုများကို အပင်ငါးနှစ်သားအထိ ဆောင်ရွက်ပေးရသည်။ သည့်နောက်တွင် သဘာဝတောကဲ့သို့ဖြစ်လာအောင် ပင်ကျပ်နုတ်၊ ပင်ပူးခွာ၊ ကိုင်းချိုင် စသည့် ပြုစုထိန်းသိမ်းမှုများကို လုပ်ပေးရသည်။ သစ်ပင်ဆိုသည်ကလည်း သက်ရှိတစ်မျိုးပင်ဖြစ်သည်။ ကာလ၊ ဒေသ၊ ပယောဂတို့အပေါ်မူတည်၍ ရှင်သန်ကြီးထွားရသည်။ ရှင်သန်နေစဉ်ကာလတစ်လျှောက်လုံး သူ့အရွယ်နှင့်သူ လိုအပ်သလို ပြုစုစောင့်ရှောက်ရသည်။ အပင်ကြီးဖြစ်သော်မှ လက်လွတ်၍ မရသေး။ ပင်စည်၌နွယ်တက်နေလျှင် ကြီးထွားမှုကို နှေးကွေးစေသည်။ သည်မျှမကသေး။ ထိုနေရာတဝိုက်သည် အပင်အတွက် လိုအပ်သော အစာရေစာနှင့် အလင်းရောင်ကိုလုံလောက်စွာ ရရှိရဦးမည်ဖြစ်သည်။ ရှင်သန်ကြီးထွားမှုကို နှောင့်ယှက်ဟန့်တားစေသော အကြောင်းတရားများမရှိမှသာလျှင် ထိုအပင်သည် ကောင်းမွန်လွတ်လပ်စွာ ရှင်သန်ကြီးထွားနိုင်မည်ဖြစ်၏။

အမှန်စင်စစ်အားဖြင့် သစ်တောသယံဇာတပေါကြွယ်ဝမှုနှင့် နိုင်ငံ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးမှာ တိုက်ရိုက်ဆက်စပ်နေသည်ဟုပင် ဆိုနိုင်သည်။ သစ်တောဖုံးလွှမ်းမှု တိုးပွားလာသည်နှင့်အမျှ ဂေဟစနစ်ဝန်ဆောင်မှုများလည်း ပိုမိုကောင်းမွန်လာမည်ဖြစ်သည်။ ထို့ကြောင့်ပင် နိုင်ငံဧရိယာ၏ ၃၀ ရာခိုင်နှုန်းကို ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများနှင့် နိုင်ငံဧရိယာ၏ ၁၀ ရာခိုင်နှုန်းကို သဘာဝထိန်းသိမ်းရေးနယ်မြေများအဖြစ် ရည်မှန်းဖွဲ့စည်းလျက်ရှိရာ ဇွန်လ ၁၃ ရက်အထိ သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တော စုစုပေါင်း ၁၃၃၇ ခု၊ နိုင်ငံဧရိယာ၏ ၂၆ ဒသမ ၁၁ ရာခိုင်နှုန်း တည်ထောင်နိုင်ခဲ့ပြီး သဘာဝထိန်းသိမ်းရေးနယ်မြေ ၆၂ ခု၊ နိုင်ငံဧရိယာ၏ ၆ ဒသမ ၅၉ ရာခိုင်နှုန်း ဖွဲ့စည်းထားနိုင်ခဲ့ပြီဖြစ်သည်။

ထို့ပြင် နှစ်စဉ် သစ်တောစိုက်ခင်းအမျိုးမျိုး တည်ထောင်လျက်ရှိရာ ယခုနှစ် မိုးရာသီတွင် နိုင်ငံအဝန်းသစ်တောစိုက်ခင်း ဧက ၃ သောင်းကျော်၊ သစ်ပင်ပေါင်း ၂၁ ဒသမ ၃၆ သန်း စိုက်ပျိုးတည်ထောင်နိုင်ရန် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိသည်။

တပ်မတော်အနေဖြင့်လည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန်၊ ရာသီဥတုကို အထောက်အကူဖြစ်စေရန်၊ အရိပ်အာဝါသရရှိစေရန်နှင့် နိုင်ငံ့စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် တိုင်းစစ်ဌာနချုပ်အသီးသီးတို့တွင် နှစ်စဉ်မိုးရာသီတစ်အုပ်တစ်မ သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပလာခဲ့သည်မှာ ၂၀၁၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ (၄၄) ကြိမ်ရှိခဲ့ပြီဖြစ်သည်။ ယခု ၂၀၂၆ ခုနှစ် ဇွန်လ ၂၂ ရက်တွင် ပြုလုပ်သော ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲအထိဆိုလျှင် စုစုပေါင်း (၄၅) ကြိမ်ပြုလုပ်ခဲ့ပြီးဖြစ်၏။

၂၀၁၁ ခုနှစ်မှစ၍ ကျင်းပပြီးစီးခဲ့သည့် (၄၄)ကြိမ်အတွင်း၌ ရတနာတန်းဝင်၊ စက်မှုကုန်ကြမ်းသီးနှံ၊ နှစ်ရှည်စားသုံးသီးနှံနှင့် အရိပ်ရလေကာပင် စုစုပေါင်း ၂၀၇၈၂၅၂၄ ပင် စိုက်ပျိုးနိုင်ခဲ့ပြီး ၁၃၄၅၀၁၉၇ ပင်ရှင်သန်ဖြစ်ထွန်းသဖြင့် ရှင်သန်ပင် ရာခိုင်နှုန်း ၆၄ ဒသမ ၇၂ ရှိသည်ဟု ဆိုရပါမည်။

၂၀၂၆ ခုနှစ်အတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်တိုင် ပါဝင်တက်ရောက်၍ ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးခဲ့သည်။ မိုးရာသီသစ်ပင်စိုက်ပွဲများကိုသက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များတွင်ပါ တစ်ချိန်တည်းတစ်ပြိုင်တည်း ကျင်းပ၍ တပ်မတော်တစ်ရပ်လုံးအားဖြင့် စုစုပေါင်း ၂၃၅၆၄၇ ပင် စိုက်ပျိုးနိုင်ခဲ့သည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲ၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားစဉ် **“သဘာဝရာသီဥတုက သစ်ပင်သစ်တောများကို ရှင်သန်စေပြီး သစ်ပင်သစ်တောများက ကောင်းမွန်သည့်သဘာဝရာသီဥတုကို ပြန်လည်ထိန်းညှိပေးနိုင်ခြင်းပင်ဖြစ်ကြောင်း၊ ကောင်းမွန်သည့် ရာသီဥတုက တစ်ဆင့် လူသားများ၏သက်ရှည်ကျန်းမာရေးကို များစွာအထောက်အကူပြုနေသလို ဇီဝမျိုးစုံမျိုးကွဲများ တိုးပွားရေးအတွက်လည်း များစွာအထောက်အကူပြုနေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သစ်ပင်သစ်တော၊ သဘာဝရာသီဥတုနှင့် သက်ရှိမျိုးစုံတို့၏ သက်ရှည်ကျန်းမာရေးဆိုသည့်အကျိုးဆက်ကောင်းများ ဖြစ်ပေါ်ရန် သစ်ပင်စိုက်ပျိုးခြင်းသည် အခြေခံအကျဆုံးနှင့် အကောင်းဆုံးလုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း”** ထည့်သွင်းပြောကြားခဲ့သည်။

သစ်တောသစ်ပင်များဆိုသည်မှာ စက်ရုံတည်ဆောက်၍ အလိုရှိသလောက် ထုတ်ယူရရှိနိုင်သော ပစ္စည်းမျိုးမဟုတ်ဘဲ ရှင်သန်ကြီးထွားတည်တံ့နေစေရန် နှစ်ကာလများစွာ အချိန်ယူတည်ဆောက်ကြရခြင်းဖြစ်သည်။ သဘာဝအလျောက်၊ အချိန်အခါအလျောက် ထုတ်လုပ်ပေးနိုင်သည့်ပမာဏထက် စနစ်မကျသည့် ထုတ်ယူခြင်း၊ အလွန်အကျွံထုတ်ယူခြင်းများပြုလုပ်လျှင် ထုတ်လုပ်နိုင်စွမ်းနှင့် ထုတ်ယူသုံးစွဲမှု မမျှမတဖြစ်ကာ ဟန်ချက်မညီမျှတော့ဘဲ တောအဆင့်အတန်းနိမ့်ကျလာခြင်း၊ တောပြုန်းတီးခြင်းများ မလွဲမသွေဖြစ်ပေါ်လာပါလိမ့်သည်။ ထိုအခါ ဆင့်ကဲပေါ်ပေါက်လာသည့် အကျိုးဆက်များနှင့် နောက်ဆက်တွဲဆိုးကျိုးများကလည်း ထက်ကြပ်လိုက်ပါလာမည်ဖြစ်သည်။

ယခုသစ်ပင်စိုက်၍ ယခုချက်ချင်း အပူချိန်များ သိသာထင်ရှားစွာ လက်ငင်းလျော့ပါးသွားမည် မဟုတ်သော်ငြား ယခု မိမိတို့သစ်ပင်စိုက်ပျိုးခြင်းဖြင့် သစ်ရိပ်ဝါးရိပ်တို့၏ အရိပ်အာဝါသများကြောင့် အပူဒဏ်ကို တတ်နိုင်သမျှ လျော့ပါးလာစေမည်ဖြစ်သည်။ ကာလကြာမြင့်လာသည်နှင့်အမျှ အပူဒဏ်မှ ထိုက်သင့်သောသက်သာမှုများကို တိုး၍ရရှိလာစေမည်ဖြစ်သည်။ ထို့မျှမက စိမ်းလန်းစိုပြည်သောမြင်ကွင်းများကို မြင်တွေ့ရခြင်းဖြင့် မျက်စိပသာဒကိုဖြစ်ပေါ်စေပြီး မိမိတို့၏စိတ်နှလုံးကိုလည်း အေးမြစေသည့်အကျိုးကျေးဇူးများ ရရှိစေနိုင်မည်ဖြစ်၏။

အနီးစပ်ဆုံးသောသာဓကအားဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်ကိုကြည့်မည်ဆိုလျှင် လွန်ခဲ့သည့်ဆယ်စုနှစ်ကျော်က စိုက်ပျိုးခဲ့သောသစ်ရိပ်ဝါးရိပ်များ၏ အကျိုးကျေးဇူးကို စတင်ခံစားနေရပြီဖြစ်သည်။ လမ်းဘေးဝဲယာတစ်လျှောက် အုပ်အုပ်ဆိုင်းဆိုင်းနှင့် ညို့မှိုင်းနေသော ကုက္ကိုပင်တန်းကြီးများက နွေရာသီ၏အပူဒဏ်ကို သဘာဝထီးကြီးများသဖွယ် ဖြန့်မိုးကာကွယ်ပေးနေကြသည်။ မျက်စိပသာဒအားဖြင့်လည်း စိတ်နှလုံးကြည်မွေ့ဖွယ်သဘာဝပန်းချီကားတစ်ချပ်နှယ် ရှိနေကြသည်။ ဖြူပြာနီဝါရောင်စုံဖြာသည့် ပန်းပေါင်းစုံတို့ကလည်း ရာသီအလိုက် ဖူးပွင့်နေကြသည်။

**စာမျက်နှာ ၂၃ သို့** ■

**○ ဤမြေကမ္ဘာ စိမ်းလန်းသာယာလှပရေးအတွက် သစ်ပင်များစိုက်ပျိုးကြရပါမည်။ လူသားများနှင့်အတူ မျှဝေနေထိုင်သောသတ္တဝါများ၏ ဂေဟစနစ်မှန်ကန်ကောင်းမွန်စေရန် သဘာဝတောများကို ထိန်းသိမ်းကြရပါမည်။ ဤသည်တို့မှာ လူသားဆန်သောလူသားတို့အတွက် ကိုယ်စီလိုက်နာဆောင်ရွက်အပ်သော ကျင့်ဝတ်ကောင်းများပင်ဖြစ်...**

**○ ယနေ့ မိမိတို့မြင်တွေ့နေရသောသစ်ပင်များမှာ ရှေးကမျိုးဆက်များထားရှိခဲ့သည့်အမွေဟု ဆိုနိုင်သည်။ ထို့အတူ မိမိတို့လက်ထက်တွင်လည်း နောင်လာနောက်သားမျိုးဆက်သစ်များအတွက် ကောင်းကျိုးအထွေထွေရရှိခံစားနိုင်စေရန် သစ်ပင်သစ်တောများကို ကောင်းမွန်သောအမွေအနှစ်အဖြစ် တည်တံ့ကျန်ရစ်နေစေရန် စွမ်းဆောင်ကြရမည်ဖြစ်...**

■ စာမျက်နှာ ၂၂ မှအဆက်

ကုန်ဆုံးလု ဆောင်းနှောင်းရက်များမှသည် နွေရာသီသို့တိုင် ကံ့ကော်၊ ပိတောက်၊ ငုဝါတို့က အလှည့်ကျ ဖူးပွင့်နေကြသည်။ တပေဘူတပင်များဆိုလျှင် နေပြည်တော်လမ်းများ၏ အမှတ်သညာဟုပင်ဆိုရမတတ် အဆုပ်လိုက်အထွေးလိုက် ခဲခဲဝါဝါ ဖြာဖြာလန်းလန်း တင့်ဆန်းနေကြသည်။ စိန်ပန်းနီနီတို့ကမူ နွေနှောင်းရက်ကျန်မှသည် မိုးဦးကျလာသည်အထိ နီရဲသောပတ္တမြားပန်းများကို ဆင်မြန်းထားဆဲဖြစ်သည်။

သစ်ပင်ပန်းပင်တို့၏အလှကို လောကအလှဟုပင် တင်စားနိုင်သည်။ ၎င်းတို့သည် သဘာဝကို အလှဆင်သည်သာမက ပတ်ဝန်းကျင်ရာသီဥတုကိုပါ အပူအအေး ထိန်းညှိပေးနိုင်စွမ်းရှိသည်။

လူနှင့် တိရစ္ဆာန်တို့သည် အသက်ရှင်သန်ရန်အတွက် သဘာဝလေထုထဲမှ အောက်ဆီဂျင်ကိုရှူသွင်း၍ ကာဗွန်ဒိုင်အောက်ဆိုက်ကို ပြန်လည်ထုတ်လွှတ်ပေးသည်။ သစ်ပင်များကမူ ထိုသို့မဟုတ်ကြပေ။ ကာဗွန်ဒိုင်အောက်ဆိုက်ကိုစုပ်ယူ၍ အောက်ဆီဂျင်ကို ပြန်လည်ထုတ်လွှတ်ပေးခြင်းဖြစ်သည်။ ဤအချက်ကို ကြည့်ရုံမျှဖြင့်ပင် သစ်ပင်များသည် လောကလူသားတို့အတွက် မည်မျှအရေးပါသည်ကိုသိနိုင်ပါ၏။

ထို့ပြင် လူသားတို့အတွက် အစားအစာ၊ နားခိုရာနှင့် အရိပ်အာဝါသကို ပေးသည်။ ထိုနည်းတူ သားငှက်တိရစ္ဆာန်များအတွက် အသိုက်အမြုံများ ဖန်တီးပေးသည်။ ရာသီဥတုပြောင်းလဲမှုကို ထိန်းညှိပေးခြင်း၊ သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ပေးခြင်း၊ ဇီဝမျိုးစုံမျိုးကွဲကြွယ်ဝစေခြင်း၊ မြေဆီမြေနှစ်အဆင့်ဆင့်ဖြစ်ပေါ်စေခြင်း စသည့်အကျိုးကျေးဇူးများစွာကိုလည်း ပေးစွမ်းနိုင်ပါသေးသည်။

သစ်တောသစ်ပင်များမှ ငွေကြေးနှင့် တန်ဖိုးမဖြတ်နိုင်သော ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်ကောင်းများမှာ နက်ရှိုင်းကျယ်ပြန့်လှသည်။ အခြားတစ်ဖက်မှကြည့်သော် သစ်တောသစ်ပင်များ ပြုန်းတီးလာခြင်းသည် ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုအတွက် အဓိကတွန်းအားပေးနေသည့် အကြောင်းရင်း တစ်ရပ်ဖြစ်သည်ကို တွေ့နိုင်ပါ၏။

ယနေ့ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတွင်တွေ့ကြုံနေရသည့် ရာသီဥတုပြောင်းလဲမှု အဓိကအကြောင်းရင်းများကို လေ့လာဆန်းစစ်ကြည့်မည်ဆိုပါက ရုပ်ကြွင်းလောင်စာ အသုံးပြုမှုများလာခြင်း၊ စွမ်းအင်နှင့်စက်မှုလုပ်ငန်းများ ထွန်းကားလာခြင်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ တိုးတက်လာခြင်း၊ သစ်တောများပြုန်းတီးခြင်း၊ လူဦးရေတိုးပွားလာမှုနှင့်အတူ သစ်တောများကို အခြားမြေအသုံးချမှုအဖြစ်ပြောင်းလာခြင်းစသည့်အကြောင်းရင်းများကြောင့်ဖြစ်သည်။ ၎င်းအချက်များကြောင့် လေထုထဲသို့ မှန်လုံအိမ်ဓာတ်ငွေ့အမြောက်အမြား ပိုမိုထုတ်လွှတ်လာပြီး ရာသီဥတုပြောင်းလဲမှုပြင်းထန်လာသည်နှင့်အမျှ သဘာဝဘေးအန္တရာယ်အမျိုးမျိုးကို ရင်ဆိုင်လာကြရခြင်းဖြစ်သည်။ သို့ဖြစ်ရာ ဤမြေကမ္ဘာစိမ်းလန်းသာယာလှပရေးအတွက် သစ်ပင်များ စိုက်ပျိုးကြရပါမည်။ လူသားများနှင့်အတူ မျှဝေနေထိုင်သောသတ္တဝါများ၏ ဂေဟစနစ်မှန်ကန်ကောင်းမွန်စေရန် သဘာဝတောများကို ထိန်းသိမ်းကြရပါမည်။ ဤသည်တို့မှာ လူသားဆန်သောလူသားတို့အတွက် ကိုယ်စီလိုက်နာဆောင်ရွက်အပ်သော ကျင့်ဝတ်ကောင်းများပင်ဖြစ်သည်။

ယနေ့ မိမိတို့မြင်တွေ့နေရသော သစ်ပင်များမှာ ရှေးကမျိုးဆက်များ ထားရှိခဲ့သည့်အမွေဟု ဆိုနိုင်သည်။ ထို့အတူ မိမိတို့လက်ထက်တွင်လည်း နောင်လာနောက်သား မျိုးဆက်သစ်များအတွက် ကောင်းကျိုးအထွေထွေ ရရှိခံစားနိုင်စေရန် သစ်ပင်သစ်တောများကို ကောင်းမွန်သောအမွေအနှစ်အဖြစ် တည်တံ့ကျန်ရစ်နေစေရန် စွမ်းဆောင်ကြရမည်ဖြစ်သည်။ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးကို အစဉ်ဦးထိပ်ပန်ဆင်လျက်ရှိသည့် တပ်မတော်အနေဖြင့် "နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့" ဆိုသည့်အတိုင်း နိုင်ငံတော်အစိုးရ၏ဦးဆောင်လမ်းညွှန်မှုနှင့်အညီ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများ ကျင်းပ၍ တက်ညီလက်ညီ၊ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်လျက်ရှိမှုအား လှိုက်လှဲစွာ ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

## ၂၀၂၄ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း တက်ရောက်

နေပြည်တော် ဇွန် ၂၂

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် ခွာညိုပန်းအဝိုင်းအနီးရှိ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနပိုင် ဝါးနှင့် သစ်စေးစိုက်ပျိုးရေးစီမံကိန်းမြေနေရာအကွက်အမှတ်(၂၀)အတွင်း၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း၊ ဒုတိယဝန်ကြီး ဦးသိုက်စိုးနှင့် ဝန်ထမ်းများတက်ရောက်ကြသည်။



ဦးစွာပြည်ထောင်စုဝန်ကြီးဦးမျိုးဇော်သိမ်းက အမှာစကားပြောကြားပြီး ဦးစီးဌာနအလိုက် ဝန်ထမ်းများက သစ်စေးပင်များကို စုပေါင်းစိုက်ပျိုးကြသည်။

အလားတူ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)နှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ခရိုင်/မြို့နယ်များ စုပေါင်း၍ ဥတ္တရခရိုင် ဇေယျာသီရိမြို့နယ် ရွှေပေး-ရှားစေးဖိုကျေးရွာချင်းဆက်လမ်း တစ်လျှောက် လမ်းဘေး ဝဲ/ယာ၌ အရိပ်ရပင်များဖြစ်သည့် သစ်ဖြူ(စစ်)ပင်၊ ကုက္ကိုပင်၊ ကျွန်းပင်၊ စိန်ပန်းပင်၊ ပိတောက်ပင်၊ မဲဇလီပင်၊ ကံ့ကော်ပင်နှင့် ခရေပင် စုစုပေါင်း ပျိုးပင် ၄၁၃ ပင်ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မြဝတီ**

## အခွန်ဆိုင်ရာအသိပညာတိုးတက်ရေးနှင့် အခွန်တာဝန်လေးစားလိုက်နာမှု တိုးတက်ရေးအသိပညာပေးရှင်းလင်း

နေပြည်တော် ဇွန် ၂၂

အခွန်ဆိုင်ရာအသိပညာတိုးတက်ရေးနှင့် အခွန်တာဝန်လေးစားလိုက်နာမှု တိုးတက်ရေးအသိပညာပေးရှင်းလင်းပွဲကို ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်ကောင်စီအတွင်းရေးမှူး၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အခွန်ထမ်းပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နိုင်ငံသူ၊ နိုင်ငံသားများ၏ အခွန်ယဉ်ကျေးမှု (Tax Culture) ဖြစ်ထွန်းခိုင်မာစေရန်၊ အခွန်ဆိုင်ရာတာဝန်များကို လေးစားလိုက်နာသည့် အလေ့အကျင့်ကောင်းများ တိုးတက်လာစေရန်နှင့် ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်၍ ရောင်းချခြင်း၊ ဝန်ဆောင်မှုဆောင်ရွက်ပေးခြင်းဖြင့် ရသင့်ရထိုက်သောအခွန်ငွေများ လွတ်ကင်းမှုမရှိစေဘဲ နိုင်ငံတော်အစိုးရ၏ ဘဏ္ဍာငွေသို့ ပွင့်လင်းမြင်သာစွာရောက်ရှိနိုင်သည်ကိုသိရှိစေရန် ရည်ရွယ်ချက်ဖြင့် ယခု ဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက အခွန်ဆိုင်ရာပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ပြန်လည်ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**



## ကျွန်းစုမြို့နယ်၌ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲကျင်းပ



ကျွန်းစု ဇွန် ၂၂

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် အခြေခံပညာဦးစီးဌာန မြို့နယ်ပညာရေးမှူးရုံး၌ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် အခြေခံပညာအလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

ပြိုင်ပွဲတွင် "မြန်မာအမျိုးသမီးများနေ့မှသည် တန်းတူညီမျှသော အနာဂတ်ဆီသို့" နှင့် "နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာအမျိုးသမီးများ၏ စွမ်းဆောင်ရည်" ခေါင်းစဉ်များဖြင့် မြို့နယ်အတွင်းရှိအခြေခံပညာကျောင်းအသီးသီးမှ ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

အဆိုပါပြိုင်ပွဲသို့ အထက်တန်းဆင့် ကျောင်းသား၊ ကျောင်းသူ ၂၂ ဦး၊ အလယ်တန်းဆင့် ကျောင်းသား၊ ကျောင်းသူ ၃၃ ဦး စုစုပေါင်း ၅၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ထိုသို့ယှဉ်ပြိုင်နေမှုအား မြို့နယ်ပညာရေးမှူး ဒေါ်နုနုလွင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြောင်း သိရသည်။

**ထက်မြင့်(ကျွန်းစု)**

### MWD Variety Channel

၂၃-၆-၂၀၂၄(အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၁၀:၄၀ | ကျွန်းမာသောဘဝ |
| ၂။ | ၁၁:၃၅ | ဖတ်ပါ မှတ်ပါ လေ့လာပါ |
| ၃။ | ၁၄:၂၀ | ကွယ်လွန်ထင်ရှားအနုပညာရှင်များ(တေးသံရှင်-ကိုအံ့ကြီး) |
| ၄။ | ၁၆:၂၀ | ဥပဒေမှတ်စု |

# မလေးရှားနိုင်ငံတစ်ဝန်း ဒီဇယ်စျေးနှုန်းကို လာမည့်ဇူလိုင်လမှစ၍ လျှော့ချမည်

ကွာလာလမ်ပူ၊ ပြည်တွင်းရေး

မလေးရှားနိုင်ငံ၌ အစိုးရကထောက်ပံ့ကြေးပေးထားသည့် ဒီဇယ်ဆီနှင့် ထောက်ပံ့ကြေးမဲ့ ဒီဇယ်ဆီတို့ကြား စျေးနှုန်းကွာဟချက်ကြီးမားမှုကြောင့် မှောင်ခိုကူးမှုများနှင့် ဘဏ္ဍာငွေဆုံးရှုံးမှုများ ဖြစ်ပေါ်နေခြင်းကို တားဆီးရန် လာမည့်ဇူလိုင်လမှစတင်ကာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဒီဇယ်စျေးနှုန်းကိုလျှော့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုအစီအစဉ်အရ ဒီဇယ်ဆီတစ်လီတာလျှင် ၂ ဒသမ ၁၀ ရင်းဂစ်သို့ လျှော့ချသတ်မှတ်ပေးသွားမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနက ဇွန်လ ၂၂ ရက်တွင်ထုတ်ပြန်ထားသည်။ ယင်းမူဝါဒအသစ်ကြောင့် မလေးရှားကျွန်းဆွယ်ဒေသရှိ မော်တော်ယာဉ်မောင်းနှင်သူများသည် လက်ရှိပေးဆောင်နေရသည့်နှုန်းထား၏ထက်ဝက်ကျော် သက်သာသွားမည်ဖြစ်သည်။

လက်ရှိတွင် ဆာဘားနှင့် ဆာရာဝပ်ပြည်နယ်တို့၌ ဒီဇယ်ဆီကို ထောက်ပံ့ကြေးစျေးဖြစ်သည့် တစ်လီတာလျှင် ၂ ဒသမ ၁၅ ရင်းဂစ်ဖြင့် ရောင်းချနေသော်လည်း မလေးရှားကျွန်းဆွယ်ဒေသ၌ ၄ ဒသမ ၃၇ ရင်းဂစ်မှသည် ၆ ဒသမ ၇၂ ရင်းဂစ်အထိ မြင့်တက်လျက်ရှိကြောင်းသိရသည်။

Ref: AGC

# အိန္ဒိယမြောက်ပိုင်း၌ မီးလောင်မှုဖြစ်ပွား လူများစွာသေဆုံး

နယူးဒေလီ၊ မတော်တဆမှု

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရာပရာဒေ့ရှ်ပြည်နယ်၌ ဇွန်လ ၂၂ ရက်တွင် အထပ်မြင့်အဆောက်အအုံတစ်ခု မီးလောင်မှုဖြစ်ပွားရာ ကျောင်းသားများအပါအဝင် လူများစွာသေဆုံးကြောင်း ဒေသတွင်းတာဝန်ရှိသူတစ်ဦးကပြောသည်။

မီးလောင်မှုကြောင့် သေဆုံးသူအရေအတွက်ကို တာဝန်ရှိသူများက တရားဝင်အတည်ပြုထုတ်ပြန်ခြင်း မရှိသော်လည်း ဒေသတွင်းသတင်းဌာနအချို့ကမူ အနည်းဆုံး လူ ၁၄ ဦးခန့်သေဆုံးကြောင်း ဖော်ပြထားသည်။

မီးလောင်မှုသည် ကျောင်းသားများစွာ စာသင်လျက်ရှိသည့် သင်တန်းကျောင်း၏ အဆောက်အအုံအတွင်း စတင်ဖြစ်ပွားခြင်းဖြစ်သည်။ ကျောင်းသားအချို့သည် မီးဘေးမှလွတ်မြောက်ရန် ပြတင်းပေါက်မှခုန်ချသဖြင့် ဒဏ်ရာများရရှိကြောင်းနှင့် ဝန်ကြီးချုပ်ကလည်း ထိုဖြစ်စဉ်အတွက်ဝမ်းနည်းရသည်ဟုထုတ်ပြန်ထားကြောင်းသိရသည်။

Ref: Xinhua

# အီရန်နှင့် တိုက်ရိုက်ဆွေးနွေးမှုအပြီး နောက်ဆုံးသဘောတူညီချက်ရရန် အခြေခံအုတ်မြစ်ချမှတ်နိုင်ဟုဆို




ဘာဂန်စတော့၊ နိုင်ငံရေး

ဆွစ်ဇာလန်နိုင်ငံ၌ဆောင်ရွက်ခဲ့သည့် အီရန်နိုင်ငံနှင့် တိုက်ရိုက်ဆွေးနွေးပွဲများ အပြီးတွင် နှစ်နိုင်ငံကြားနောက်ဆုံးသဘောတူညီချက်ရရှိရန် အလွန်ကောင်းမွန်သော အခြေခံအုတ်မြစ်တစ်ခု ချမှတ်နိုင်ကြောင်း အမေရိကန်ဒုတိယသမ္မတ ဂျေဒီဗန့်က ဇွန်လ ၂၂ ရက်တွင် ထုတ်ဖော်ပြောသည်။

"ကျွန်တော်တို့အနေနဲ့ အောင်မြင်တဲ့ နောက်ဆုံးသဘောတူညီချက်အတွက် အခြေခံအုတ်မြစ်ကောင်းတစ်ခု ချမှတ်နိုင်ခဲ့ပါပြီ။ ဗျူဟာမြောက် နောက်ဆုံးသဘောတူညီချက်က အိမ်တစ်လုံးဆိုရင် ကျွန်တော်တို့ အိမ်ကိုဆောက်လို့မပြီးသေးပါဘူး။ ဒါပေမဲ့ အမေရိကန်ပြည်သူတွေအတွက် ကောင်းမွန်တဲ့ရလဒ်တစ်ခုရဖို့ ခိုင်မာတဲ့ အခြေခံအုတ်မြစ်ကိုတော့ ချနိုင်ခဲ့ပါပြီ" ဟု ဂျေဒီဗန့်က သတင်းထောက်များကိုပြောထားသည်။

၂၀၂၅ ခုနှစ်တွင်ဖြစ်ပွားသော ၁၂ ရက်ကြာစစ်ပွဲအတွင်း အမေရိကန်နှင့် အစ္စရေးတို့၏ ဗုံးကြဲတိုက်ခိုက်ခြင်းကိုခံခဲ့ရသည့် အဓိကနျူကလီးယားစခန်းများသို့ ကုလသမဂ္ဂ နျူကလီးယားစောင့်ကြည့်ရေးအဖွဲ့မှ စစ်ဆေးရေးမှူးများကို ပြန်လည်ဝင်ခွင့်ပြုရန် အီရန်အစိုးရက သဘောတူကြောင်း ဂျေဒီဗန့်ကဆိုသည်။

ရက်ပေါင်း ၄၀ ကြာ တိုက်ပွဲများဖြစ်ပွားပြီးနောက် မကြာခဏပျက်ပြားသည့် အပစ်အခတ်ရပ်စဲရေး သီတင်းပတ်များအပြီး လွန်ခဲ့သည့်သီတင်းပတ်အတွင်း အီရန်နှင့် အမေရိကန်တို့က ဆွေးနွေးပွဲများအတွက် အခြေခံအုတ်မြစ်ချပေးမည့် နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးထားခြင်းဖြစ်သည်။

Ref: ST

# ဖိလစ်ပိုင်၌ ကျောင်းတွင်း သေနတ်ပစ်ခတ်မှု တစ်ခုဖြစ်ပွား လူသုံးဦးသေဆုံး

မနီလာ၊ ပစ်ခတ်မှု

ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်းရှိ စာသင်ကျောင်းတစ်ခုအတွင်း ဇွန်လ ၂၂ ရက်တွင် သေနတ်ပစ်ခတ်မှုတစ်ခုဖြစ်ပွားရာ လူသုံးဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိကြောင်းနှင့် သံသယရှိသူ တရားခံနှစ်ဦးကို ဖမ်းဆီးရမိထားကြောင်း ရဲတပ်ဖွဲ့ကပြောသည်။

ထိုပစ်ခတ်မှုသည် လေတေးပြည်နယ် တက်ကလိုဘန်မြို့ရှိ ဆန်ဟိုဆေး အမျိုးသားအထက်တန်းကျောင်း၌ နံနက် ၉ နာရီခန့်တွင် ဖြစ်ပွားခြင်းဖြစ်သည်။ တရားခံများသည် ပစ်ခတ်မှုတွင် ဒသမ ၃၈ နှင့် ၉ မီလီမီတာသေနတ်များကို အသုံးပြုခြင်းဖြစ်ကြောင်း တက်ကလိုဘန်ရဲတပ်ဖွဲ့မှူးကပြောသည်။

ပစ်ခတ်မှုအတွက် ဖမ်းဆီးရမိသူနှစ်ဦးအနက်တစ်ဦးမှာ အသက်မပြည့်သေးသည့် နဝမတန်းကျောင်းသားဖြစ်ပြီး ကျန်တစ်ဦးမှာမူ နောက်ပိုင်းတွင် အာဏာပိုင်များထံလာရောက်အဖမ်းခံခြင်းဖြစ်သည်။ လက်ရှိတွင် ကျောင်းသားများ၊ ဆရာများနှင့် မိဘများ၏လုံခြုံရေးအတွက်ကျောင်းဝင်းအတွင်း ရဲတပ်ဖွဲ့ဝင်များတိုးမြှင့်ချထားကြောင်းသိရသည်။

Ref: BP

# ရေပိုင်နက်အငြင်းပွားမှုဖြေရှင်းရန် ကမ္ဘောဒီးယား၏အဆိုပြုချက်ကို ထိုင်းလက်ခံ




ဘန်ကောက်၊ နိုင်ငံရေး

ထိုင်းနှင့် ကမ္ဘောဒီးယားတို့ကြား ကာလရှည်ကြာဖြစ်ပွားနေသည့် ရေပိုင်နက်အငြင်းပွားမှုကိုဖြေရှင်းရန် ကမ္ဘောဒီးယားနိုင်ငံ၏ အဆိုပြုချက်ဖြစ်သော ကုလသမဂ္ဂ ပင်လယ်ပြင်ဥပဒေဆိုင်ရာကွန်ဗင်းရှင်း (UNCLOS) အောက်ရှိ မဖြစ်မနေဖျန်ဖြေရေးလုပ်ငန်းစဉ်များသို့ ဝင်ရောက်ရန်အကြောင်းကြားစာကို ထိုင်းအစိုးရက တရားဝင်လက်ခံလိုက်ကြောင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနက ဇွန်လ ၂၂ ရက်တွင် ပြောသည်။

ထိုင်းအစိုးရသည် ယခုလုပ်ငန်းစဉ်ကို UNCLOS လမ်းညွှန်ချက်များအတိုင်း ထပ်တူကျနေသော ရေပိုင်နက်သတ်မှတ်ခြင်းကိစ္စတစ်ခုတည်းအတွက်သာသုံးရန် အဓိကရည်ရွယ်ထားကြောင်း ပြန်ကြားရေးဌာနယာယီညွှန်ကြားရေးမှူးချုပ် မာရာတီးနာလီတာအန်ဒါမိုကဆိုသည်။

အဆိုပါ ဖျန်ဖြေရေးလုပ်ငန်းစဉ်သည် ဥပဒေကြောင်းအရ စည်းနှောင်မှုမရှိသည့်အတွက် နှစ်နိုင်ငံကြားတွင် မူလကတည်းက အလေးထားသည့် နှစ်ဦးနှစ်ဖက် တိုက်ရိုက်ဆွေးနွေးပွဲများဆီသို့ ပြန်လည်ရောက်ရှိစေမည့် ယန္တရားတစ်ခုဖြစ်လာလိမ့်မည်ဟု ထိုင်းနိုင်ငံက ယူဆထားသည်။ UNCLOS လမ်းညွှန်ချက်များအရ ထိုင်းနိုင်ငံ၏ တုံ့ပြန်မှုအပြီး ရက် ၃၀ အတွင်း နှစ်နိုင်ငံစလုံးမှ ညှိနှိုင်းရေးမှူးလေးဦးက ကော်မရှင်ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်မည့်သူကိုရွေးချယ်ရမည်ဖြစ်ကြောင်းသိရသည်။

Ref: Xinhua

# ဗြိတိန်တွင် ရှားရှားပါးပါး အနီရောင်အဆင့် အပူချိန်သတိပေးချက်ထုတ်ပြန်

လန်ဒန်၊ ရာသီဥတု

ဗြိတိန်နိုင်ငံတွင် သမိုင်းတစ်လျှောက်စံချိန်တင် အလွန်အမင်းပူပြင်းမည့်အခြေအနေဖြစ်ပေါ်နိုင်ခြေ အလွန်များပြားသဖြင့် ဗြိတိန်အမျိုးသားမိုးလေဝသဌာနက ဇွန်လ ၂၄ ရက်နှင့် ၂၅ ရက်တို့အတွက် ရှားရှားပါးပါး အနီရောင်အဆင့် အပူချိန်သတိပေးချက်ကို ဇွန်လ ၂၂ ရက်တွင်ထုတ်ပြန်သည်။

အပူချိန်များသည် ဇွန်လ ၂၂ ရက်တွင် လျင်မြန်စွာမြင့်တက်လာပြီး အင်္ဂလန်နိုင်ငံတောင်ပိုင်း၌ ၃၄ ဒီဂရီစင်တီဂရိတ်အထိ ရှိလာနိုင်ကာ အချို့နေရာများတွင် မိုးသက်မုန်တိုင်းများ ရွာသွန်းနိုင်သည်။ ဇွန်လ ၂၃ ရက်တွင် အပူချိန်ပိုမိုပြင်းထန်လာနိုင်ကာ အင်္ဂလန်တောင်ပိုင်း၌ အပူချိန် ၃၇ ဒီဂရီစင်တီဂရိတ်နှင့် ဝေလအရှေ့တောင်ပိုင်း၌ ၃၅ ဒီဂရီစင်တီဂရိတ်အထိ အမြင့်ဆုံးရှိလာနိုင်သည်။ အပူလှိုင်း၏ အမြင့်ဆုံးကာလဖြစ်သော ဇွန်လ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် အပူချိန်မှာ အနည်းဆုံး ၃၉ ဒီဂရီစင်တီဂရိတ်နှင့် အထက်မြင့်တက်နိုင်ကြောင်း မိုးလေဝသဌာနကထုတ်ပြန်ထားသည်။

ဗြိတိန်နိုင်ငံ၏ ဇွန်လအတွက် အမြင့်ဆုံးစံချိန်တင်အပူချိန်မှာ ၃၅ ဒသမ ၆ ဒီဂရီစင်တီဂရိတ်ဖြစ်ပြီး ယခုအခါ အဆိုပါစံချိန်ကိုချိုးဖျက်နိုင်မည့်အလားအလာရှိနေခြင်းဖြစ်သည်။ အနီရောင်အဆင့်သတိပေးချက်ကို အပြင်းထန်ဆုံးအခြေအနေအတွက်သာသတ်မှတ်ထားခြင်းဖြစ်ပြီး ယခုအပူလှိုင်းကြောင့် ကျန်းမာရေးထိခိုက်မှုများ ပြင်းထန်စွာဖြစ်ပွားနိုင်ကြောင်းသိရသည်။

Ref: Xinhua



# အီရန်စစ်ပွဲကပြသလိုက်တဲ့ ကမ္ဘာ့နိုင်ငံရေးအမှန်တရားတစ်ခု



ခေတ်ပြိုင် နိုင်ငံတကာဆက်ဆံရေးသမိုင်းမှာသာမက တက္ကသိုလ်တွေက ပြဋ္ဌာန်းစာအုပ်တွေထဲမှာ အမေရိကန်နဲ့ အစ္စရေးတို့ပူးပေါင်းပြီး အီရန်အပေါ် ဆင်နွှဲခဲ့တဲ့စစ်ပွဲဟာ သေချာပေါက် အရေးပါတဲ့အခန်းကဏ္ဍကနေ ပါဝင်လာမှာဖြစ်ပါတယ်။ ဒါဟာ မိမိတို့အရင်က သိရှိနားလည်ထားခဲ့တဲ့ အင်အားကြီးနိုင်ငံတွေရဲ့အင်အားနဲ့ပတ်သက်တဲ့ အယူအဆတွေကို လုံးဝပြောင်းပြန်လှန်ပစ်လိုက်တာမျိုးတော့ မဟုတ်ပါဘူး။ တကယ်တော့ အင်အားကိုအသုံးပြုပုံ၊ အသုံးပြုနည်းနဲ့ အင်အားရဲ့ သဘောသဘာဝတွေ ကမ္ဘာကြီးမှာ ဘယ်လိုမျိုးအသွင်ကူးပြောင်းလာနေပြီလဲဆိုတာကို လက်တွေ့ပြသလိုက်လို့ပဲ ဖြစ်ပါတယ်။

နိုင်ငံအချင်းချင်း ဆက်ဆံရေးမှာ ရှေးရိုးစဉ်လာအရ ချဉ်းကပ်မှုတွေ၊ အင်အားချိန်ခွင်လျှာညှိတာတွေစတာတွေဟာ အခုထက်ထိ အရေးပါတုန်းပဲဆိုတာ ငြင်းလို့မရပါဘူး။ စစ်ရေးအရ အသာစီးရမှုဟာလည်း အရေးကြီးနေတုန်းပါပဲ။ ဒါပေမဲ့ ခေတ်သစ်ကာလမှာ စစ်ရေးအင်အားသုံးပြီး ခြိမ်းခြောက်အကျပ်ကိုင်ခြင်းမျိုးက အရင်လိုကိုယ်လိုချင်တဲ့ရလဒ်ကို ဖြောင့်ဖြောင့်တန်းတန်းထွက်မလာစေတော့ပါဘူး။ စစ်ရေးနည်းအရ အင်အားသုံးတိုက်ခိုက်တာတင်မကဘဲ စီးပွားရေးအရပိတ်ဆို့အရေးယူတာ အခြားနည်းလမ်းမျိုးစုံနဲ့ ဖိအားပေးတာတွေမှာပါ ရလဒ်ကိုကြိုတင်ခန့်မှန်းရခက်ခဲလာတာကို ဒီစစ်ပွဲကသက်သေပြနေပါတယ်။

ဒီလိုအင်အားသုံးရာမှာ တွက်ချက်မှုအမှားတွေနဲ့ အလွယ်တကူရရှိမယ်လို့ထင်ထားခဲ့တဲ့ အောင်ပွဲတွေအကြောင်းကို ပကတိမြေပြင်အခြေအနေတွေက တစ်ဆင့်ရှင်းရှင်းလင်းလင်းမြင်တွေ့နိုင်ပါတယ်။ ပတ်ဝန်းကျင်ရဲ့နိုင်ငံရေးဝါဒဖြန့်စကားလုံးတွေ၊ ပြည်တွင်းနိုင်ငံရေးအရ အသံကောင်းဟစ်နေတာတွေကိုခွာချပြီး ပကတိအရှိတရားကို ကြည့်ကြည့်မယ်ဆိုရင် အခင်းအကျင်းက ရှင်းရှင်းလေးပဲဖြစ်ပါတယ်။

စစ်ရေး၊ စီးပွားရေး စတဲ့ကဏ္ဍစုံမှာ အပြတ်အသတ်သာလွန်နေတဲ့ အမေရိကန်၊ အစ္စရေးနဲ့ ပင်လယ်ကွေ့အာရပ်နိုင်ငံတွေပါဝင်တဲ့ မဟာမိတ်အုပ်စုဟာ စစ်ရေးအင်အားအရ သိသိသာသာအားနည်းတဲ့ အီရန်နဲ့ သူ့ရဲ့ဒေသတွင်း မဟာမိတ်အုပ်စုတွေကို စစ်ကြေညာပြီး တိုက်ခိုက်ကြပါတယ်။ ဒီနေရာမှာ အီရန်နိုင်ငံအနေနဲ့ ရုရှားနိုင်ငံနဲ့ တရုတ်နိုင်ငံတို့ဆီကနေ အကန့်အသတ်ရှိတဲ့ ထောက်ပံ့မှုမျှလောက်ကိုသာရရှိခဲ့တာပါ။ ဒီလိုအခြေအနေမျိုးမှာတောင် အမေရိကန်ဦးဆောင်တဲ့ အင်အားကြီးမဟာမိတ်အုပ်စုဟာ သူတို့ချမှတ်ထားတဲ့ စစ်ရေးရည်မှန်းချက်တွေကို အောင်မြင်အောင် မဖော်ဆောင်နိုင်ခဲ့ပါဘူး။

သူတို့ရဲ့ မူလရည်ရွယ်ချက်ကတော့ ရှင်းပါတယ်။ ပြင်ပက ပိတ်ဆို့မှုတွေနဲ့ ပြည်တွင်းမှာဖြစ်ပွားနေတဲ့ မတည်ငြိမ်မှုတွေကြောင့် အားနည်းနေပြီလို့ ယူဆရတဲ့ အီရန်အစိုးရကို လျင်လျင်မြန်မြန်နဲ့ ပြတ်ပြတ်သားသား အလဲထိုးပစ်ဖို့ပဲဖြစ်ပါတယ်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တောင်းဆိုတဲ့ "သတ်မှတ်ချက်မရှိ လက်နက်ချရေး" ဆိုတဲ့စကားလုံးဟာ ထိုစဉ်က မဟာမိတ်အုပ်စုရဲ့ စိတ်ဓာတ်နဲ့ မျှော်လင့်ချက်ကို အတိုင်းသား ပြသနေပါတယ်။ အမေရိကန်နဲ့ အီရန်တို့ဘက်က ဖိအားတွေ အပြင်းအထန်ပေးလိုက်ရင် အီရန်အစိုးရဟာ ဒူးထောက်အညံ့ခံလာလိမ့်မယ်လို့ အပိုင်တွက်ခဲ့ကြတာဖြစ်ပါတယ်။

ဒါပေမဲ့ တကယ်တမ်း လက်တွေ့မှာတော့ သူတို့တွက်ကိန်းတွေနဲ့ ပြောင်းပြန်ဖြစ်သွားတာကိုတွေ့ခဲ့ရပြီလို့ထင်ပါတယ်။ စစ်အင်အားချင်းမမျှတအောင်သာလွန်တဲ့တိုက်ခိုက်မှုတွေကို ရင်ဆိုင်ရတဲ့အခါမှာ အီရန်ဘက်က မျှော်လင့်မထားနိုင်လောက်အောင် မြင့်မားတဲ့ ကြံ့ကြံ့ခံနိုင်စွမ်းကိုပြသခဲ့ပါတယ်။ စစ်ပွဲအစမှာ အီရန်ရဲ့ အဓိကထိပ်ပိုင်းခေါင်းဆောင်တွေကို ပစ်မှတ်ထားလုပ်ကြံတဲ့စစ်ဆင်ရေးတွေလုပ်ခဲ့ပေမယ့်လည်း အီရန်အစိုးရရဲ့ တပ်မတော်ဟာပြိုလဲသွားခြင်း မရှိခဲ့ပါဘူး။ သူတို့ဟာ အချိန်တိုအတွင်းမှာ အင်အားတွေကိုပြန်လည်စုဖွဲ့၊ စစ်အင်အားတွေကို လှုံ့ဆော်စည်းရုံးခဲ့ကြပါတယ်။ အဆိုးဆုံးကတော့ မူလတုန်းက သူတို့ကိုယ်သူတို့ ထိန်းချုပ်ကန့်သတ်ထားတဲ့ စစ်ရေးစည်းမျဉ်းတွေကို ဘေးဖယ်ထားပြီး အပြင်းအထန် ပြန်လည်တုံ့ပြန်ပါတော့တယ်။

ဒီနေရာမှာပဲ ခေတ်သစ်စစ်ပွဲတွေရဲ့ ထူးခြားချက်တစ်ခုဖြစ်တဲ့ အချိုးမညီတုံ့ပြန်မှုနည်းလမ်းပေါ်ထွက်လာတာဖြစ်ပါတယ်။ အီရန်နိုင်ငံဟာ ထိပ်တိုက်ရင်ဆိုင်ရတဲ့ စစ်ဘက်ရေးရာကဏ္ဍတွေမှာ အမေရိကန်နဲ့ အစ္စရေးကို မယှဉ်နိုင်တာအမှန်ပဲဖြစ်ပါတယ်။ ဒါပေမဲ့ ယှဉ်ဖို့လည်းမလိုပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့မှာ ရှိစုမဲ့စုရှိနေတဲ့ လက်နက်ကိရိယာတွေကိုသုံးပြီး ရန်သူ့ရဲ့အားသာချက်တွေကို ပြန်လည်ချေဖျက်ပစ်နိုင်မယ့် နည်းလမ်းတွေကို ထိရောက်မှုရှိစွာ အသုံးချသွားနိုင်ခဲ့လို့ပဲဖြစ်ပါတယ်။

အီရန်အစိုးရရဲ့အချိုးမညီတုံ့ပြန်မှုတွေကို အဓိကအချက်လေးချက်နဲ့ ခွဲခြားကြည့်နိုင်ပါတယ်။ အဲဒါတွေကတော့ ဟော်မုဇရေလက်ကြားကိုပိတ်လိုက်ခြင်း၊ ကွန်ရက်ချိတ်ဆက်တိုက်ခိုက်ခြင်း၊ ဒုံးကျည်နှင့်ဒရုန်းအမြောက်အမြားအသုံးပြုခြင်း၊ ထိခိုက်မှုခံနိုင်စွမ်းမြင့်မားခြင်းတို့ပဲဖြစ်ပါတယ်။ ပထမအချက်အနေနဲ့ အီရန်က ကမ္ဘာ့ရေနံသယ်ယူပို့ဆောင်ရေးအတွက် မဟာဗျူဟာကျတဲ့ ဟော်မုဇရေလက်ကြားကို ပိတ်ပစ်လိုက်တာဖြစ်ပါတယ်။ ဒါဟာ အီရန်အနေနဲ့ နှစ်ပေါင်းများစွာကြာအောင် ခြိမ်းခြောက်မှုပဲလုပ်ပြီး ဘယ်တုန်းကမှ လက်တွေ့မလုပ်ရဲတဲ့ကိစ္စမျိုးဖြစ်ပါတယ်။ ဒါကို စစ်ပွဲအတွင်းမှာ ဝံ့ဝံ့စားစား လုပ်ပြခဲ့ပါတယ်။

ဒုတိယအချက်အနေနဲ့ အီရန်နိုင်ငံက ဒေသတွင်းမှာရှိတဲ့ အမေရိကန်စစ်အခြေစိုက်စခန်းတွေကိုသာမကဘဲ အမေရိကန်ရဲ့ အဓိကမဟာမိတ်နိုင်ငံတွေရဲ့ စီးပွားရေးနဲ့ ရေနံအခြေခံအဆောက်အအုံတွေကိုပါ ပစ်မှတ်ထား တိုက်ခိုက်ခဲ့တာဖြစ်ပါတယ်။ တတိယအချက်အနေနဲ့ အီရန်မှာသိုလှောင်ထားတဲ့ ဒုံးကျည်နဲ့ ဒရုန်းလက်နက်တွေဟာ အမေရိကန်နဲ့ အစ္စရေးတို့ရဲ့ အဆင့်မြင့်နည်းပညာသုံး လက်နက်တွေနဲ့ယှဉ်ရင် အရည်အသွေးပိုင်း အားနည်းနိုင်ပေမယ့်အရေအတွက်အားဖြင့် အလွန်အမင်းများပြားပါတယ်။ ဒီလက်နက်တွေဟာ စစ်ပွဲဒဏ်ကို ရေရှည်မခံစားဖူးတဲ့ သို့မဟုတ် အကြီးအကျယ်မထိခိုက်ဖူးတဲ့ အိမ်နီးချင်းမဟာမိတ်နိုင်ငံတွေကို အပြင်းအထန်နာကျင်အောင်လုပ်နိုင်တဲ့အထိ လုံလောက်ခဲ့ပါတယ်။ စတုတ္ထအချက်အနေနဲ့ကတော့ အီရန်ပြည်သူတွေဟာ နှစ်ပေါင်းများစွာ စီးပွားရေးပိတ်ဆို့မှုဒဏ်ကို ခံစားလာရတာကြောင့် စစ်ပွဲကြောင့်ဖြစ်လာတဲ့ ပျက်စီးဆုံးရှုံးမှုနဲ့ နာကျင်မှုတွေကို ရန်သူတွေထက်ပိုပြီး ခံနိုင်ရည်ရှိကြောင်း ပြသနိုင်ခဲ့ပါတယ်။

ပြီးခဲ့တဲ့နှစ်အနည်းငယ်အတွင်းမှာ ဖြစ်ပျက်ခဲ့တဲ့ အတွေ့အကြုံတွေအရ စစ်ရေးအင်အားသုံးပြီး နိုင်ငံရေးရည်မှန်းချက်တွေကို အောင်မြင်အောင်လုပ်နိုင်မယ့်အခွင့်အလမ်းက တဖြည်းဖြည်းနဲ့ကျဉ်းမြောင်းလာနေပြီဆိုတာထင်ရှားပါတယ်။ အားနည်းတဲ့နိုင်ငံတွေဘက်က ပြန်လည်တွန်းလှန်နိုင်စွမ်း ပိုမိုမြင့်မားလာပြီး အင်အားကြီးနိုင်ငံတွေဘက်ကတော့ စစ်ပွဲကြောင့်ဖြစ်လာမယ့်စွန့်စားရမှုတွေ၊ အဓိကအားဖြင့် ပြည်တွင်းတည်ငြိမ်မှုကိုထိခိုက်မယ့် ဘေးအန္တရာယ်ကိုရင်ဆိုင်လိုစိတ် တဖြည်းဖြည်းနည်းပါးလာတာတွေ့ရမှာဖြစ်ပါတယ်။ ဒီအခြေအနေမျိုးကို ကမ္ဘာ့နေရာအနှံ့အပြားရှိပဋိပက္ခတွေမှာတွေ့ရတတ်ပေမယ့်အရှေ့အလယ်ပိုင်းဒေသမှာ အထင်အရှားပိုမြင်တွေ့နေရပါတယ်။

ရှေ့လျှောက်ဘာတွေဆက်ဖြစ်မလဲဆိုတာပြောဖို့စောလွန်းသေးပေမယ့် ထရမ့်ရဲ့ ပထမအကြိမ်သမ္မတသက်တမ်းကတည်းကတည်ဆောက်လာခဲ့တဲ့ အရှေ့အလယ်ပိုင်း မဟာဗျူဟာမြောက် အခင်းအကျင်းကြီးတစ်ခုလုံးကတော့ အကြီးအကျယ်လှုပ်ခတ်သွားပါပြီ။ အဲဒီအခင်းအကျင်းဟာ အစ္စရေးနဲ့ အာရပ်အိမ်နီးချင်းနိုင်ငံတွေ၊ အထူးသဖြင့် ချမ်းသာတဲ့ ပင်လယ်ကွေ့နိုင်ငံတွေကြား စီးပွားရေး၊ နည်းပညာပူးပေါင်းဆောင်ရွက်မှုတွေကတစ်ဆင့် ပုံမှန်ဆက်ဆံရေး ထူထောင်ပြီး အီရန်နဲ့ သူ့ရဲ့ မဟာမိတ်အုပ်စုတွေကိုတော့ အထီးကျန်ဖြစ်အောင် ဘေးဖယ်ထားမယ့် ဗျူဟာပေါ်မှာ အခြေခံထားတာဖြစ်ပါတယ်။ ဒါ့အပြင် အရှေ့အလယ်ပိုင်းဒေသကို အစ္စရေးရဲ့ စစ်ရေးအသာစီးရမှုအခြေအနေမှာ အမေရိကန်ရဲ့ထီးရိပ်နဲ့ ရေရှည်တည်ငြိမ်အောင်ပုံဖော်ဖို့ ရည်ရွယ်ခဲ့တာပါ။ ဒါပေမဲ့ အီရန်ကို ဒီကဏ္ဍကနေဖယ်ထုတ်ဖို့ကြိုးစားမှု မအောင်မြင်တဲ့အခါမှာတော့ အဲဒီစီမံကိန်းကြီးတစ်ခုလုံး လမ်းချော်သွားခဲ့ရပါတယ်။

အီရန်နိုင်ငံကခံစားခဲ့ရတဲ့ ပျက်စီးဆုံးရှုံးမှုတွေကို လျှော့တွက်လို့မရပေမယ့်လည်း အရှေ့အလယ်ပိုင်းရဲ့ အင်အားချိန်ခွင်လျှာဟာ အီရန်ဘက်ကိုယိမ်းသွားနေပြီ ဖြစ်ပါတယ်။ အခုဆိုရင် အစ္စရေးနိုင်ငံရဲ့လုပ်ရပ်တွေကြောင့်ပဲ အီရန်ခေါင်းဆောင်မှုပိုင်းမှာ မျိုးဆက်သစ်လူငယ်တွေ အစားထိုးနေရာရလာပါတယ်။ အဲဒီမျိုးဆက်သစ်ခေါင်းဆောင်တွေက လက်ရှိရရှိထားတဲ့ အခွင့်အရေးကို ဘယ်လိုအသုံးချမလဲဆိုတဲ့အပေါ်မှာ အရှေ့အလယ်ပိုင်းအရေးတည်ငြိမ်မှုက များစွာမူတည်နေပါတယ်။ ဒေသတွင်းမှာ တည်ငြိမ်တဲ့စနစ်တစ်ခုမပေါ်ပေါက်လာသရွေ့ နောက်ထပ်စစ်မီးတွေ ထပ်မံတောက်လောင်လာနိုင်မယ့် အန္တရာယ်ရှိနေဆဲဖြစ်ပါတယ်။

ဒီနေရာမှာသင်ခန်းစာတစ်ခုကတော့ ရှင်းရှင်းလင်းလင်းထွက်ပေါ်လာပြီပဲဖြစ်ပါတယ်။ အင်အားအပြတ်အသတ်သာလွန်ရုံနဲ့ မိမိလိုချင်တဲ့ နိုင်ငံရေးရလဒ်ကိုပုံသေရရှိနိုင်တဲ့ခေတ်ဟာ ကုန်ဆုံးသွားခဲ့ပါပြီ။ စစ်ပွဲတွေကပိုရှုပ်ထွေးလာပြီး နောက်ဆက်တွဲရလဒ်တွေကို ထိန်းချုပ်ဖို့ခက်ခဲလာသလို၊ ထွက်လာမယ့်ရလဒ်တွေဟာလည်း တွက်ချက်ထားသလို အတိအကျဖြစ်မလာတော့ပါဘူး။ အမေရိကန်နဲ့ အစ္စရေးတို့မှာ ကမ္ဘာ့ဖျက်နိုင်လောက်တဲ့ စစ်ရေးအင်အားတွေ ရှိနေနိုင်သေးတာမှန်ပေမယ့် အီရန်က သက်သေပြလိုက်တာကတော့ အဲဒီအင်အားတွေဟာ စစ်ပွဲတစ်ခုမှာ အောင်ပွဲရဖို့အတွက် အာမခံချက်မပေးနိုင်တော့ဘူးဆိုတာပဲဖြစ်ပါတယ်။ **Ref: ST**

**ထက်မြတ်**

FIFA

# အများသိစေရန် အသိပေးကြေညာခြင်း

TV360 by mytel

TV360 by Mytel သည် FIFA World Cup 2026 ပြိုင်ပွဲ၏ တရားဝင်သီးသန့် ထုတ်လွှင့်ပြသခွင့်မူပိုင်ခွင့် (Official Exclusive Broadcasting Rights) ကို မြန်မာနိုင်ငံအတွင်း ဥပဒေနှင့်အညီ ရရှိထားသည့် တစ်ဦးတည်းသော တရားဝင်မီဒီယာပလက်ဖောင်း ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ TV360 by Mytel ၏ ခွင့်ပြုချက်မရှိဘဲ FIFA World Cup 2026 နှင့် သက်ဆိုင်သည့် မည်သည့်အကြောင်းအရာကိုမဆို ကူးယူခြင်း၊ မျှဝေခြင်း၊ မှတ်တမ်းတင်ခြင်း၊ ပြန်လည်ထုတ်လွှင့်ခြင်း၊ ပြန်လည်တင်ပြခြင်း (Re-uploading)၊ ဖြန့်ဝေခြင်း၊ တိုက်ရိုက်ထုတ် လွှင့်ခြင်း (Live streaming)၊ ပွားယူခြင်း၊ လူထုအား ပြသခြင်း၊ အများပြည်သူကြည့်ရှုရန် စီစဉ်ခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်း၊ ပြန်လည်ကူးယူ ထုတ်လွှင့်ခြင်း၊ ဆက်သွယ်ဖော်ပြခြင်း သို့မဟုတ် စီးပွားဖြစ် ပြုလုပ်သုံးစွဲခြင်းများအား တင်းကျပ်စွာ တားမြစ်ထားပါသည်။

